သာယာမည်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

# မြန်မာ့အလင်း

ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။
ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

■ အတွဲ [၅၅]
အမှတ် [၁၀၉]

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက် [17-1-2016]

MYANMA ALINN SUNDAY ISSUE


# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မေတ္တာနန္ဒဆေးရုံဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ယက္ကန်းစင်တောင်ဒေသရှိ မေတ္တာနန္ဒ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမူန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဒေါက်တာသန်းအောင်၊ ဦးစိုးဝင်း၊ ဦးရဲထွဋ်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသထံမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❐






## တိုက်နယ်ဆေးရုံဖွင့်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မေတ္တာနန္ဒ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

## တနင်္ဂနွေ ဖတ်စရာများ


ရန်ကုန်မြို့ပြအမွေအနှစ်များရဲ့ရာဇဝင်
နှစ်ပေါင်း ၁၀၀ တိုင် တာဝန်ကျေပွန်ခဲ့သည့် ကမ်းနားလမ်းမှ အကောက်ခွန်ရုံးကြီး — စာ - ၁၅

မြန်မာစာ မြန်မာစကား
အကောင်းဆုံးဆန်က ဆရာစံ — စာ - ၁၇

ခရီးသွားဆောင်းပါး
ဇီဝဂိုးငှက်လေးများ၏အိမ်နှင့် အသည်းပုံရေကန်ရှိရာ ကြက်မောက်ကျွန်းဆီသို့ — စာ - ၁၆

သတင်းဆောင်းပါး
အဖျောက်မြို့ရှိ အံ့ဖွယ်ကျောက်စာအုပ်ကြီးများဆီသို့ ခရီးတစ်ခေါက် — စာ - ၁၈





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# စကားအရာကျွမ်းကျင်လိမ္မာ

လူတစ်ဦးနှင့်တစ်ဦး ဆက်ဆံပြောဆိုရာတွင် စကားအတတ်ပညာ လိမ္မာပါးနပ်မှုသည် အလွန်ပင်အရေးကြီး၏။ အဘယ့်ကြောင့်ဟူမူ စကားအရာကျွမ်းကျင်မှုသည် အောင်မြင်ခြင်းအကြောင်းတရားပေတည်း။ စကားသည် အတတ်ပညာတစ်ရပ်လည်းဖြစ်၏။ ဤအတတ်ပညာကို ကောင်းစွာအသုံးချတတ်ခြင်းပင် လုပ်ကိုင်ဆောင်ရွက်သော အမှုကိစ္စတို့ အောင်မြင်ပြီးမြောက်နိုင်စွမ်းရှိ၏။

သို့သော် စကားအရာကျွမ်းကျင်သူကား ရှား၏။ ကာလဒေသကိုမသိခြင်း၊ အမှန်ကိုမဆိုတတ်ခြင်း၊ ခက်ထန်စွာပြောဆိုခြင်း၊ အကျိုးမဲ့ပြောဆိုခြင်း၊ ဒေါသနှင့်ပြောဆိုခြင်းတို့ကြောင့် အကျိုးစီးပွားပျက်စီးတတ်၏။ ကာလဒေသအခြေအနေအချိန်အခါကို သိခြင်း၊ အမှန်တရားကိုသာ ပြောဆိုခြင်း၊ ချိုသာစွာပြောဆိုခြင်း၊ အကျိုးရှိစွာပြောဆိုခြင်း၊ မေတ္တာရှေ့ထားပြောဆိုခြင်းတို့သာလျှင် အကျိုးစီးပွားကို တိုးပွားစေနိုင်သော အကြောင်းပင်ဖြစ်၏။

ထို့ကြောင့် စကားအရာနှင့်စပ်လျဉ်း၍ အင်္ဂါငါးတန်ရှိကြောင်း၊ အင်္ဂုတ္တိုရ်ပါဠိတော် ဒုတိယတွဲ-၁၇၂၌ ဤသို့ဆိုထားလေ၏။ "ကာလ" ပြောသင့်သောအခါမှ ပြောရာ၏။ အချိန်မတန်လျှင် မပြောဆိုရာ။ "သစ္စ" အမှန်ကိုသာ ပြောဆိုရာ၏။ မမှန်မကန်လုပ်ကြံမပြောဆိုရာ။ "သဏှ" နူးညံ့ချိုသာသောစကားကိုသာ ပြောဆိုရာ၏။ ခက်ထန်ရင့်သီးသောစကားကိုမပြောဆိုရာ။ "အတ္ထသံဟိတ" အကျိုးစီးပွားဖြစ်မည့်စကားကိုသာ ပြောဆိုရာ၏။ အကျိုးယုတ်စေမည့် စကားကိုမပြောဆိုရာ။ "မေတ္တာစိတ္တ" မေတ္တာရှေ့ထားပြောဆိုရာ၏။ ဒေါသမောင်းတင်၍ မပြောဆိုရာ။

ဤသို့စကားအရာ အင်္ဂါငါးတန်နှင့်အညီ ပြောဆိုခြင်းကသည်ပင်လျှင် ပညာရှိတို့ပြောဆိုလေ့ရှိသော စကားပင်ဖြစ်၏။ သို့သော် ဤသို့စကားအရာအင်္ဂါငါးတန်နှင့် ပြည့်စုံသောစကားကို လူတိုင်းပင် ကျင့်ကြံပြောဆိုနိုင်၏။ ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ ရာထူးရှိခြင်း၊ မရှိခြင်း၊ ပညာတတ်ခြင်း၊ မတတ်ခြင်းတို့နှင့် မသက်ဆိုင်ပေ။ ဆင်းရဲသည်ဖြစ်စေ၊ ပညာမတတ်သည်ဖြစ်စေ၊ ဘွဲ့ထူးဂုဏ်ဒြပ်တို့မရှိသည်ဖြစ်စေ ဤအင်္ဂုတ္တိုရ်ပါဠိတော်လာရှိသည့်အတိုင်း စကားအရာ၌ ကျင့်ကြံပြောဆိုတတ်ကြမည်ဆိုလျှင် များစွာအကျိုးစီးပွားတိုးပွားနိုင်ပေ၏။

ဤနေရာတွင် အပြောကောင်းခြင်းသည် စကားအရာကျွမ်းကျင်သည်ဟု မဆိုသာ။ အကြောင်းမူကား အပြောကောင်းသူတို့ ပြောဆိုအပ်သော စကားများတွင် မုသားစကားမပါဟု မဆိုနိုင်။ အမှန်တရားပါဟူ၍လည်း ဘုရားရှင်မှတစ်ပါး မည်သူမျှမသိနိုင်။ ထို့ကြောင့် အပြောအဆိုကောင်းခြင်းသည် စကားအရာအင်္ဂါငါးတန်နှင့် ပြည့်စုံသူဟူ၍ မဆိုအပ်ပေ။

သို့ဖြစ်၍ ကြီးငယ်မဟူ လူတိုင်းလူတိုင်း ပစ္စုပ္ပန်တွင်လည်း အကျိုးရှိ၊ သံသရာလည်းကောင်းနိုင်မည့် စကားအရာ အင်္ဂါငါးတန်နှင့်အညီ "သတိ"လက်ယာ၊ "ပညာ" လက်ဝဲ ယှဉ်အမြဲနှင့် ပြောဆိုခြင်းအလေ့အထကို ကျွမ်းကျင်မှုရှိအောင် ရှင်သန်စွာ မွေးမြူအပ်ပေကြောင်း။ ။

## စာအုပ်စာပေ လူ့မိတ်ဆွေ


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# ပြည်ထောင်စုတရားသူကြီးချုပ်၏မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းခြင်းနှင့် စာတမ်းဖတ်ပွဲကျင်းပ

**ဘားအံ ဇန်နဝါရီ ၁၆**

နေပြည်တော်တွင် ဇန်နဝါရီ ၇ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ် နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ၏ ဒသမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံရှင်းလင်းခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်က ဘားအံမြို့ ကရင်ပြည်နယ် တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ် ဦးစောစံလင်းက ပြည်ထောင်စုတရားသူကြီးချုပ်၏ တရားစီရင်ရေးဆိုင်ရာ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးများက တရားစီရင်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ပြည်နယ်တရားရေးဦးစီးမှူးက တရားရုံးစီမံခန့်ခွဲရေး လုပ်ငန်းဆိုင်ရာများကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထို့နောက် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ဘားအံခရိုင် တရားသူကြီး ဒေါ်ယဉ်ယဉ်ဟန်က "တရားရေးအရာရှိများ၊ တရားရုံးဝန်ထမ်းများ၏ တစ်ဦးချင်းအရည်အသွေး မြှင့်တင်ရေးနှင့် စိတ်ဓာတ်ပြုပြင်ပြောင်းလဲရေး" ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားခဲ့ပြီး တက်ရောက်လာကြသည့် တရားရေးအရာရှိများက သိလိုသည်များမေးမြန်းခြင်း၊ စာတမ်းရှင်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# လူကူးခုံးကျော်တံတားအမိုးတပ်ဆင်ပေးရန် မျှော်လင့်

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်အတွင်းရှိ လှည်းတန်းလမ်းဆုံနေရာသည် လူဦးရေ ထူထပ်များပြားစွာ သွားလာသောနေရာများထဲတွင် တစ်ခုအပါအဝင် ဖြစ်သည်။

ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းနှင့်တံတားအင်ဂျင်နီယာဌာနမှ လူကူးခုံးကျော်တံတားများကို တည်ဆောက်ပေးလျက်ရှိရာ အင်းစိန်လမ်းမပေါ်ရှိ လှည်းတန်းမှတ်တိုင်အနီးတွင် တည်ဆောက်ထားသော လူကူးခုံးကျော်တံတားမှာ ပြီးစီးသွားပြီဖြစ်သဖြင့် ပြည်သူများ ဖြတ်သန်းသွားနိုင်ပြီဖြစ်သည်။

အဆိုပါ တံတားသည် အတက်အဆင်း လှေကားလေးစင်းပါဝင်သည့်အတွက် ပြည်သူများဖြတ်သန်းသွားလာနိုင်သော်လည်း တံတားတွင် အမိုးများမတပ်ဆင်နိုင်သေးခြင်းကြောင့် နေပူမိုးရွာစသော ရာသီဥတုဒဏ်ကို ခံနေကြရသည်။

ထို့ကြောင့် လှည်းတန်း-အင်းစိန်လမ်းမတွင် တည်ဆောက်ထားသော ခုံးကျော်တံတားကိုလည်း အမိုးများ တပ်ဆင်ပေးနိုင်ရန်အတွက် တံတားပေါ်မှ နေ့စဉ်ဖြတ်သန်းသွားလာနေကြသော ခရီးသွားပြည်သူများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

ထင်သာမြင်သာပြုပြင်စရာ






# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသဘင်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၆**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) (၃၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်က ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ သွားဘက်ဆိုင်ရာ ဆေးလက်တွေ့ပါရဂူဘွဲ့ရရှိသူသုံးဦး၊ သွားဘက်ဆိုင်ရာ ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ရရှိသူ တစ်ဦး၊ သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိသူ ရှစ်ဦး၊ အထွေထွေသွားရောဂါကုဒီပလိုမာဘွဲ့ရရှိသူ ရှစ်ဦး၊ သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရရှိသူ ၁၀၃ ဦး စုစုပေါင်း ၁၂၃ ဦးအား သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာရွှေတိုးက ဘွဲ့များအပ်နှင်းခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ရွှေတောင် ဇန်နဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရွှေတောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦး ဦးဆောင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ရွှေတောင်မြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို ဇန်နဝါရီ ၁၄ ရက်က ရွှေတောင်မြို့မဈေးကြီးအတွင်း ပြုလုပ်ခဲ့ကြောင်းသိရသည်။ **(၁၀၅)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း    ၁၆-၁-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၇၀ / ၆၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၁၀ / ၆၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၁၀ / ၇၃၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၁၀ / ၆၆၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၆၅၀ / ၆၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၉၀ / ၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၂၀ / ၉၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၀၀ / ၇၁၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၇၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၆၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၉၉ |
| ဥရောပ | တစ်ယူရို | ၁၄၁၄.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၃.၁၆ |
| ထိုင်း | တစ်ဘတ် | ၃၅.၉၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၄၀ |
| တရုတ် | တစ်ယွမ် | ၁၉၇.၅၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၅.၀၉ |

ခင်ရတနာ-စုစည်းသည်။

❖ *ကျောဖုံးမှ*

ဆက်လက်ကျင်းပမည့် ညီလာခံများတွင် ပိုမိုကောင်းမွန်သည့် ဆွေးနွေးမှုများ၊ သဘောတူညီချက်များနှင့် ရလဒ်ကောင်းများကို ဆောင်ကြဉ်းပေးနိုင်မည်ဟု မျှော်လင့်မိပါကြောင်း၊ မိမိတို့ အမျိုးသားအင်အားစုအားလုံး အတူတကွ ကြိုးပမ်းခဲ့ကြသည့် ဖြစ်စဉ်မှာ အောင်မြင်စွာဖြင့် စတင်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍငါးခုတို့မှ ကဏ္ဍအလိုက် ပြုစုထားသော ဆွေးနွေးချက်များကို အစုအဖွဲ့ ခုနစ်ဖွဲ့မှ ကိုယ်စားလှယ် ၁၅ ဦးတို့က ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံသို့ ကဏ္ဍငါးခုနှင့်စပ်လျဉ်း၍အစုအဖွဲ့ အသီးသီးက တင်ပြထားသော ဆွေးနွေးချက် စုစည်းမှု မှတ်တမ်းများကို ညီလာခံ၏ အတည်ပြုချက် ရယူသည်။

ယင်းနောက် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အတွင်းရေးမှူးအဖွဲ့ဝင် ဦးလှမောင်ရွှေ၊ ဗိုလ်ချုပ်မြင့်နွယ်၊ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ ဦးခက်ထိန်နန်တို့က အဆိုပြုချက်လေးချက်ကို တင်သွင်းကြပြီး ညီလာခံ၏ အတည်ပြုချက် ရယူသည်။

ယင်းနောက် ညီလာခံဆွေးနွေးမှု စုစည်းချက်များကို ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း၊ ပဒိုစောကွယ်ထူးဝင်း၊ ဦးသုဝေတို့က ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းထံ လွှဲပြောင်းအပ်နှံသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကား ပြောကြားရာတွင် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခ ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး အတွက် NCA စာချုပ် ချုပ်ဆိုလက်မှတ်ရေးထိုးပြီး နိုင်ငံရေးကဏ္ဍ ဆွေးနွေးမှုအပါအဝင် ကဏ္ဍကြီးငါးရပ်၏ ဆွေးနွေးမှုကို ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ဒီမိုကရေစီခေတ်ကို ပြောင်းလဲရန် ကြိုးပမ်းလျှောက်လှမ်းနေသည့် ကာလတွင် အမြင်ချင်း၊ သဘောထားချင်း မတူညီသော်လည်း တိုးတက်ရရှိလာသည့် ယုံကြည်မှုများကြောင့် ယခုကဲ့သို့ ငြိမ်းချမ်းစွာ အမြင်ချင်း ဖလှယ်လာကြခြင်း ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေး ကြိုးပမ်းမှုဖြစ်စဉ်ကို နိုင်ငံတကာ ဖြစ်စဉ် အတွေ့အကြုံများနှင့် နှိုင်းယှဉ်ကြည့်ပါက နိုင်ငံရေးအသွင်ကူးပြောင်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှု ဖြစ်စဉ်များသည် တိုတောင်းလှသည့် အချိန်ကာလ တစ်ခုအတွင်း များစွာခရီးရောက်ခဲ့သည်ကို အားလုံးတွေ့မြင်ကြရမည် ဖြစ်ပါကြောင်း။

ယခုကဲ့သို့ နိုင်ငံရေးအသွင်ကူးပြောင်းမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ် အလျင်အမြန် အကောင်အထည် ဖော်နိုင်သည့် အဓိကအကြောင်းအရင်း နှစ်ရပ် တွေ့ရှိရပါကြောင်း။

ပထမတစ်ရပ်မှာ နိုင်ငံတော်သမ္မတကြီး၏ သဘောထားဖြစ်သည့် ပြည်တွင်းငြိမ်းချမ်းရေးမရှိဘဲ ဒီမိုကရေစီမရရှိနိုင်၊ ဒီမိုကရေစီမရှိဘဲ ပြည်တွင်း ငြိမ်းချမ်းရေးမရရှိနိုင်ဆိုသည့် သဘောထားဖြစ်ပါကြောင်း။

ဒုတိယတစ်ရပ်မှာ စေ့စပ်ဆွေးနွေးညှိနှိုင်းခြင်းကို အခြေခံသည့် နိုင်ငံရေးယဉ်ကျေးမှုသစ်အရ စေ့စပ်ဆွေးနွေးညှိနှိုင်းမှုအားလုံးကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးနိုင်ခဲ့ခြင်းကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ်၏ အမြင့်ဆုံးရလဒ်ဖြစ်သည့် တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုကိုတည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကြီးတွင် ဆွေးနွေးကြသည့် အကြောင်းအရာများကို ဆုံးဖြတ်ချက်အနေဖြင့် ချမှတ်ခြင်းမပြုဘဲ အများ၏ ဆွေးနွေးချက်အနေဖြင့်သာ စုစည်းထားရှိမည်ဖြစ်ပါကြောင်း။

မတူကွဲပြားသည့် အစုအဖွဲ့အသီးသီး၏ ကိုယ်စားလှယ်များ၊ မိမိတို့ကိုယ်စားပြုရာ လူထုလိုလားချက်များကို ဆွေးနွေးစုစည်းခြင်းဟု သတ်မှတ်ပြီး ယင်းဆွေးနွေးချက်များကို နောက်ဆက်လက်ကျင်းပသွားမည့် ငြိမ်းချမ်းရေးညီလာခံသို့ လက်ဆင့်ကမ်း လွှဲပြောင်းပေးသွားမည်ဖြစ်ပါကြောင်း။

မကြာမီ ပေါ်ပေါက်လာတော့မည့် အစိုးရသစ်ထံ အစိုးရတာဝန်လွှဲပြောင်းပေးသည့်အခါ ငြိမ်းချမ်းရေးတည်ဆောက်မှု ဖြစ်စဉ်နှင့်အတူ ညီလာခံကြီးတွင် ဆွေးနွေးခဲ့ကြသည့် ဆွေးနွေးမှုများကို အခြေခံအုတ်မြစ်အနေဖြင့် တစ်ပါတည်း လွှဲပြောင်းပေးသွားမည်ဖြစ်ပါကြောင်း၊ အစိုးရသစ်လက်ထက်တွင် ညီလာခံ၏ စုစည်း ဆွေးနွေးချက်များအပေါ် အခြေခံပြီး ယခုထက်ပိုမိုကောင်းမွန်သည့် သဘောတူညီချက်ရလဒ်များ ပေါ်ထွက်လာလိမ့်မည်ဟု မျှော်လင့်ပါကြောင်း။



ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း အဆိုပြုချက် တင်သွင်းစဉ်။



ဦးလှမောင်ရွှေ အဆိုပြုချက် တင်သွင်းစဉ်။



ညီလာခံဆွေးနွေးမှု စုစည်းချက်များကို ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း၊ ပဒိုစောကွယ်ထူးဝင်း၊ ဦးသုဝေတို့က ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံ လွှဲပြောင်းအပ်နှံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကြီးမှ အစပြုပြီး မိမိတို့အားလုံး၏ ရည်မှန်းချက်ဖြစ်သော ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်သည့် အမျိုးသားရေး တန်းတူရည်တူရှိသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်ပြီး အနာဂတ်မျိုးဆက်သစ်များအတွက် အမွေကောင်းတစ်ခုအဖြစ် ချန်ရစ်ထားနိုင်ရေး ကြိုးပမ်းပေးကြပါဟု တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ယနေ့နံနက်ပိုင်းတွင် အစုအဖွဲ့ ခုနစ်ဖွဲ့တို့က ကဏ္ဍငါးခုအပေါ် ဆွေးနွေးခဲ့ကြသည်။

ပထမအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကို ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့ပြီး အစိုးရကိုယ်စားလှယ်များ အစုအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၊ တပ်မတော်ကိုယ်စားလှယ်များ အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်များ အစုအဖွဲ့၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် အစုအဖွဲ့၊ တိုင်းရင်းသားကိုယ်စားလှယ် အစုအဖွဲ့၊ ပါဝင်သင့်ပါဝင်ထိုက်သူများအစုအဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ယခုကျင်းပသည့်ညီလာခံ၌ နိုင်ငံရေးကဏ္ဍတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဆိုင်ရာ ကိစ္စရပ်များ၊ လူမှုရေးကဏ္ဍတွင် ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များထဲမှ ပြည်တွင်းနေရပ် စွန့်ခွာတိမ်းရှောင်သူများ၏ ကိစ္စရပ်များ၊ စီးပွားရေးကဏ္ဍတွင် အခွန်ကောက်ယူခြင်းနှင့် ပြန်လည်ခွဲဝေခြင်း၊ လုံခြုံရေးကဏ္ဍတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အခြေခံသင့်သည့် မူများ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍတွင် သဘာဝသယံဇာတဆိုင်ရာ စီမံခန့်ခွဲခြင်းနှင့် ခွဲဝေခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယခုညီလာခံမှ ထွက်ပေါ်လာသည့် ဆွေးနွေးချက် စုစည်းချက်များသည် အဆုံးအဖြတ်မဟုတ်ဘဲ နောင်လာမည့် အစိုးရသစ်လက်ထက်တွင် ကျင်းပမည့် ငြိမ်းချမ်းရေးညီလာခံအတွက် အခြေခံနိုင်ရန် မှတ်တမ်းအဖြစ် ထားရှိသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**



## ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်း

**နေပြည်တော် ဇန်နဝါရီ ၁၆**

ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

သတင်းစာရှင်းလင်းပွဲတွင် အစုအဖွဲ့များ ကိုယ်စားပြုသည့် ဦးခက်ထိန်နန်၊ ဦးလှမောင်ရွှေ၊ ဦးခင်ဇော်ဦး၊ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း၊ စိုင်းကျော်ညွန့်တို့က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး ပြည်တွင်းပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းဖြေကြားချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

## ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံက အတည်ပြုခဲ့သည့် အဆိုပြုချက် (၄)ရပ်

၁။ ပြည်ထောင်စုသဘောတူစာချုပ် ရရှိနိုင်ရေးအတွက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ အောင်မြင်စွာကျင်းပပြီးစီးရမည့် အချိန်ကာလကို (၃)နှစ်မှ (၅)နှစ် အတွင်း ကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို သင့်တင့်လျောက်ပတ်သော အချိန်ကာလတွင် ဆောလျင်စွာ ကျင်းပသွားနိုင်ရေး။

၃။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်အရ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်တွင် အမျိုးသမီး အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်လာနိုင်ရေး။

၄။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများအား မှတ်တမ်းတင်ဂုဏ်ပြုရေး။

**အများအားဖြင့် သာယာမည်**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးဆက်လက်ရွာမည်။ **(မိုး/ဇလ)**

# ဂျကာတာတိုက်ခိုက်ခံရပြီးနောက် အင်ဒိုနီးရှားနိုင်ငံ၌ ဆန့်ကျင်ရေးဝက်ဘ်ဆိုက်များပိတ်သိမ်း




ဇန်နဝါရီ ၁၆ ရက်က ဂျကာတာမြို့လယ်တွင် အင်ဒိုနီးရှားရဲများ လုံခြုံရေးယူထားစဉ်။

**ဂျကာတာ ဇန်နဝါရီ ၁၆**

ယခုအပတ် အစောပိုင်းက အိုင်အက်စ် စစ်သွေးကြွများက မြို့တော်ဂျကာတာကို တိုက်ခိုက်ပြီးနောက် အင်ဒိုနီးရှားနိုင်ငံသည် ဆန့်ကျင်ရေး ဝက်ဘ်ဆိုက် ၁၁ခုနှင့် အခြားလူမှုရေးမီဒီယာ အကောင့်များကို ဇန်နဝါရီ ၁၆ ရက်က ပိတ်ခဲ့ရကြောင်း ရိုက်တာသတင်းတစ်ခုတွင် ဖော်ပြခဲ့သည်။

စစ်သွေးကြွ ငါးဦးအပါအဝင် လူခုနစ်ဦးသေဆုံးခဲ့ပြီး အခြား ၃၀ ဒဏ်ရာရရှိခဲ့သော အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးမြို့တော်ဂျကာတာ တိုက်ခိုက်ခံရမှုကို ထောက်ခံအားပေးသော ဖော်ပြချက်များကို ဖေ့စ်ဘွတ်ခ် အပါအဝင် အခြားလူမှုရေးဝက်ဘ်ဆိုက်များတွင် တွေ့ခဲ့ရကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောသည်။

နာရီပေါင်းများစွာ ကြာသော အကြမ်းဖက် တိုက်ခိုက်မှုကြောင့် နိုင်ငံအတွင်း စစ်သွေးကြွ အုပ်စုသစ်တစ်ခု ထပ်မံပေါ်ပေါက်လာမည်လားဆိုသည်ကို စိုးရိမ်နေရသည်။ ဝက်ဘ်ဆိုက်များကို လေ့လာစောင့်ကြည့်နေကြောင်း၊ လူထုက ယင်းကိစ္စနှင့်ပတ်သက်ပြီး မကျေနပ်ချက်များနေကြောင်း ဆက်သွယ်ရေးဝန်ကြီးဌာနက ပြည်သူ့ဆက်ဆံရေးအရာရှိ အစ်စမေးကာဝိဒူက ပြောခဲ့သည်။

(ရိုက်တာ)

# ဆီရီယာလီယွန်တွင် အီဘိုလာဗိုင်းရပ်ပိုး ထပ်မံတွေ့ရှိကြောင်း အတည်ပြု

**ဂျီနီဗာ ဇန်နဝါရီ ၁၆**

ယခုသီတင်းပတ်တွင် ဆီရီယာလီယွန်၌ အမျိုးသမီးတစ်ဦး အီဘိုလာဗိုင်းရပ်ပိုးဖြင့် သေဆုံးခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောခဲ့သည်။

ကုလသမဂ္ဂကျန်းမာရေးအေဂျင်စီက အီဘိုလာကူးစက်ရောဂါ ကင်းစင်ပြီဟုကြေညာပြီး တစ်ရက်အကြာ ယခုကဲ့သို့ အီဘိုလာရောဂါဖြင့်သေဆုံးသည့် သတင်းထုတ်ပြန်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လိုက်ဘေးရီးယားတွင် မကြာသေးမီက ဖြစ်ပွားခဲ့သော အီဘိုလာကူးစက်မှု အဆုံးသတ်ပြီဖြစ်ကြောင်း ကြာသပတေးနေ့က ကြေညာခဲ့သည်။

သို့သော် ဂျီနီဗာရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ရုံးချုပ်၌ ပြောရေးဆိုခွင့်ရှိသူ တာရစ်ဂျက်ဆာရီဗစ်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ မပြီးဆုံးသေးကြောင်း သောကြာနေ့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အနောက်အာဖရိကတွင် အီဘိုလာရောဂါပျံ့နှံ့မှု ရပ်တန့်သွားပြီဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောခဲ့သော်လည်း အီဘိုလာရောဂါသစ်ဖြစ်ပွားမှုကို တွေ့ရှိခဲ့သည့်အတွက် ယင်းအဖွဲ့၏ ပြောကြားချက်နှင့်ပတ်သက်ပြီး အယူအဆများ ကွဲပြားလျက်ရှိသည်။

(အင်န်အိတ်ချ်ကေ)

# နျူကလီးယားစမ်းသပ်မှု အဆုံးသတ်နိုင်ရန် ပူးတွဲစစ်ရေး လေ့ကျင့်မှုရပ်ဆိုင်းရန် မြောက်ကိုရီးယားပြော



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း။

**ဆိုးလ် ဇန်နဝါရီ ၁၆**

အမေရိကန်နှင့် ငြိမ်းချမ်းရေး စာချုပ်အဆုံးသတ်ရန် မြောက်ကိုရီးယားက စနေနေ့က ဆော်ဩလိုက်ပြီး ၎င်း၏ နျူကလီးယားစမ်းသပ်မှုကို အဆုံးသတ်ရန် အမေရိကန်နှင့် တောင်ကိုရီးယား ပူးတွဲစစ်ရေး လေ့ကျင့်မှုကိုလည်း ရပ်တန့်ရမည်ဖြစ်ကြောင်း မြောက်ကိုရီးယားက တိုက်တွန်းလိုက်သည်။

မြောက်ကိုရီးယား နိုင်ငံက တောင်ကိုရီးယားနှင့် အမေရိကန်တို့ စစ်ရေးလေ့ကျင့်မှုကို အဆုံးသတ်ရန် တောင်းဆိုနေသကဲ့သို့ အမေရိကန်နှင့်လည်း ငြိမ်းချမ်းရေးစာချုပ် အဆုံးသတ်ရန် ကြိုးပမ်းလျက်ရှိသည်။

အမေရိကန်က တောင်ကိုရီးယားတွင် တပ်ဖွဲ့ဝင် ၂၈၅၀၀ အခြေစိုက် ဖြန့်ကြက်ချထားသည်။

"မြောက်ကိုရီးယား နိုင်ငံအနေနဲ့ နျူကလီးယားစမ်းသပ်မှု ရပ်စဲရေးတစ်ခုအပါအဝင် အမေရိကန်က ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ရပ်တန့်ဖို့နဲ့ ကိုရီးယားကျွန်းဆွယ် တည်ငြိမ်ရေးနဲ့ အာရှအရှေ့မြောက်ဒေသမှာ ငြိမ်းချမ်းရေး ထိန်းသိမ်းသွားနိုင်ဖို့ ဆောင်ရွက်နေပါတယ်" ဟု မြောက်ကိုရီးယားသတင်းအေဂျင်စီ ကေစီအင်န်အေက စနေနေ့အစောပိုင်း မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်၏ ပြောကြားချက်ကို ကိုးကားပြီး ရေးသားဖော်ပြသည်။

(ရိုက်တာ)

# ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆီးရီးယားအငတ်ဘေးပြဿနာဆွေးနွေး

**ဂျီနီဗာ ဇန်နဝါရီ ၁၆**

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများသည် ဆီးရီးယားနိုင်ငံ အငတ်ဘေးပြဿနာဆိုးရွားလာမှုနှင့်ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြသည်။ ကုလသမဂ္ဂဆိုင်ရာ အရေးပေါ် အကူအညီပေးရေး ဒုတိယညွှန်ကြားရေးမှူး ကန်ကျွမ်ဝက လူသားချင်းစာနာမှုအကူအညီပေးရေး အခြေအနေများနှင့်ပတ်သက်ပြီး သောကြာနေ့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။ အငတ်ဘေးရင်ဆိုင်ရသူ အရေအတွက်ကြီးထွားလာခြင်းမှာ လူသားချင်းစာနာမှု အကူအညီများကို ပိတ်ဆို့ထားခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။ ဆီးရီးယားတွင် အစိုးရတပ်များနှင့် အတိုက်အခံ အင်အားစုများကြား ပိတ်မိနေသော ပြည်သူ ၄၀၀၀၀၀ ခန့်ရှိကြောင်း ကုလသမဂ္ဂက ပြောခဲ့သည်။

မြို့တော် ဒမတ်စကတ်အနီးရှိ မဒရာမြို့၌ အစာငတ်သေဆုံးသူ ၂၃ ဦးရှိပြီး အစိုးရသိမ်းပိုက်ထားသော မြို့တွင် လူပေါင်း ၄၀၀ ခန့် အာဟာရမပြည့်ဝခြင်းနှင့် အစာရေစာ ပြတ်လပ်ခြင်းတို့ကို ခံစားနေရကြောင်း သိရသည်။ အောက်တိုဘာလမှစပြီး ပထမဆုံးအကြိမ်အဖြစ် အကူအညီပေးရေး ယာဉ်တန်းများသည် အစားအစာများကို သယ်ဆောင်လျက် မဒရာမြို့ထဲသို့ လွန်ခဲ့သော တနင်္လာနေ့က ဝင်ရောက်ခဲ့သည်။ အမေရိကန်က ပဋိပက္ခဖြစ်ပွားနေသော ဆီးရီးယားတွင် အစားအစာ ဝေငှထောက်ပံ့ခြင်းအတွက် ခက်ခဲကြန့်ကြာနေခြင်းကို လက်မခံနိုင်ကြောင်း ပြောခဲ့သည်။ ၎င်းတို့ စောင့်ကြည့်မှုအောက်၌ လူများထပ်မံမသေဆုံးစေရန်အတွက် ကောင်စီအဖွဲ့ဝင်များကို အမေရိကန်က တိုက်တွန်းခဲ့သည်။

(အင်န်အိတ်ချ်ကေ)



ဆီးရီးယားတွင် အငတ်ဘေးဒဏ်ခံစားနေရသော ကလေးတစ်ဦးကို တွေ့ရစဉ်။

# ဘာကီနာဖာဆိုမြို့တော်ကို အစ္စလာမ္မစ်စစ်သွေးကြွများတိုက်ခိုက်၊ အနည်းဆုံး လူ ၂၀ သေဆုံးပြီး ၃၀ ပြန်ပေးဆွဲခံရ



စပလင်းဒစ်ဟိုတယ်အပြင်ဘက်တွင် မော်တော်ယာဉ်များ မီးလောင်ကျွမ်းနေသည်ကို ဇန်နဝါရီ ၁၅ ရက်က တွေ့ရစဉ်။

**ကွာဂါဒိုဂူး ဇန်နဝါရီ ၁၆**

ဘာကီနာဖာဆိုမြို့တော်၌ သောကြာနေ့က ဟိုတယ်တစ်လုံးကို ဘာသာရေးအစွန်းရောက် သေနတ်သမားများက ဝိုင်းရံပိတ်ဆို့တိုက်ခိုက်ခဲ့၍ အနည်းဆုံး လူ ၂၀ သေဆုံးကာ အခြားလူများကို ပြန်ပေးဆွဲခေါ်ယူသွားခဲ့ကြောင်း ဆေးရုံညွှန်ကြားရေးမှူးက ပြောသည်။

အဆိုပါ တိုက်ခိုက်မှုသည် အစ္စလာမ္မစ်မာဂရက် (အေကျူအိုင်အမ်)ရှိ အယ်လ်ခိုင်ဒါတို့က ၎င်းတို့ လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက စနေနေ့အစောပိုင်းတွင် စပလင်းဒစ်ဟိုတယ်ကို ပြန်သိမ်းပိုက်နိုင်ရေး လျှပ်တစ်ပြက်တိုက်ခိုက်မှုကို စတင်ပြုလုပ်ပြီး မီးလောင်ကျွမ်းနေသော ခန်းမအတွင်း ဝင်ရောက်သွားခဲ့သည်။

အဆိုပါ ဟိုတယ်သည် အနောက်တိုင်းသားများ မကြာခဏ လာရောက်လေ့ရှိခြင်းကြောင့် စစ်သွေးကြွများက ပစ်မှတ်ထား တိုက်ခိုက်ဖွယ်ရှိသည်။ ဟိုတယ်မှ ထွက်ပြေးလွတ်မြောက်သွားသော အလုပ်သမားဝန်ကြီး အပါအဝင် လူ ၃၀ ခန့်ကို ပြန်ပေးဆွဲသွားခဲ့ကြောင်း ဆက်သွယ်ရေးဝန်ကြီး ရေးမစ်ဒန်ဂျီနိုးက ပြောသည်။

ပြင်သစ်နှင့်အမေရိကန်တို့က အာဖရိကအစိုးရများကြား ဒေသတွင်းတည်ငြိမ်ရေးကြိုးပမ်းနေချိန် ဘာကီနာဖာဆိုမြို့၌ ယင်းကဲ့သို့တိုက်ခိုက်မှုမှာ ပထမဆုံးအကြိမ်ဖြစ်သည်ဟု ဆိုသည်။

(ရိုက်တာ)

# အောင်မြင်စွာကျင်းပခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးမှ နိုင်ငံတော်၏သမိုင်းသစ်တစ်ခုအတွက် ခြေလှမ်းသစ်တစ်ရပ်စတင်နိုင်ခဲ့

နေပြည်တော် ဇန်နဝါရီ ၁၆

**မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးသမိုင်းမှတ်တိုင်ဖြစ်လာမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ဇန်နဝါရီ ၁၂ ရက်မှ စတင်ကျင်းပခဲ့ရာ ယနေ့နောက်ဆုံးနေ့အဖြစ် ကျင်းပပြီးစီးခဲ့သည်။**

**တွေ့ဆုံမေးမြန်း-တင်မောင်လွင်၊ သက်မွန်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မောင်မွေး**

ငြိမ်းချမ်းရေးညီလာခံ နောက်ဆုံးနေ့၌ ယခင်ရက်များက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြချက်များအပေါ် ကဏ္ဍတစ်ခုလျှင် ကိုယ်စားလှယ်သုံးဦးစီက ဖတ်ကြားပြီး အစုအဖွဲ့အလိုက် တင်ပြဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြသည်။ ငါးရက်တာကာလအတွင်း ဆွေးနွေးမှုအကြောင်းအရာအားလုံးကို စုစည်း၍ မှတ်တမ်း ထားရှိသွားမည်ဖြစ်ပြီး နောင်တက်လာမည့် အစိုးရသစ်အထိ လက်ဆင့်ကမ်းပြီး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားမည်ဟု သိရသည်။

ယနေ့ ဆွေးနွေးပွဲတွင် အစုအဖွဲ့ ခုနစ်ဖွဲ့ဖြစ်သော အစိုးရအစုအဖွဲ့၊ လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ နိုင်ငံရေးပါတီများ အစုအဖွဲ့၊ တိုင်းရင်းသားအစုအဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့၊ ပါဝင်သင့် ပါဝင်ထိုက်သူများ အစုအဖွဲ့တို့က ၎င်းတို့၏ သုံးသပ်ချက်၊ ထင်မြင်ယူဆချက်များအား ဆက်လက်ဆွေးနွေးတင်ပြခဲ့ကြသည်။

ဆွေးနွေးချက်များအပေါ် ကျေနပ်အားရမှုရှိကြောင်းနှင့် ရှုထောင့်ပေါင်းစုံတင်ပြချက်များမှ ပေါ်ထွက်လာသည့် ရလဒ်များနှင့်ပတ်သက်ပြီး ကိုယ်စားလှယ်အချို့၏ သဘောထားအမြင်များကို စုစည်းဖော်ပြလိုက်ပါသည်-

**ဆလိုင်းကစ်ပ်ခိုလျန်**
**ချင်းအမျိုးသားတပ်ဦး(C )**
**အလှည့်ကျဥက္ကဋ္ဌ**
**(တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အစုအဖွဲ့)**

ကျွန်တော်ဒီကိုမလာခင် စိတ်ထဲမှာ လုံးဝအားမရဘူး။ သို့သော်လည်း ဒီကိုလာပြီးတော့ ဆွေးနွေးဝိုင်းတွေမှာ ဆွေးနွေးပြီး နားထောင်တဲ့အခါကျတော့ အားရကျေနပ်မှု ရှိလာတယ်။ ကျန်တဲ့သူတွေ မလာနိုင်သေးဘူးဆိုသော်လည်းပဲ ကျွန်တော်တို့ လာနိုင်တဲ့သူတွေက အားလုံးခြုံပြီးတော့ ပြောနိုင်ပါတယ်။ ဒါကလည်း ကျွန်တော်တို့အတွက် အကျိုးအမြတ်တစ်ခုဖြစ်တယ်။ အခုလို ဆွေးနွေးမှုတွေကို နားထောင်လိုက်တဲ့အခါမှ အစိုးရဘက်က အမြင်တွေလည်း သိရပါတယ်။ ဒီဆွေးနွေးမှုမှာ မတူတာတွေကဘာလဲ။ တူညီတဲ့အချက်တွေကဘာလဲ ဆိုတာတွေကို အများကြီး တွေ့မြင်လာရတဲ့အတွက် ကျွန်တော်တို့ ပြင်ဆင်နိုင်တဲ့အပိုင်းတွေ အများကြီးရှိလာတယ်။ အဲဒါတွေက ကျွန်တော်တို့အတွက် အကျိုးအမြတ်တွေပါပဲ။ အခု ပထမဆုံး အကြိမ်ကျင်းပတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကို တက်ရောက်ရတာလည်း ကျွန်တော့်အနေနဲ့ ဂုဏ်လည်းယူတယ်။ ဝမ်းလည်း ဝမ်းမြောက်ပါတယ်။ မတက်ရောက်ခင်ကနဲ့စာရင် အများကြီးလည်း အားရကျေနပ်ပါတယ်။



ဆလိုင်းကစ်ပ်ခိုလျန်

ကျွန်တော်က နိုင်ငံရေးကိုအဓိက ဆွေးနွေးခဲ့တယ်။ နိုင်ငံရေးနဲ့ ပတ်သက်ပြီး ပင်လုံစိတ်ဓာတ်၊ ဒီမိုကရေစီရဲ့ အခြေခံသဘောတရားတွေက ပင်လုံစာချုပ်ထဲမှာ ပါနေတယ်။ ငြင်းကြ၊ ခုံကြပြီးတော့ ဆုံးဖြတ်ချက်ချဖို့ မဟုတ်ပါဘူး။ D A တွေကို တောင်းယူတဲ့သဘောပါ။ ဒီမှာ ကောင်းကျိုးက သူတို့ရဲ့ ယူဆချက်တွေ ကိုယ်သိမယ်။ ကိုယ့်ရဲ့ ယူဆချက်တွေကို သူတို့သိမယ်။ နောင်လာမယ့် ဆွေးနွေးပွဲတွေ၊ ညီလာခံတွေအတွက် ဘက်ပေါင်းစုံက ကြိုတင်ပြင်ဆင်ဖို့ အချက်အလက်တွေရလာမယ်။ နောက်ပြီး မတက်ရောက်သေးတဲ့ သူတွေကိုလည်း အကြောင်းကြားလို့ရမယ်။ သူတို့အတွက်လည်း ကြိုတင်ပြင်ဆင်လို့ရမယ်။ ဘယ်အချက်တွေကို ညှိရမလဲ ဆိုတဲ့ အခြေခံအချက်တွေကိုလည်း သိလာပါတယ်။

**ဦးညိုအုန်းမြင့်**
**မြန်မာနိုင်ငံ ငြိမ်းချမ်းရေးစင်တာ ( PC)**
**(အစိုးရကိုယ်စားလှယ်များအစုအဖွဲ့)**

ငါးရက်ကြာ ကျင်းပတဲ့အစည်းအဝေးမှာ ဘာအကျိုးအမြတ်တွေ ရခဲ့လဲဆိုတော့ တိုင်းပြည်မှာ မတူကွဲပြားတဲ့ ပြဿနာတွေ၊ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ ဒီနေရာမှာ အားလုံး စုစည်းပေးနိုင်ပါတယ်။ ဆွေးနွေးပွဲတွေကိုလည်း ဒီထက်ကြာကြာ ဆက်လုပ်မှဖြစ်မှာပါ။ နိုင်ငံရေးဆွေးနွေးပွဲတက်ရောက်ချင်တဲ့ လူတွေ ၁၈၀ ကျော်ရှိရာမှာ အမှန်တကယ် တက်ရောက်တာက ၁၅၀ လောက်ပဲ တွေ့တယ်။ အများစုသဘောတူညီတဲ့ အချက်ကဘာလဲဆိုတော့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုစနစ်ကို အားလုံးက လက်ခံသဘောတူတယ်။ နောက်ပြီး ငြိမ်းချမ်းရေး တစ်ခုတည်းမဟုတ်ဘဲ ကဏ္ဍပေါင်းစုံက ပြဿနာတွေကို တွေ့ရတယ်။ ငြိမ်းချမ်းရေးက လွယ်လွယ်ရတာ



ဦးညိုအုန်းမြင့်

မဟုတ်ဘူး။ NCA အတွက်တရားဝင် အစည်းအဝေးကိုးကြိမ်နဲ့ တရားမဝင်တဲ့ အစည်းအဝေးပေါင်း ရာနဲ့ချီပြီး လုပ်ခဲ့ရတယ်။ ဒါကြောင့် ယုံကြည်မှုတွေကို ဘယ်လိုတည်ဆောက်ရမလဲ ဆိုတဲ့ ပြဿနာတွေကို အခုငြိမ်းချမ်းရေးညီလာခံကျင်းပတဲ့ ငါးရက်မှာ တွေ့ရတယ်။ ဒီဆွေးနွေးပွဲတွေက ရတဲ့ သုံးသပ်ချက်တွေကို အကြံပြုလက်ဆင့်ကမ်းပြီးတော့မှသာ အားလုံး အမှန်တကယ်လိုချင်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကို ရမှာပါ။

**စိုင်းကျော်ညွန့်**
**ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်**
**(နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့)**

ကျွန်တော်တို့ မနက်ပိုင်းမှာ လွန်ခဲ့တဲ့ရက်တွေအတွင်းမှာ ဆွေးနွေးခဲ့တဲ့ ဆွေးနွေးချက်တွေအားလုံးကို မှတ်တမ်းတင်တယ်။ ကဏ္ဍကြီးငါးရပ်မှာ ဆွေးနွေးထားတဲ့ အကြောင်းအရာတွေ၊ တူတာတွေရော မတူတာတွေရော အားလုံးကို အနှစ်ချုပ်ပြီးတော့ မနက်ပိုင်းမှာ ကိုယ့်ရဲ့ အစုအဖွဲ့တွေဆီ လာပြီးတော့ ရှင်းပြတယ်။ နိုင်ငံရေးကဏ္ဍမှာ သွားရောက်ပြီး ဆွေးနွေးခဲ့တဲ့လူတွေက သူတို့အမြင်ကို အစုအဖွဲ့ကို ပြန်ပြီးရှယ်ယာလုပ်ပြီး ရှင်းလင်းတဲ့သဘောပါ။ ကျန်တဲ့ စီးပွားရေး၊ လူမှုရေးတွေကလည်း အတူတူပါပဲ။ ညနေပိုင်းမှာတော့ ကိုယ်စားလှယ် ၇၀၀ ပါဝင်တဲ့ စုံညီညီလာခံကို လုပ်ပါတယ်။ အဲဒီစုံညီညီလာခံမှာလည်း စောစောက ပြောခဲ့တဲ့ အနှစ်ချုပ်ကိုပဲ ဖတ်ကြားပြီး ညီလာခံရဲ့ ဆွေးနွေးချက်တွေအဖြစ် မှတ်တမ်းတင်ပါတယ်။

ငြိမ်းချမ်းရေး ညီလာခံကြီးက ကာလ သတ်မှတ်ချက်သုံးနှစ်အတွင်း ပြီးအောင်လုပ်မှာလား၊ ငါးနှစ်အတွင်း ပြီးအောင်လုပ်မှာလားဆိုတဲ့ အဆို နှစ်ခု အဓိကအားဖြင့် ရှိတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ စစ်ရေး



စိုင်းကျော်ညွန့်

နည်းလမ်းနဲ့ ဖြေရှင်းခဲ့တာကြာပါပြီ။ ဒီငြိမ်းချမ်းရေး ညီလာခံကြီးကို စလုပ်ဖြစ်တာဟာ ငြိမ်းချမ်းရေး ညီလာခံမှာ အားနည်းချက်၊ အားသာချက်တွေရှိမယ်။ ဒါပေမယ့် ဘာပဲပြောပြော ကျွန်တော်တို့ နိုင်ငံရေး ယဉ်ကျေးမှုတစ်ခု စတင်လိုက်နိုင်တာလို့ပဲ မြင်ပါတယ်။ ဒီအပေါ်မှာ ကြိုက်တဲ့သူလည်းရှိမယ်။ မကြိုက်တဲ့သူလည်းရှိမယ်။ အမြင်အမျိုးမျိုး ရှိနိုင်ပါတယ်။ အဓိကအားဖြင့် ကျွန်တော့်အနေနဲ့ ပြောချင်တာက ယဉ်ကျေးမှုအသစ်လေးကို စတင်လိုက်နိုင်တယ်ဆိုတဲ့ အချက်လေးလောက်နဲ့ ဒီပွဲကအဆင်ပြေပါတယ်။

အခုညီလာခံမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေလည်း ရှစ်ဖွဲ့ပဲ ပါသေးတယ်။ ဒီအချိန်က အစိုးရအကူးအပြောင်း ကာလလည်းဖြစ်တယ်။ သေချာတာက နောင်တက်လာမယ့် အစိုးရရဲ့ အခင်းအကျင်းမှာ ဒုတိယညီလာခံ ဆက်ဖြစ်မယ်။ ဒုတိယညီလာခံမှာ တက်လာမယ့် အစိုးရကလည်း ကျန်ရှိနေသေးတဲ့ တိုင်းရင်းသား ညီအစ်ကိုတွေ၊ တိုင်းရင်းသား လက်နက်ကိုင်တွေနဲ့ မပါဝင်ရသေးတဲ့ သူတွေအကုန်လုံး ဖိတ်ခေါ်လမ်းဖွင့်ပေးပြီးတော့ သူတို့ ဝင်လာနိုင်မယ့် အခင်းအကျင်းကို ခင်းပြီးဖိတ်ခေါ်မယ်ဆိုရင် ကျွန်တော်တို့လိုချင်တဲ့ ထာဝရငြိမ်းချမ်းရေးဟာ ပိုပြီးတော့ နီးစပ်လွယ်ကူမယ်လို့ မြင်ပါတယ်။

**ဦးဟန်ရွှေ**
**တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ**
**(နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့)**

ကျွန်တော့်အနေနဲ့ နိုင်ငံရေးကဏ္ဍမှာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်အကြောင်းနဲ့ ပါဝင်သင့်တဲ့ အခြေခံမူတွေကိုဆွေးနွေးခဲ့ပါတယ်။ နိုင်ငံရေးရှုထောင့်မှာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်



ဦးဟန်ရွှေ

ကိုင်အဖွဲ့၊ နိုင်ငံရေးအဖွဲ့အစည်း၊ တိုင်းရင်းသား အဖွဲ့အစည်းနဲ့ ကိုယ်စားပြုတဲ့ အဖွဲ့အစည်းတွေကနေ တစ်ရက်ကို အချက် ၃၀ ဆွေးနွေးကြတယ်။ ဆွေးနွေးတဲ့အခါ အားလုံးက ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ပိုပြီးလိုလားကြတယ်။ ငြိမ်းချမ်းရေး အဖြေရှာဖို့ဟာ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်မှသာ အဖြေရမယ်ဆိုတာ တွေ့ရတယ်။ ပါဝင်သင့်တဲ့အချက်တွေကို ဆွေးနွေးရာမှာ ဖက်ဒရယ်ပြည်ထောင်စုကို ဘယ် နဲ့ သွားမလဲဆိုတဲ့ ဆွေးနွေးချက်တွေကို မှတ်တမ်းပြုစုပြီး နောက်တက်လာမယ့်အစိုးရ ဆက်လက်ဆွေးနွေးနိုင်အောင် ဆွေးနွေးခြင်းလည်း ဖြစ်ပါတယ်။

**ထန်းနိန်ကီး**
**ချင်းအမျိုးသားတပ်ဦး(C )**
**အဓိပတိကောင်စီဝင်**
**(တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အစုအဖွဲ့)**

အခုလို တွေ့ဆုံဆွေးနွေးခြင်းဟာ ပထမအကြိမ်ဖြစ်တဲ့အတွက် ဆက်ညှိနှိုင်းသွားရမယ့် အချက်တွေလည်းရှိသေးတယ်။ ကွဲလွဲချက်တွေကလည်း အရင်ကထက်စာရင် အများကြီးနီးစပ်လာပါပြီ။ အများစုဟာ ဖက်ဒရယ်စနစ်သွားဖို့ သဘောတူကြတာကို တွေ့ရတယ်။ တကယ်လက်တွေ့ ဖက်ဒရယ်သွားဖို့ကိုတော့ ဆက်ပြီး ဆွေးနွေးရမယ့် အခြေအနေရှိတယ်။ ငါးရက်ကြာဆွေးနွေးမှုကိုတော့ ကျေနပ်အားရမှု ရှိပါတယ်။ ဖက်ဒရယ်နဲ့ပတ်သက်ပြီး လူမျိုးကိုအခြေခံကာ ဖြစ်ပေါ်လာတဲ့ ပြည်ထောင်စုဆိုတော့ တကယ်လက်တွေ့ကျတဲ့ ဖက်ဒရယ်ဖြစ်ဖို့ကို ပိုပြီး မျှော်လင့်တယ်။ လက်မှတ်မထိုးတဲ့ သူတွေနဲ့ ပတ်သက်ပြီးတော့ သူတို့လည်း A မပါဝင်တဲ့ နေရာမှာ ကွဲလွဲပေမယ့် ကျွန်တဲ့



ထန်းနိန်ကီး

အချက်တွေမှာတော့ အတူတူပါပဲဆိုတော့ သူတို့ကိုလည်း ပါဝင်လာဖို့ မျှော်လင့်ပါတယ်။

နောက်တစ်ခုက တပ်မတော်ကိုယ်တိုင် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ဖို့ ဖွင့်ဟပြောဆိုလာတဲ့အတွက် ပိုပြီးတော့ ခွန်အားသစ်ဖြစ်စေတယ်။ နိုင်ငံတကာ ဖက်ဒရယ်အကြောင်းကို လေ့လာထားတဲ့ သူတို့ရဲ့ ဆွေးနွေးတင်ပြချက်တွေအပေါ် အတော်လေး ကျေနပ်မိတယ်။ လက်တွေ့အသုံးချဖို့ကိုတော့ ဆက်ဆွေးနွေးရဦးမှာပါ။ နယ်စပ်ဒေသ တိုင်းရင်းသားတွေနဲ့ ပတ်သက်ပြီးတော့လည်း ၂၀၁၂ ခုနှစ်ကနေ ဒီနေ့အထိ ငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာ တိုင်းရင်းသား လူမျိုးများအကြား ပြည်သူလူထုနဲ့ လက်နက်ကိုင်အင်အားစုတွေရဲ့ ဆွေးနွေးမှုတွေ ပိုပြီး ပွင့်လင်းမြင်သာလာတယ်။ ပြည်သူလူထုကလည်း နိုင်ငံရေး၊ အမျိုးသားရေးမှာ ပိုပြီး နိုးနိုးကြားကြားရှိလာတာကို ကျွန်တော်တော့ တွေ့ရတယ်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှု သမိုင်းတစ်လျှောက် မရရှိခဲ့ဖူးသော နိုင်ငံရေးတည်ငြိမ်မှုနှင့် ပွင့်လင်းလွတ်လပ်မှုကိုအခြေခံပြီး ကျင်းပခဲ့သည့် ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးသည် နိုင်ငံတော်၏ သမိုင်းသစ်တစ်ခုအတွက် ခြေလှမ်းသစ်တစ်ရပ် စတင်နိုင်ခဲ့ခြင်းဖြစ်သကဲ့သို့ ထာဝရငြိမ်းချမ်းရေးနှင့် အနာဂတ်တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်လည်း ရလဒ်ကောင်းများစွာကို ဆောင်ကြဉ်းပေးနိုင်မည်ဟု မျှော်လင့်မိပါကြောင်း . . ။

# မြို့သစ်၌ အထက်ကျသေးဆည် ဖွင့်ပွဲကျင်းပ

**မြို့သစ် ဇန်နဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်သည့် အထက်ကျသေးဆည် ပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်က မြို့သစ်မြို့နယ် တမာပင်ကျေးရွာအနီး အထက်ကျသေးဆည်၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်နိုင်က အမှာစကားပြောကြားပြီး ခရိုင်ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သူကြွယ်က ဆည်ပြုပြင်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ အထက်ကျသေးဆည်ကို ပြန်လည်ပြုပြင်ပေးသဖြင့် လယ်မြေဧက ၄၈၂ ဧကကို ဆည်ရေပေးဝေနိုင်၍ မိုးစပါးများစိုက်ပျိုးနိုင်ပြီး ဒေသစိမ်းလန်းစိုပြည်ရေးကို များစွာအထောက်အကူဖြစ်မည်ဖြစ်ကြောင်း သိရသည်။

**သန်းဝင်းထွန်း(မြို့သစ်)**

# “တူးပို့”သည် မြန်မာ့ယဉ်ကျေးမှုလက္ခဏာ. . .၊ ရိုးရာသင်္ကြန်၏ အထိမ်းအမှတ်. . .၊ မြို့မ၏ပုံရိပ်၊ မြို့မငြိမ်း၏စကားလုံး. . .။

“သင်္ကြန်နှစ်ဦး တူးပို့ . . .၊ တူးပို့
တူးသံ မြူးသာယာ . . .
သင်္ကြန်မယ်များ တူးပို့ . . .၊ တူးပို့
တူးမာရဲ့နော်ဗျာ . . .၊
ငွေငန်းသံစုံ တူးပို့၊ တူးပို့
အာရုံဖျော်ဖြေတာ . . .
မယ်တို့ကိုလည်း တူးပို့ တူးပို့ မာပါစေခင်ဗျာ။”

ဤသီချင်းက အလင်္ကာကျော်စွာ မြို့မငြိမ်း၏ နာမည်ကျော် “တူးပို့၊ တူးပို့”အမည်ရှိ သင်္ကြန်သီချင်း ဖြစ်သည်။ သင်္ကြန်ဟုဆိုသည်နှင့် မြို့မငြိမ်း၏ “ချိုပြုံး ရွှင်သောနှမပျိုရယ်” အစချီ “ရွှေမန်းတောင်ရိပ်ခို”သီချင်း နှင့်အတူ “တူးပို့၊ တူးပို့”ဟူသော သီချင်းက “မြန်မာ့ ရိုးရာသင်္ကြန်”၏ အမှတ်လက္ခဏာများအဖြစ် ကမ္ဘည်း တင် မော်ကွန်းဝင်ခဲ့လေပြီ။ အမျိုးသားယဉ်ကျေးမှုပုံရိပ် တစ်ခု၏ အထိမ်းအမှတ်လည်း ဖြစ်နေပါ၏။

တကယ်တော့ ယနေ့တိုင် ထင်ဟပ်နေသော မြန်မာ့ သင်္ကြန်၏ အခင်းအကျင်းများက တစ်ပြည်လုံး အတိုင်း အတာနှင့်ဆိုလျှင် ၁၈၈၅ခုနှစ် နိုဝင်ဘာလ နှောင်းပိုင်း နှစ်များမှ စတင်သည်ဟု ဆိုရမည်။ ရန်ကုန်ကို အခြေပြု ၍ အောက်မြန်မာပြည်ကို အင်္ဂလိပ်က သိမ်းပိုက်ထား သည်ဆိုငြား အထက်မြန်မာပြည် မန္တလေးရတနာပုံ နေပြည်တော်ကို ဗဟိုပြု၍ ပဒေသရာဇ်ရှင်ဘုရင်က အုပ်စိုးလျက်ရှိသေးသည်။ ထို့ကြောင့် မြန်မာရှင်ဘုရင် လက်အောက်က တစ်နှစ်တစ်ခါ ကျင်းပသော သင်္ကြန် ပွဲတော်များက ရှေးရိုးသမားစဉ်၊ အစဉ်အလာများ အတိုင်း ပုဏ္ဏားဟူးရား ပုရောဟိတ်များ၏ ကျမ်းဂန်လာ အစီအစဉ်များနှင့်အညီ ဖြစ်ပါ၏။ ထိုအစဉ်အလာများ က ပါတော်မူပြီးနောက် မြေနန်းပြာသာဒ်တော်၌ မြန်မာ ရှင်ဘုရင်၏ နေ့ညီညီလာခံများအစား ဂျင်မခန္ဓာကလပ် အသွင်ပြောင်းပြီး ဝင်စည်ထွက်စည်နှင့် စိန်ဆိုင်းတော်၊ မြဆိုင်းတော်၊ ပတ္တမြားဆိုင်းတော်များအစား အင်္ဂလန်က ဘင်သံများနှင့် အစားထိုးဝင်ရောက်လာကတည်းက ဆုံးရှုံးပျက်စီးသွားခဲ့ပြီ။

၁၈၈၇ ခုနှစ်တွင် အင်္ဂလိပ်အစိုးရက မန္တလေးမြူနီ စီပယ်ကို ဖွဲ့စည်းပြီးနောက် မြို့ပြစီမံခန့်ခွဲမှုအသစ်များ နှင့်အတူ မန္တလေးမြို့တွင်းရှိ အဓိကလမ်းမကြီးများတွင် အင်္ဂလိပ်အပါအဝင် လူမျိုးခြားကုန်တိုက်ကြီးများ ဖွင့်လှစ် လာကြသည်။ အာဠဝီ စီလမ်း(ယခု ၂၂လမ်း)၌ မစ္စကွစ်ကုန်တိုက်၊ ဝှိုက်တဝေး လိဒလောကုန်တိုက် စသည်တို့ ဖွင့်လှစ်လာသည်။ ၂၆ ဘီလမ်း(ယခု အာဇာ နည်လမ်း)တွင် ရိုးကုမ္ပဏီအပါအဝင် ကုန်တိုက်ကြီးများ နှင့် မန္တလေး၏ စီးပွားရေးအချက်အချာ ဈေးချိုတော် ဝန်းကျင်တွင် အိန္ဒိယအမျိုးသားများပိုင် ကုန်တိုက်ကြီး များလည်း အပြိုင်အဆိုင် ဖွင့်လှစ်လာကြသည်။

၁၉၃၀ ခုနှစ်ဝန်းကျင်သို့ ရောက်သောအခါ မန္တလေး မြို့ပေါ်ရှိ လူငယ်လေးများက မြန်မာဂီတနှင့် အနောက် တိုင်းဂီတတို့ကို ပေါင်းစပ်တီးမှုတ်ကြသော အပျော်တမ်း တူရိယာအသင်းများ ဖွဲ့စည်းလာကြသည်။ မာဃတဲ့၊ မင်္ဂလာညွန့်တဲ့၊ မြို့မတဲ့၊ ပျိုတို့မောင်တဲ့ . . . စသဖြင့် ဖြစ်ပါသည်။ မြန်မာတို့၏ အထွတ်အမြတ်ဖြစ်သော သင်္ကြန်အခါကာလတွင် မြို့ပေါ်ရှိ ကုန်တိုက်ကြီးများ အသီးသီးက အသုံးပြုသော ကုန်တင်လော်ရီကားများကို စီးပွားရေးလာဘ်မြင်၍ အကင်းပါးသော ကုန်တိုက်ပိုင်ရှင် များ၊ မန်နေဂျာများက လူငယ်များ သင်္ကြန်လည်ရန် အသုံးပြုခွင့်ပေးခဲ့၏။ အနုပညာဓာတ်ခံရှိသော မန္တလေး သားလူငယ်လေးများက အဆိုပါ ကုန်တင်လော်ရီကား များကို စပ်ပန်းချီဖြင့် အလှအပဆင်၍ အပျော်တမ်း တီးဝိုင်းအဖွဲ့များဖြင့် သင်္ကြန်ပွဲတော် ဆင်နွှဲပျော်ကြတော့ သည်။

ထိုသို့ အလှပြယာဉ်များ စတင်အသုံးပြု လည်ပတ် သည့်အချိန်နှင့်အတူ မြို့ခံမိန်းမပျိုလေးများကလည်း အိမ်ရှေ့စင်ထိုး၊ အုန်းလက်၊ ပိတောက်ခက်များနှင့် အလှဆင်ပြီး အဆိုအကများနှင့် သင်္ကြန်ဆင်နွှဲကြတော့ သည်။ ထိုသို့ သင်္ကြန်အခင်းအကျင်း အပြောင်းအလဲ တွင် သီဆိုကြမည့်သီချင်းများက ရှေးရှေး ဘုရင့်ခေတ်က ကဲ့သို့ နရီစည်းလေးကြီးနှင့် မဖြစ်တော့။ မြူးကြွ သွက်လက် ပျော်ရွှင်ဖွယ်သီချင်းများ ဖြစ်ရတော့မည်။ လူတိုင်း၏ ရင်ခုန်သံကို ကိုယ်စားပြုသည့် စည်းချက် ဖြစ်ရတော့မည်။ ထိုစည်းချက်က ပဲ မဟုတ်ပါလား. .။ ဘာတူရိယာမှမပါဘဲ လော်ရီကားကြီး ပေါ် စုပြုံတက်ပြီး သင်္ကြန်ပျော်ကြစဉ်က၊ ကားဘော်ဒီ ကို ရေခွက်၊ ဖလား၊ ရေပုံးများနှင့် ခေါက်ကြသည့်

## ဆူးငှက်

စည်းချက်ကိုက ဒုန်း၊ ဒုန်း၊ ဒုန်း . . .၊ တစ်ချက်နား. . .။ ဤစည်းချက်ပင်ဖြစ်သည်။

(ဒုန်း)၊ (ဒုန်း)၊ (ဒုန်း)၊ (. . . . .)
(ဒုန်း)၊ (ဒုန်း)၊ (ဒုန်း)၊ (. . . . .)

ထိုစည်းချက်နှင့် လိုက်ဖက်သော ဒိုးဆစ်ကို ထည့် သွင်းလိုက်သောအခါ

‘ဗေးပို့၊ တူးပို့၊ တူးပို့၊ တူး’
‘ဗေးပို့၊ တူးပို့၊ တူးပို့၊ တူး’

ဟူ၍ ဖြစ်လာတော့သည်။ မြူးကြွသွက်လက်သော စည်းချက်နှင့်အတူ မြူးကြွသွက်လက်သော ဒိုးဆစ်သည် သင်္ကြန်၏ အမှတ်လက္ခဏာ၊ သင်္ကြန်၏ ‘အသံ’အဖြစ် အားရကျေနပ်စွာ လက်ခံလိုက်ကြသည်။ ထိုစည်းချက် နှင့် လိုက်ညီသော ဒိုးဆစ်ကို စတင်တီထွင်တီးခတ်သူက ‘မြို့မတူရိယာအသင်း’ဖြစ်သည်။ မြို့မ၏ ဂီတအနု ပညာ ထီးချက်စောင့်နတ်သားကြီးဖြစ်ကြသော မြို့မငြိမ်း ဦးဆောင်သည့် ဝိုင်းတော်သားများဖြစ်သည်။ ဤသို့ဖြင့် ထီးသုံးနန်းသုံး ‘ရာဇ’သင်္ကြန်၏ ကိန်းကြီးခန်းကြီး နရီစည်းဝါးကြီးမှ အယုတ်အလတ် အမြတ်မရွေး၊ အများ ပြည်သူအပေါင်း ပျော်ရွှင်စွာဆင်နွှဲနိုင်သော ‘လူထု’ သင်္ကြန်(ဝါ) ရိုးရာယဉ်ကျေးမှုသင်္ကြန်အဖြစ် အဆိုပါ ဒိုးချက် ‘တူးပို့၊ တူးပို့’က ပေါင်းကူးညီညွတ်သွားစေခဲ့ သည်။

ဤသို့ဖြင့် လူထုသဘောဆောင်သော သင်္ကြန်များ၏ အရှိန်အဟုန်က အားကောင်းလာသော စစ်ကြိုခေတ် ကာလများတွင် မန္တလေးသင်္ကြန်တွင် မပါမဖြစ် ပါဝင် ဆင်နွှဲလျက်ရှိသည့် မြို့မတူရိယာအသင်းက ငွေငန်း အလှပြယာဉ်ဖြင့် မြူးကြွသော သင်္ကြန်သီချင်းများကို လည်း နှစ်စဉ် အသစ်အသစ် ရေးစပ်သီဆိုတီးမှုတ်ခဲ့ရာ လူထုသင်္ကြန်သည် ဂီတသင်္ကြန်၊ အကသင်္ကြန်၊ အလှ သင်္ကြန်များအဖြစ် ယဉ်ကျေးမှုမှတ်ကျောက်တင်နိုင် ခဲ့ကြ၏။ ထိုအချိန်ကာလတွင် သင်္ကြန်၏အမှတ်လက္ခဏာ ‘ဒိုးဆစ်’ဖြစ်သည့် ‘တူးပို့၊ တူးပို့’ကို ပိုမိုလေးနက်၊ ပိုမို အထင်အရှားဖြစ်စေသော တေးသီချင်းတစ်ပုဒ်ကို ဆရာ မြို့မငြိမ်းက ရေးစပ်လိုက်တော့သည်။ ထိုအခါ နား၌သာ အကြားအဖြစ် ထင်ဟပ်ခဲ့သည့် ဒိုးဆစ်သံက စကားလုံး




ယခုအခါ . . . ကမ္ဘာကျော်ကုမ္ပဏီကြီးတစ်ခုက မြန်မာပြည်သို့ လာရောက်ကာ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာအရ မူအားဖြင့် လက်မခံခဲ့ကြသည့် အရက်သေစာမျိုးနွယ်ဝင်ဖြစ်သော ဘီယာ၏ကုန်ပစ္စည်းတွင် မူရင်းတံဆိပ်စာသား ‘အင်္ဂလိပ်စာလုံး’ကို အကြောင်းပြု၍ မြန်မာစာလုံး ‘တူးပို့’ဟု ဇွတ်အတင်းအဓမ္မ စကားလုံးဖလှယ်သုံးစွဲ၍ ဈေးကွက်သို့ အလုံးအရင်းနှင့် ကြော်ငြာကာ ဖြန့်ချိလျက်ရှိ


အလင်္ကာကျော်စွာ မြို့မငြိမ်း။

တေးသွားအဖြစ် လူတိုင်းနှုတ်ဖျား၌ သီဆို၊ စွဲမြဲ၊ နှစ်သက်၊ ကျယ်ပြန့်၊ ချိုမြိန်သွားတော့သည်။

“သင်္ကြန်နှစ်ဦး တူးပို့ . . .၊ တူးပို့၊
တူးသံမြူးသာယာ . . .၊
သင်္ကြန်မယ်များ တူးပို့ . . .၊ တူးပို့
တူးမာရဲ့နော်ဗျာ . . .၊
ငွေငန်းသံစုံ၊ တူးပို့ . . .၊ တူးပို့
အာရုံဖျော်ဖြေတာ . . .
မယ်တို့ကိုလည်း၊ တူးပို့ တူးပို့ မာပါစေခင်ဗျာ. . .”

ဤကား အနုပညာရှင်တစ်ဦး၏ အတိတ်ကံ၊ ပါရမီ၊ ဉာဏ်ရည်၊ စေတနာ၊ ပညာ၊ ဝီရိယနှင့် လုံ့လတို့၏ ရှားပါးတိုက်ဆိုင်ကွန့်မြူး၊ ပွင့်ထွက်မှုမှ ရရှိလာသော အမွေအနှစ်ဖြစ်ပါ၏။

‘တူးပို့၊ တူးပို့’

ဤအမွေအနှစ်က ၁၉၄၀ ဝန်းကျင်ကာလမှ သည် ဖြစ်တည်ခိုင်မြဲလာသည်မှာ ယခုတော့ တစ်ဦး တစ်ယောက်၊ တစ်သင်း၊ တစ်ဖွဲ့၊ တစ်မြို့၊ တစ်တိုင်း၏ အမွေအနှစ်မျှပင်မဟုတ်၊ တစ်မျိုးသားလုံး၏ အမွေအနှစ် ပင်ဖြစ်ခဲ့ချေပြီ။ ‘တူးပို့’ ဟူသော စကားလုံးနှစ်လုံးက သာမန်မျှမဟုတ်တော့။ ‘အမျိုးသားရေးလက္ခဏာ’ ကိုယ်စားပြု စကားလုံးနှစ်လုံးဖြစ်သည်။

-‘တူးပို့’သည်
မြန်မာ့ယဉ်ကျေးမှုကို ရည်ညွှန်းသည်။
-‘တူးပို့’သည်
အစဉ်အဆက် တန်ဖိုးထားခဲ့ကြသော မန္တလေးရိုးရာ သင်္ကြန်ကို ရည်ညွှန်းသည်။
-‘တူးပို့’သည်
အနှစ် ၉၀ သက်တမ်းရှိ မန္တလေးမြို့ဂုဏ်ဆောင် ‘မြို့မတူရိယာ’အသင်းကြီးကို ရည်ညွှန်းသည်။

ယခုအခါ . . . ကမ္ဘာကျော် ကုမ္ပဏီကြီးတစ်ခုက မြန်မာပြည်သို့လာရောက်ကာ မြန်မာ့ယဉ်ကျေးမှု အစဉ် အလာအရ မူအားဖြင့် လက်မခံခဲ့ကြသည့် အရက်သေစာ မျိုးနွယ်ဝင်ဖြစ်သော ဘီယာ၏ကုန်ပစ္စည်းတွင် မူရင်း တံဆိပ်စာသား ‘အင်္ဂလိပ်စာလုံး’ကို အကြောင်းပြု၍ မြန်မာစာလုံး ‘တူးပို့’ဟု ဇွတ်အတင်းအဓမ္မ စကားလုံး ဖလှယ်သုံးစွဲ၍ ဈေးကွက်သို့ အလုံးအရင်းနှင့် ကြော်ငြာ ကာ ဖြန့်ချိလျက်ရှိပါ၏။

‘တူးပို့’သည် မြန်မာ့ယဉ်ကျေးမှု၏ အမှတ်လက္ခဏာ၊
‘တူးပို့’သည် မန္တလေးရိုးရာသင်္ကြန်၏ အထိမ်းအမှတ်၊
‘တူးပို့’သည် မြို့မတူရိယာအသင်း၏ ပုံရိပ်၊
ထို့အတူ . . .
‘တူးပို့’သည် အနုပညာရှင်ကြီး ‘မြို့မငြိမ်း’၏ ဦးနှောက်မှ ကွန့်မြူးမွေးဖွားခဲ့သော ‘အနုပညာ’၊
ထို့ကြောင့်

ပုဂ္ဂလိက စီးပွားရေးဘီယာတံဆိပ်တွင် မည်သူ့ ခွင့်ပြုချက်မှမရယူဘဲ ကိုယ့်သဘောနှင့်ကိုယ် ‘တူးပို့’ ဟူသော စကားလုံးကို သုံးစွဲသင့်ပါသလော. . .။ ။



အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသထံမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဧည့်ပရိသတ်များ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

❒ **ရှေ့ဖုံးမှ**

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသထံ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဧည့်ပရိသတ်များက အခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဆရာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မေတ္တာနန္ဒဆေးရုံနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းအောင်ထံ ဒယာနန္ဒဖောင်ဒေးရှင်းကိုယ်စား ဦးအုန်းကျော်က လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားမှူးက ပါဝင်လှူဒါန်းကြသည့် အလှူရှင်များစာရင်းကို ဖတ်ကြားကြေညာသည်။

ထို့နောက် ဒယာနန္ဒဖောင်ဒေးရှင်းနာယက ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသက နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ကို ပေးအပ်သည်။

ယင်းနောက် လှူဒါန်းမှုအစုစုတို့အတွက် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသထံမှ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များက အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် မေတ္တာနန္ဒ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်ပွဲကို ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဆေးရုံမုခ်ဦးအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်းရှိ အမျိုးသား၊ အမျိုးသမီးလူနာဆောင်၊ ခွဲစိတ်ခန်းမနှင့် ဆေးဝါးသိုလှောင်ခန်းများကို လှည့်လည်ကြည့်ရှုသည်။

မေတ္တာနန္ဒဆေးရုံကို အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ ဦးဆောင်မှုဖြင့် ဒယာနန္ဒဖောင်ဒေးရှင်းနှင့် စေတနာရှင်များ၏ လှူဒါန်းငွေများဖြင့် တည်ဆောက်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ယက္ကန်းစင်တောင်ဒေသ တစ်ဝိုက်ရှိ ဆရာတော်သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်မည်ဖြစ်သည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တပ်မတော်အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**



အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသထံ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မေတ္တာနန္ဒ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

## ဟော်ရီဇုန်စားပွဲတင်တင်းနစ်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၆** (၈) ကြိမ်မြောက် ဟော်ရီဇုန်စားပွဲတင် တင်းနစ်ပြိုင်ပွဲကို ရန်ကုန်မြို့ သာကေတမြို့နယ် ရွှေခင်းသာလမ်းရှိ ဟော်ရီဇုန် မိုးလုံလေလုံအားကစားခန်းမ၌ ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီက စတင်ကျင်းပသည်။ ပြိုင်ပွဲတွင် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း၊ (၄၅နှစ်)အထက်၊ အသက် ၁၈ နှစ်အောက်၊ အသက် ၁၅ နှစ်အောက်၊ အသက် ၁၂ နှစ်အောက် အမျိုးသားစားပွဲတင်တင်းနစ်ပြိုင်ပွဲများပါဝင်သည်။ ထို့အပြင် အမျိုးသမီးတစ်ဦးချင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲများလည်း ကျင်းပလျက်ရှိသည်။ ပြိုင်ပွဲများကို ဇန်နဝါရီ ၁၇ ရက်အထိကျင်းပမည်ဖြစ်ပြီး ပထမ၊ ဒုတိယ၊ တတိယဆုများကို လက်ရည်တန်းအလိုက်ဆုများချီးမြှင့်မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# နာဂရိုးရာ နှစ်သစ်ကူးပွဲတော်မြင်ကွင်း ဓာတ်ပုံများ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် နာဂရိုးရာ ပန်တုံးကို ဒေသခံတိုင်းရင်းသားများနှင့်အတူ တပျော်တပါးတီးခတ်ကြစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှစ်ကြူး နာဂရိုးရာအောင်းလှံ ပေးအပ်စဉ်။ (သတင်းစဉ်)



နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ တက်ရောက်လာသည့် မန္တလေးအခြေစိုက် ရှမ်း၊ မွန်၊ ပလောင်၊ ကယန်း၊ အင်းသား၊ ကိုးကန့်၊ ကယန်း စာပေနှင့်ယဉ်ကျေးမှုကော်မတီကိုယ်စားလှယ်များနှင့် နာဂတိုင်းရင်းသားခေါင်းဆောင်များ နှစ်သစ်ကူးလက်ဆောင်ဖလှယ်ကြစဉ်။ (သတင်းစဉ်)

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်၌ ရိုးရာအကများဖြင့် ဖျော်ဖြေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)





နာဂရိုးရာ နှစ်သစ်ကူး ပွဲတော် မီးပုံပွဲတွင် ဝိုင်းဖွဲ့ကကြစဉ်။ (သတင်းစဉ်)



နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ တက်ရောက်လာကြသည့် ဒေသခံနာဂတိုင်းရင်းသားများကို တွေ့ရစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)






နာဂရိုးရာနှစ်သစ်ကူးပွဲတော်၌ ရိုးရာအကများဖြင့် ဖျော်ဖြေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ တက်ရောက်လာကြသည့် ဒေသခံနာဂတိုင်းရင်းသားများ နာဂရိုးရာ ပန်တုံးကို တပျော်တပါးတီးကြစဉ်။ (သတင်းစဉ်)





နာဂတိုင်းရင်းသားများကို တွေ့ရစဉ်။ (သတင်းစဉ်)



နာဂရိုးရာနှစ်သစ်ကူးပွဲတော် မီးပုံပွဲတွင် ဝိုင်းဖွဲ့ကနေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

# နိုင်ငံတိုးတက်မှုအတွက်အရေးပါသော ဒေသဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းသည် အလွန်မွန်မြတ်သော ကုသိုလ်ဒါနဖြစ်

**မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ယက္ကန်းစင်တောင်ဒေသရှိ ကျေးရွာပေါင်း ၂၇ ရွာမှ ဒေသခံပြည်သူများ၏ ကျန်းမာရေးကိုစောင့်ရှောက်ပေးနိုင်ရန် ၄င်းတောင်ခြေအနီးတွင် ဒယာနန္ဒဖောင်ဒေးရှင်းမှ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ ဆရာတော်ကြီးဦးဆောင်၍ စေတနာရှင် ဒါယကာ၊ ဒါယိကာမများ ဆောက်လုပ်လှူဒါန်းသည့် မေတ္တာနန္ဒဆေးရုံဖွင့်ပွဲနှင့် နိုင်ငံတော်သို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်က စည်ကားသိုက်မြိုက်စွာကျင်းပရာ ဆရာတော်ကြီးနှင့်တကွ အလှူရှင်များ၊ ဒေသခံရွာသူ ရွာသားများ၏ ကြည်နူးဝမ်းမြောက်စွာပြောကြားခဲ့ကြသည့် ပီတိစကားသံများကို ဖော်ပြလိုက်ပါသည်။**

**ဒေါက်တာ နန္ဒမာလာဘိဝံသ**



ဒီဒေသက သွားရေး လာရေး အင်မတန်ခက်တယ်။ မန္တလေးမြို့နဲ့ ၃၆ မိုင်လောက်ဝေးတယ်ဆိုပေမယ့် ရေတစ်တန်၊ ကုန်းတစ်တန် သွားလာရတယ်။ ဒါကြောင့် အရေးပေါ် ကိစ္စတွေမှာဆိုရင် ဆေးရုံဆေးခန်းမီအောင်ရောက်ဖို့ မလွယ်ဘူး။ ဒါကြောင့် ဒီနေရာမှာ အရေးပေါ်ကိစ္စတွေအတွက် ဆေးရုံတစ်ခုရှိမယ်ဆိုရင် ကျန်းမာရေးအတွက် အများကြီး အထောက်အကူဖြစ်နိုင်တဲ့နေရာလို့ ရည်ရွယ်ပြီး မေတ္တာနန္ဒဆေးရုံကို တည်ဆောက်တာပါ။ ဖွံ့ဖြိုးတိုးတက်မှုဆိုတာ တစ်ခုတည်းနဲ့ ရပ်တည်လို့မရပါဘူး။ ဒါကြောင့်မို့ ကျန်းမာရေးအတွက် မေတ္တာနန္ဒဆေးရုံကို တည်ဆောက်ပေးပြီး လူတွေရဲ့အကျင့်စာရိတ္တနဲ့ ကိုယ်ကျင့်တရားကောင်းမွန်လာအောင် သစ္စာနန္ဒဓမ္မစင်တာကိုလည်း တည်ဆောက်ပြီး ဘက်စုံတိုးတက်အောင် ရည်မှန်းပြီး ဆေးရုံနဲ့ ဓမ္မစင်တာတွဲဖက်ထားပေးတာ ဖြစ်ပါတယ်။ ဒေသက ကိုယ့်ရဲ့ဆွေမျိုးသားချင်းတွေကို မိမိနဲ့အတူတကွတွဲခေါ်ပြီး သာတူညီမျှနေနိုင်အောင် ဆောင်ရွက်နိုင်တဲ့လုပ်ငန်းဖြစ်လို့ အားလုံးသောပုဂ္ဂိုလ်တွေဟာ ဝမ်းသာပီတိဖြစ်ကြရတယ်။ တစ်ဦးတစ်ယောက် ကောင်းစားရေးမဟုတ်ဘဲ ဒီဒေသမှာရှိတဲ့ ရဟန်းရှင်လူ မည်သူမဆို ကျန်းမာပျော်ရွှင်စွာနဲ့ အသိပညာ၊ အတတ်ပညာတွေ ဖွံ့ဖြိုးလာမယ်ဆိုရင် နိုင်ငံပါဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒေသတစ်ခုရဲ့ဖွံ့ဖြိုးတိုးတက်မှုဟာလည်း နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုမှာ အင်မတန်မှ အရေးပါတာမို့ အလွန်ကြီးမားတဲ့ ကုသိုလ်ကောင်းမှုတစ်ခုကို ဆရာတော်နဲ့အတူ အလှူရှင်တွေ လက်တွဲပြီး ဆောင်ရွက်ရလို့ ဝမ်းသာကြည်နူးဖြစ်ကြမှာပါ။ အားလုံး တိုင်းပြည်အတွက် မိမိတို့ရဲ့နီးစပ်ရာ၊ ကိုယ်လုပ်နိုင်ရာ၊ ကိုယ်ကျရာတာဝန်ကို ဝိုင်းဝန်းဆောင်ရွက်ခြင်းဟာ အလွန်မွန်မြတ်တဲ့ ကုသိုလ်တရားဖြစ်တာကြောင့် တိုင်းသူ ပြည်သားအားလုံးဟာလည်း ဘယ်သူဘယ်ဝါလို့ ငြင်းဆိုတွက်ကပ်ပြီး မနေကြဘဲနဲ့ တညီတညာတည်း ကိုယ်လုပ်နိုင်တဲ့ အလုပ်ကို ဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်ကြရင်း အများကောင်းဖို့ ကြိုးစားကြပါလို့ တိုက်တွန်းချင်ပါတယ်။

**ဒေါက်တာ သက်မင်းအောင် (တာဝန်ခံဆရာဝန်)**



ဒီဆေးရုံကြီးဟာ လေးဧကကျယ်ဝန်းတဲ့ မြေပေါ်မှာပေ ၄၀၀ ပတ်လည် ဆောက်လုပ်ထားတဲ့ ၁၆ ခုတင်ဆံ့ ဆေးရုံဖြစ်ပါတယ်။ ဒီဆေးရုံမှာ တာဝန်ခံ ဆရာဝန်တစ်ယောက်၊ လက်ထောက်ဆရာဝန် တစ်ယောက် စုစုပေါင်းဝန်ထမ်းအင်အား ၁၂ ဦးနဲ့ ဧရာဝတီမြစ်ကမ်းဘေးက ကျေးရွာပေါင်း ၂၇ ရွာမှာရှိတဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးကို စောင့်ရှောက်ပေးနိုင်ဖို့ ဆရာတော်ကြီးရဲ့ ဒယာနန္ဒဖောင်ဒေးရှင်းက ကူညီလှူဒါန်းပေးပြီး ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်တဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ ဒီဆေးရုံဟာ ၂၀၁၄ ခုနှစ် ဧပြီ ၂၇ ရက်မှာ စတင်ဆောက်လုပ်ပြီး ၂၀၁၅ ဒီဇင်ဘာ ၃၁ ရက်မှာ ပြီးစီးခဲ့တယ်။ ဒီဆေးရုံမှာ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ ခွဲစိတ်ခန်း၊ သားဖွားခန်းတွေနဲ့ မြွေဆိပ်ဖြေဆေး၊ ခွေးရူးပြန် ကာကွယ်ဆေးတွေလည်း ထားရှိပါတယ်။ အရေးပေါ်လူနာတွေအတွက်လည်း အရေးပေါ်အထူးကြပ်မတ်ခန်းထားရှိပြီး နောက်ဆုံးပေါ်ပစ္စည်းတွေကို အဆင်သင့်ဖြည့်ဆည်းထားတဲ့အပြင် ဒီဆေးရုံရဲ့ ကုသမှုအင်အားမမီတဲ့ လူနာတွေအတွက်လည်း အရေးပေါ်ကားတစ်စီး စီစဉ်ထားပါတယ်။ ဒီဖောင်ဒေးရှင်းက အကုန်အကျခံပြီး ရွာသူ ရွာသားတွေ အားကိုးရမယ့် ဒီဆေးရုံကြီးကို ဝန်ထမ်းတွေ၊ ဆေးနဲ့ ဆေးရုံသုံး ပစ္စည်းတွေကို အပြည့်အစုံ ထောက်ပံ့လှူဒါန်းထားတဲ့အတွက် ဆရာတော်ကြီးကို တာဝန်ခံ ဆရာဝန်တစ်ယောက်အနေနဲ့ အားလုံးကိုယ်စားအထူးပင် ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

**ဒေါ်ညိုစိန်(ယက္ကန်းစင်တောင်ခြေရွာ)**

ဒီနေရာမှာ ဒီလိုဆေးရုံကြီးကို လာရောက် ဖွင့်လှစ်ပေးတဲ့အတွက် အတိုင်းမသိ ဝမ်းမြောက်ကြည်နူးမိပါတယ်။ ဆရာတော်ကြီးကိုလည်း အထူးပင်ကျေးဇူးတင်ပါတယ်။ ယခင်က ဒီဒေသဟာ သဘာဝတောတောင်ကြီးတွေ ဖြစ်နေတော့ နေထိုင်မကောင်းလို့ဆေးရုံကိုသွားဖို့သွားလာရေးအခက်အခဲရှိပြီး ဆေးရုံကိုသွားဖို့ လှည်းနဲ့တစ်မျိုး၊ လှေနဲ့တစ်ဖုံ သွားရပေမယ့် ဆေးရုံကို မရောက်ဘဲ အသက်ဆုံးရှုံးသွားရတာတွေ အများကြီးဖြစ်ခဲ့ပါတယ်။ အခုတော့ သွားလာရေးလွယ်ကူသွားတဲ့အပြင် ကျန်းမာရေးအတွက်လည်း စိတ်ချသွားရတဲ့အတွက် ကျွန်မတို့ဒေသက နောင်လာမယ့် အသီးအပွင့်လေးတွေအတွက် ဒုက္ခရောက်စရာအကြောင်း မရှိတော့ပါဘူး။ ဒါကြောင့် တွေးမိတိုင်း ဆရာတော်ကြီးကို ကျေးဇူးတင်စိတ်နဲ့ ကြည်နူးဝမ်းသာဖြစ်မိပါတယ်။



**ဦးစန်းအောင်(မတ္တရာမြို့နယ်)**

ဆရာတော်ကြီးရဲ့ လောကကောင်းကျိုး၊ အများကောင်းကျိုးအတွက် ကြိုးပမ်းဆောင်ရွက်တဲ့နေရာမှာ ကဏ္ဍတစ်ခုအနေနဲ့ကုသိုလ်ပါဝင်ခွင့်ရတဲ့အတွက် အင်မတန်ဝမ်းသာပီတိဖြစ်ရပါတယ်။ အခု ဒီဒေသမှာ ဆရာတော်ကြီးလုပ်ဆောင်မှုတွေက ကျန်းမာရေးအတွက်သာမက ဒီဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာအောင် စိုက်ပျိုးရေးကဏ္ဍမှာပါ အော်ဂဲနစ်နည်းပညာနဲ့ သီးနှံတွေကို စိုက်ပျိုးထုတ်လုပ်နိုင်ဖို့အထိ ရည်မှန်းထားတယ်လို့ သိရပါတယ်။ ဒီအလှူမှာ ကျွန်တော်တို့က ဆရာတော်ကြီးရဲ့ ချီးမြှင့်မှုကြောင့် သံဃာအပါး ၁၀၀၀ ကို အရုဏ်ဆွမ်းဆက်ကပ်ခြင်းနဲ့ လူတွေကို စတုဒိသာကျွေးမွေးခြင်းကုသိုလ်ကို လှူဒါန်းခွင့်ရတာပါ။ ဒီနေရာမှာ ဆေးရုံတွေဆောက်ပြီး လမ်းတွေလည်း ကောင်းမွန်လာတယ်ဆိုတာ အရင်က အိပ်မက်တောင် မမက်နိုင်တဲ့ ကိစ္စတွေပါ။ အခုတော့ ဆရာတော်ကြီးရဲ့ ကျေးဇူးကြောင့် အိပ်မက်မဟုတ်ဘဲ တကယ်ခံစားခွင့်ရကြတော့မှာပါ။ ဒါကြောင့် ဒီနယ်သားတစ်ယောက်အနေနဲ့ ဆရာတော်ကြီးရဲ့ ကျေးဇူးတရားတွေကို တွေးမိပြီး ကြည်နူးမိပါတယ်။



**ဦးပဥ္စင်းဦးသြဘာသ(ဇောတိကာရုံကျောင်း၊ ရွှေလှေရွာ၊ စဥ့်ကူးမြို့နယ်)**

ဒီဒေသလေးကဆရာတော်ကြီးနဲ့ ဦးပဥ္စင်းတို့ ဇာတိရွာနဲ့ဆိုရင် တစ်မိုင်လောက်ပဲ ဝေးတာပါ။ ဒါကြောင့် ဆရာတော်ကြီးက ငါတို့ရွာနဲ့လည်း အနီးဆုံးနေရာဖြစ်အောင် အမြဲတမ်းလည်း ကားဝင်လို့ထွက်လို့ကောင်းတဲ့နေရာကိုရွေးပြီး ဆေးရုံဆောက်နိုင်ဖို့ မြေနေရာရရှိအောင် ဆောင်ရွက်ပါလို့မိန့်ကြားတဲ့အတွက် နိုင်ငံတော်ကနေ မြေ ၂၇ ဒသမ ၃၃ ဧက ရရှိခဲ့ပါတယ်။ ဒါနဲ့ ဒီဆေးရုံကို ၂၀၁၄ ခုနှစ် မေ ၂၄ ရက်မှာစပြီး တည်ဆောက်ခဲ့တာ တစ်နှစ်ကျော်ကြာခဲ့ပါတယ်။ ဒီဆေးရုံနဲ့အတူ တရားဓမ္မတွေ ဟောကြားပြသနိုင်ဖို့ ဓမ္မစင်တာကိုလည်း တစ်ပါတည်း တည်ဆောက်ခဲ့ပါတယ်။ ဆေးရုံကို မေတ္တာနန္ဒဆေးရုံ၊ ဓမ္မစင်တာကိုတော့ သစ္စာနန္ဒလို့ ဆရာတော်ကြီးက အမည်ပေးခဲ့ပါတယ်။ အခုမေတ္တာနန္ဒဆေးရုံကိုဖွင့်လှစ်ပြီး နိုင်ငံတော်ကို လွှဲပြောင်းလှူဒါန်းပေးမှာ ဖြစ်ပါတယ်။ ဒီဆေးရုံဖွင့်ပွဲကို အကြိုကုသိုလ်အနေနဲ့ ဇန်နဝါရီ ၁၅ ရက်မှာ စဥ့်ကူးမြို့နယ်က ကျောင်းပေါင်း ၂၁၅ ကျောင်း၊ မတ္တရာမြို့နယ်က ၄၁၆ ကျောင်းနဲ့ တခြားပင့်သံဃာတွေ



စုစုပေါင်း ၁၀၀၀ ကို တစ်ပါးလျှင် တစ်သိန်းကျော်ဖိုးစီလှူဒါန်းပြီး အရုဏ်ဆွမ်းကပ်လှူပါတယ်။ ဇန်နဝါရီ ၁၆ ရက်မှာ ဒီဆေးရုံကြီးကို ဖွင့်ပွဲကျင်းပပြီး နိုင်ငံတော်ကိုလွှဲပြောင်းပေးအပ်လှူဒါန်းပွဲကျင်းပတာ ဖြစ်ပါတယ်။ ဇန်နဝါရီ ၁၇ ရက်မှာတော့ မေတ္တာနန္ဒဆေးရုံကြီး ဖွင့်ပွဲအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် စတုဒိသာ ကျွေးမွေးပြီး လာရောက်သူအားလုံးကို အထူးကုဆရာဝန်ကြီးတွေက အခမဲ့ဆေးကုသပေးမှာ ဖြစ်ပါတယ်။ ဦးပဥ္စင်းအနေနဲ့ ဒီကုသိုလ်မှာ ပါဝင်ခွင့်ရတာနဲ့ပတ်သက်လို့ ပြောရရင် တချို့က ဒီလိုကုသိုလ်ကို လုပ်ချင်ပေမယ့် လုပ်ခွင့်မရကြဘူး။ တချို့က လုပ်ခွင့်ရပေမယ့် လုပ်ချင်စိတ်မရှိဘူး။ ဦးပဥ္စင်းအနေနဲ့ကတော့ လုပ်ချင်စိတ်လည်းရှိတယ်။ ဆရာတော်ကြီးကလည်း လုပ်ခွင့်ပေးထားတဲ့အတွက် ကံအကောင်းဆုံးပုဂ္ဂိုလ် ဖြစ်ပါတယ်လို့ ပြောလိုပါတယ်။

**တင်မောင်(မန်းကိုယ်ပွား)**
**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြန်မာ့လက်မှုအနုပညာ လက်ရာများအား စိတ်ဝင်စားမှု မြင့်တက်

**ရန်ကုန် ဇန်နဝါရီ ၁၆**

မြန်မာတို့၏ ရှေးဘုရင်မင်းများလက်ထက်ကတည်းက အမြတ်တနိုး တန်ဖိုးထားလုပ်ကိုင်ခဲ့သည့် မြန်မာ့လက်မှုအနုပညာလက်ရာများအား ယခုအခါ နိုင်ငံတကာက စိတ်ဝင်စားမှုမြင့်မားလာကြောင်း ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကမ်းနားလမ်းပိုင်းရှိ ၌ ကျင်းပသော လက်မှုလုပ်ငန်းဆိုင်ရာ ညီလာခံမှ သိရသည်။

မြန်မာ့လက်မှုအနုပညာလုပ်ငန်းလက်ရာများ ညီလာခံသို့ မြန်မာ့အနုပညာလုပ်ငန်း နယ်ပယ်အသီးသီးမှ ပညာရှင်များ၊ နိုင်ငံတကာမှ မြန်မာ့အနုပညာလက်ရာမွန်များကို စိတ်ဝင်စားသည့် နိုင်ငံခြားသားများက အဆိုပါညီလာခံ၌ ခင်းကျင်းပြသထားသော နိုင်ငံတစ်ဝန်းမှ ထွက်ရှိသည့် မြန်မာ့အနုပညာလက်ရာမွန် ပစ္စည်းအမျိုးမျိုးတို့ကို စိတ်ဝင်တစား လိုက်လံကြည့်ရှုကြသည်။

မြန်မာ့အနုပညာလက်ရာမွန်ထုလုပ်တဲ့ နယ်ပယ်စုံက ပညာရှင်တွေ အသီးသီးစုရုံးတွေ့ဆုံကြတာဖြစ်ပါတယ်။ ရှေ့ဆက်ပြီး မြန်မာ့အနုပညာလက်ရာတွေကို အခုထက်ခေတ်မီပြီး အရည်အသွေးကောင်းမွန်ဖို့နဲ့ ပြည်ပနိုင်ငံတွေက ဒီထက်စိတ်ဝင်စားမှု ပိုမိုမြင့်မားလာအောင် နှီးနှောတိုင်ပင်ဆွေးနွေးကြမှာပါ။ မြန်မာ့အနုပညာလက်ရာတွေက အခုနောက်ပိုင်းမှာ အနည်းငယ်မှေးမှိန်လာတယ်ဆိုပေမယ့် နိုင်ငံခြားသားတွေကတော့ အရင်ကထက် စိတ်ဝင်စားမှုမြင့်မားလာတာတွေ့ရတယ်။ ဒါက ကျွန်မတို့ လက်မှုအနုပညာလုပ်ငန်းတွေရဲ့ အားသာချက်တစ်ခုပဲ။ ဒါကို အကောင်းဆုံးနဲ့ တိုးတက်လာအောင် လုပ်သွားဖို့လိုပါတယ်”ဟု အဆိုပါပြပွဲအား ဦးဆောင်စီစဉ်ဆောင်ရွက်သူ မသီတာ( A )က ပြောသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

အဆိုပါ ညီလာခံကြီးကို ဗြိတိသျှကောင်စီ (မြန်မာ) နှင့် A D C N A တို့ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပြပွဲတွင် ဒီဇိုင်းပညာရှင်များ၊ လက်မှုပညာရှင်များ၊ လူမှုအခြေပြု စီးပွားရေးလုပ်ငန်းရှင်များ၊ လက်မှုပညာရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ယဉ်ကျေးမှုဆိုင်ရာ ကျွမ်းကျင်သူများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့် လက်မှတ်ရလက်မှုအနုပညာ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။



**ညီလာခံ၌ လက်မှုအနုပညာလက်ရာမွန်များကို ပြသထားစဉ်။**

ဆွေးနွေးပွဲတွင် လက်မှုလုပ်ငန်းဆိုင်ရာ နယ်ပယ်အသီးသီးမှ ပညာရှင်များနှင့် လုပ်ငန်းရှင်များက ကမ္ဘာတစ်ဝန်းရှိ လက်မှုနှင့် ရိုးရာယဉ်ကျေးမှုနယ်ပယ်တွင် ကြုံတွေ့ဖြစ်ပေါ်နေသော အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ၊ လက်မှုနှင့် ခေတ်ပြိုင်ဒီဇိုင်းဖန်တီးမှုများကို ယနေ့ညီလာခံတွင် ထည့်သွင်းဆွေးနွေးမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးရက်ကြာကျင်းပမည့် နိုဘယ်-မြန်မာစာပေပွဲတော် (၂၀၁၆) ဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၆

သတင်း - ဝင်းဝင်းမော်၊ ဇော်ကြီး(ပဏီတ)၊ ဓာတ်ပုံ - လှမိုး

**ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်၍ သုံးရက်ကြာကျင်းပမည့် နိုဘယ်-မြန်မာ စာပေပွဲတော် ၂၀၁၆ ကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုလမ်းရှိ P ၌ ယနေ့ နံနက် ၉ နာရီမှစတင်ကာ ဖွင့်လှစ်သည်။**




အဆိုပါပြပွဲတွင် ကလေးများအတွက် ငယ်စဉ်ဘဝမှစတင်ကာ စာဖတ်အလေ့အကျင့် ခေတ်အဆက်ဆက် အောင်မြင်ကျော်ကြားခဲ့သော ကလေးစာပေဆိုင်ရာ စာအုပ်စာတမ်းများနှင့် ကလေးနှင့် လူငယ်စာပေရေးသားခြင်း အကြောင်း၊ ကလေးစာပေ ရေးသားခြင်းတို့ကို သိရှိစေရန်အတွက် ဇန်နဝါရီ ၁၆ ရက်မှစတင်ကာ ဇန်နဝါရီ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

နိုဘယ်-မြန်မာ စာပေပွဲတော်တွင် ရင်သွေးငယ်များ၏ကဗျာရွတ်စွမ်းရည်ပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပြည်တွင်း ပြည်ပ စာပေပညာရှင်တို့၏ စာပေဟောပြောပွဲများ၊ စာရေးဆရာ၊ ကဗျာဆရာတို့၏ ဝတ္ထုဖတ်ပွဲ၊ ကဗျာဖတ်ပွဲများ၊ စာရေးဆရာ၊ ဆရာမများ ပါဝင်သရုပ်ဆောင်ထားကြသည့် တေးသရုပ်ဖော် ဇာတ်လမ်းများ၊ အနုပညာရှင်များ၏ ဖျော်ဖြေခြင်းများ၊ စာအုပ်ဆိုင် ၁၀၀ ကျော်မှ စာအုပ်စာပေများကို ရောင်းချသည့် အစီအစဉ်များ ပါဝင်သည်။

နိုဘယ်-မြန်မာစာပေပွဲတော်ကို ပွဲတော်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးဖေမြင့်၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦးနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဖွင့်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယကက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် နိုဘယ်-မြန်မာ စာပေပွဲတော် ကျင်းပရေးကော်မတီ ဥက္ကဋ္ဌက နိုဘယ်-မြန်မာ စာပေပွဲတော်ကျင်းပရခြင်းနှင့် အမည်နာမ ရွေးချယ်ပုံနှင့်ပတ်သက်၍ တင်ပြရာ ၂၀၁၄ ခုနှစ်အတွင်း နော်ဝေနိုင်ငံမှ ရောက်ရှိလာသည့် စာပေနှင့် လူမှုရေးဆိုင်ရာ ကိစ္စများတွင် စိတ်ဝင်စားသည့်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် မြန်မာစာပေသမားအချို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် နိုင်ငံတကာပူးပေါင်းစီစဉ်သည့် စာပေပွဲတော်တစ်ရပ်ကျင်းပရန် စိတ်ကူးရခဲ့ပါကြောင်း၊ ထိုအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် အဓိကပါဝင်ဆောင်ရွက်သည့် နိုင်ငံတကာ အဖွဲ့အစည်းများမှာ နော်ဝေနိုင်ငံနှင့် ဆွီဒင်နိုင်ငံမှဖြစ်ပါကြောင်း၊ ဆွီဒင်နိုင်ငံသည် မိမိတို့ မြန်မာစာပေသမားများနှင့် တစ်ကမ္ဘာလုံးရှိ စာပေသမားများ စိတ်ဝင်စားသည့်စာပေဆိုင်ရာ နိုဘယ်ဆုချီးမြှင့်သည့်နိုင်ငံ ဖြစ်ပါကြောင်း၊ နော်ဝေနိုင်ငံသည် ငြိမ်းချမ်းရေးဆိုင်ရာ နိုဘယ်ဆုချီးမြှင့်သည့် နိုင်ငံဖြစ်သည်ကို အားလုံးသိပါကြောင်း။

ထို့ကြောင့် မိမိတို့နှင့်ပူးပေါင်းဆောင်ရွက်သည့် နိုင်ငံတကာ မိတ်ဆွေများနှင့် မိမိတို့နှစ်သက်တန်ဖိုးထားသည့် နိုဘယ်ဆုကိုအကြောင်းပြုပြီး မိမိတို့ကျင်းပမည့် စာပေပွဲတော်ကို နိုဘယ်-မြန်မာ စာပေပွဲတော်ဟု အမည်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၁၅ တွင် ကျင်းပခဲ့သည့် ပထမအကြိမ် နိုဘယ်-မြန်မာစာပေပွဲတော်တွင် စာပေနှင့် ငြိမ်းချမ်းရေးကို ဆက်စပ်ပြီး စာပေသည် ငြိမ်းချမ်းရေးအတွက်ဆိုသည့် ခေါင်းစဉ်တပ်ခဲ့ပါကြောင်း၊ ရည်ရွယ်ချက်မှာ စာဖတ်ခြင်းသည် အတွေးအမြင် ဗဟုသုတကြွယ်ဝစေကြောင်း၊ အဆိုပါကြွယ်ဝမှုကြောင့် အမြင်ကျယ်ခြင်း၊ သဘောထားကြီးခြင်း၊ မိမိနှင့်မတူကွဲပြားသည့် အယူအဆများကို သည်းခံနိုင်ခြင်းတို့ဖြစ်စေပါကြောင်း၊ ထို့ကြောင့် လူ့အဖွဲ့အစည်းတွင် ပဋိပက္ခများ လျော့ပါးပြီး ငြိမ်းချမ်းမှုဖြစ်ပေါ်စေနိုင်သည်ဆိုသည့်အချက်ကို အများပြည်သူတိုးတက် သိမြင်လာအောင် ဖြန့်ချိလိုသည့်သဘောဖြစ်ပါကြောင်း။

ယခု ၂၀၁၆ ဒုတိယအကြိမ် ကျင်းပသည့်အခါ ပထမနှစ်က မိမိတို့ပြောဆိုခဲ့ကြသည့် ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ ယခုနှစ်၏ခေါင်းစဉ်ဖြစ်ပါကြောင်း၊ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာနိုင်ငံ၌ ကလေးသူငယ်များအတွက် စာအုပ်စာပေကောင်းများ ပိုမိုကြွယ်ဝပြည့်စုံလာစေရေး၊ မြန်မာလူငယ်များအား ကလေးဘဝမှ စတင်၍ စာဖတ်ဝါသနာ ပြုစုပျိုးထောင်ပေးနိုင်ရေး၊ စာဖတ်ခြင်းဖြင့် လောကအကြောင်း၊ လူ့အကြောင်းကိုလည်းကောင်း၊ ကလေးစာပေကို အဓိကထား ဆောင်ရွက်ခြင်းအကြောင်းရင်းတစ်ခုကတော့ ကလေးများကို ငယ်စဉ်ကစပြီး စာဖတ်ဝါသနာ ပြုစုပျိုးထောင်ပေးနိုင်ရန်အတွက်ဖြစ်ပါကြောင်း၊ ငယ်ရွယ်စဉ်မှာ စာဖတ်ဝါသနာကိန်းအောင်းသွားသူတစ်ယောက်သည် စာပေအားပုံနှိပ်စာရွက်များမှ ဖြစ်စေ၊ အီလက်ထရွန်နစ် ပစ္စည်းများ၏ မျက်နှာပြင်များပေါ်မှဖြစ်စေ ဖတ်ရှုရန်ဝန်မလေးသည့် ရာသက်ပန်စာဖတ်သူများဖြစ်သွားမှာဖြစ်ပါကြောင်း၊ ထို့ပြင် စာအုပ်များမှရရှိသည့် ဗဟုသုတဉာဏ်အမြော်အမြင်များနှင့် အတူ စိတ်ဓာတ်ကောင်း၊ အမူအကျင့်ကောင်းများပါ ပွားများရရှိပြီး မိမိကိုယ်တိုင်အတွက်သာမက ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းနှင့် တိုင်းပြည်အတွက်ပါ အကျိုးပြုမည့် လူတော်လူကောင်းများ ဖြစ်လာကြလိမ့်မည်ဟု ယုံကြည်မိသောကြောင့် ကလေးစာပေကို အလေးအနက်ထား ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတကာစာပေပညာရှင်များကိုယ်စား မစ္စတာ အော်ဒွန်အားဂရီ (A A ) က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက်နိုဘယ်-မြန်မာစာပေပွဲတော်(၂၀၁၆)အတွက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ပေးပို့လာသည့် သဝဏ်လွှာကို အမျိုးသမီးစာရေးဆရာ ဒေါ်တင်သန္တာ ကလည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့လာသည့် သဝဏ်လွှာကိုကဗျာဆရာ မုံရွာအောင်ရှင်ကလည်းကောင်း အသီးသီးဖတ်ကြားကြသည်။

နိုဘယ်-မြန်မာ စာပေပွဲတော်ကို ၂၀၁၅ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယခု အကြိမ်သည် ဒုတိယအကြိမ်မြောက်ဖြစ်ပြီး ထူးခြားချက်မှာ ကလေးများအကြိုက် ကာတွန်းဇာတ်ကောင်များ၊ စာပေပွဲတော်လာ ကလေးများကိုယ်တိုင် ပါဝင်ဆင်နွှဲနိုင်သည့် ပုံပြောစွမ်းရည်၊ ကဗျာရွတ်စွမ်းရည်၊ စာဖတ်စွမ်းရည်၊ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများကို ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ပွဲတော်ကို သုံးရက်ကြာကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို ဝင်ကြေးအခမဲ့ဖြင့် လာရောက်ဆင်နွှဲနိုင်ကြောင်း သိရသည်။



ပွဲတော်၌ ခင်းကျင်းပြသထားသည့် စာအုပ်၊ စာပေများကို တွေ့ရစဉ်။

---

✻ *ကျောဖုံးမှ*

၁၈ ရက်အထိကို တတိယအကြိမ် အိမ်တိုင်ရာရောက်ကောက်သင်းကောက်တိုက်ရန် စီစဉ်ထားသော်လည်း ပို၍လွှမ်းခြုံမှုများရရှိစေရေးအတွက် ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်ထိကို ဒေသအလိုက်အမျိုးသားကာကွယ်ဆေးတိုက်နေ့များအဖြစ်သတ်မှတ်ကာ ရခိုင်ပြည်နယ် ၁၇ မြို့နယ်အပါအဝင်စုစုပေါင်း ၁၇၁ မြို့နယ်တွင် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပေးမည်ဖြစ်သော်လည်း ရခိုင်ပြည်နယ်တွင် ယခင်ကောက်သင်းကောက် နည်းဗျူဟာအတိုင်း တိုက်ကျွေးပေးမည်ဖြစ်ကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးဒေါက်တာ သောင်းလှိုင်က ပြောကြားပြီး "ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးတဲ့ရက်တွေပြောင်းသွားတာက လွှမ်းခြုံမှုပိုမိုမြင့်မားလာစေဖို့အတွက် အခြားမြို့နယ်တွေကို ပါဝင်စေလိုတာကြောင့် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့တွေ သတ်မှတ်ပြီးတော့ တိုက်ကျွေးပေးတာပါ။ ဒါပေမယ့် ရခိုင်ပြည်နယ် ၁၇ မြို့နယ်နဲ့ အရင်ကကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပေးခဲ့တဲ့ မြို့နယ်ငါးမြို့နယ် စုစုပေါင်း ၂၂ မြို့နယ်မှာ တစ်အိမ်တက်ဆင်း တိုက်ကျွေးပေးတဲ့ ယခင်ကောက်သင်းကောက် နည်းဗျူဟာအတိုင်း တိုက်ကျွေးသွားမှာပါ။ အခြား ၁၄၉ မြို့နယ်မှာတော့ စုရပ်တွေသတ်မှတ်ပြီးတော့ တိုက်ကျွေးပေးမှာပါ"ဟု ပြောသည်။

ရခိုင်ပြည်နယ်သည် အသွင်ပြောင်းပိုလီယိုပိုးတွေ့ရှိရာဒေသ၊ ရွှေ့ပြောင်းလုပ်သားများ မကြာခဏဝင်ရောက်ရာဒေသဖြစ်၍ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဒေသအလိုက်အမျိုးသားကာကွယ်ဆေးတိုက်နေ့များအဖြစ် သတ်မှတ်သော်လည်း နည်းဗျူဟာမပြောင်းလဲဘဲ ယခင်အတိုင်း တိုက်ကျွေးမည်ဖြစ်၍ ကလေးမိဘများက ကျေနပ်အားရကြောင်းသိရသည်။

"ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ အသွင်ပြောင်းပိုလီယိုပိုးတွေ့ရာဒေသလည်းဖြစ်ပါတယ်။ မကြာခဏဆိုသလိုရွှေ့ပြောင်းလုပ်သားတွေလည်းဝင်ရောက်နေတယ်။ တစ်ဖက်နိုင်ငံကိုလည်း ကူးလူးဆက်သွယ်မှုတွေရှိနေတော့ ပိုပြီးဂရုစိုက်ဖို့လိုပါတယ်။ အခုပိုလီယိုဆေးတိုက်ကျွေးတဲ့အခါ ယခင်ကောက်သင်းကောက် နည်းဗျူဟာအတိုင်း တိုက်ကျွေးပေးမယ်ဆိုတော့ ဝမ်းသာပါတယ်။ ခုလိုစေတနာနဲ့ တိုက်ကျွေးပေးတဲ့ ကျန်းမာရေးဝန်ထမ်းတွေကို ကျေးဇူးတင်ပါတယ်"ဟု စစ်တွေမြို့ အုန်းတစ်ပင်ရပ်ကွက်မှ ဦးဝင်းမောင်က ပြောသည်။

---

## သက်တမ်းတိုအထွက်ကောင်းစပါးမျိုးများ အသုံးပြုရေးနှင့် စိုက်ပျိုးရေ၊ သောက်သုံးရေများ အလေအလွင့်မရှိစေရေး သတိပေးနှိုးဆော်ချက်

၁။ ယခုနှစ်နွေရာသီမှစ၍ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများစုအနေဖြင့် အယ်နီညိုရိုက်ခတ်မှုဒဏ် ( N ) ကြောင့် ရာသီဥတုပိုမိုပူပြင်းပြီး စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရေး အခက်အခဲများ ရှိလာမည်ဖြစ်ကြောင်း သတင်းများ ထုတ်ပြန်လျက်ရှိပါသည်။

၂။ ဒေသအသီးသီးတွင် (အထူးသဖြင့် ရေပေးမြောင်းလက်တံအဖျားရှိ နွေစပါးစိုက်ဧရိယာများ) မိမိတို့ဒေသနှင့် ကိုက်ညီသည့်၊ ရေလိုအပ်ချက်နည်းသော သက်တမ်းတို အထွက်ကောင်းစပါးမျိုးများကို ရွေးချယ်စိုက်ပျိုးကြရန် လိုအပ်မည်ဖြစ်ပါသည်။

၃။ ထို့ပြင် သောက်သုံးရေစုဆောင်းခြင်းနှင့် စိုက်ပျိုးရေအလေအလွင့်မရှိ အကျိုးရှိစွာအသုံးချခြင်း လုပ်ငန်းများကို စနစ်တကျစီမံဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

၄။ သက်တမ်းတိုအထွက်ကောင်းစပါးမျိုးများရရှိရေးနှင့် စိုက်ပျိုးရေရရှိရန်ခက်ခဲသောဒေသများတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၆**

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ရှိ ဆရာ ဆရာမများ၊ ဝန်ထမ်းမိသားစုများနှင့် ဘွဲ့လွန်၊ ဘွဲ့ကြိုကျောင်းသား ကျောင်းသူများ အန္တရာယ်ကင်းရှင်းစေရန်နှင့် ကုသိုလ်တရား ပွားများနိုင်စေရန် ရည်ရွယ်၍ ပဌမအကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဇန်နဝါရီ ၁၁ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့ရာ ရေဆင်းကန်ဦးပရိယတ္တိစာသင်တိုက်မှ ဆရာတော် သံဃာတော်များက ပဋ္ဌာန်း ဒေသနာတော်ကို နာရီပေါင်း ၁၂၀ ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။ **(မြန်မာ့အလင်း)**



# ခရမ်းမြို့၌ မြစိမ်းရောင်စီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၆**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရန်ကုန်တောင်ပိုင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အေးအေးကြူ၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစတင်မျိုးလွင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်အောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရမ်းမြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာ ၁၄ ရွာမှ ကော်မတီဝင်များနှင့် နာယကများ တက်ရောက်ခဲ့ပြီး မြစိမ်းရောင်အတိုးရငွေမှ ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ငန်းများဆောင်ရွက်ရေး အကြံပြုဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ဒီးဒုတ်ဝဲကြီးအတွင်းသို့ မြေထိုးစက်ကြီးများဖြင့် မြေပို့၍ ရေယာဉ်ချွဲထွင်နေမှုကြောင့် သဘာဝအရင်းအမြစ်များ ပျက်စီးဆုံးရှုံးနိုင်

**စဉ့်ကိုင် ဇန်နဝါရီ ၁၆**

ရဲရွာရေအားလျှပ်စစ် စီမံကိန်း ရေလှောင်တမံကြီးအောက်ဘက်တွင် နာမည်ကြီး ဒီးဒုတ်ဝဲကြီးနှင့် ဒီးဒုတ်ရေပြာအိုင်တို့ရှိပြီး ဒုဋ္ဌဝတီမြစ်အတွင်းရှိ ဒီးဒုတ်ဝဲကြီး၏ အရှေ့ဘက်ကမ်းတွင် ဒေသခံများခုတ်ထွင်ရှင်းလင်း၍ ခြံယာစိုက်ပျိုးသော မြေကွက်များရှိသည်။ ယင်းမြေကွက်များ အရှေ့ဘက်၌ ရဲရွာရေအားလျှပ်စစ်သို့သွားရာ ကွန်ကရစ်လမ်းမကြီးရှိကြောင်း၊ ဒီးဒုတ်ဝဲကြီးအရှေ့ဘက်တည့်တည့်ကျောက်ထရံကြီးတွင် ဒီးဒုတ်ရေပြာအိုင်ရှိပြီး လာရောက်အပန်းဖြေသူများနှင့် စည်ကားစပြုလာပြီဖြစ်ကြောင်း၊ အထူးသဖြင့် စနေ၊ တနင်္ဂနွေနှင့် ကျောင်းပိတ်ရုံးပိတ်ရက်များတွင် ပိုမိုစည်ကားကြောင်း သိရသည်။

အဆိုပါ စီးပွားရေးအကွက်ကို အကြောင်းပြု၍ ဒီးဒုတ်ဝဲကြီးတည်ရှိရာ ဒုဋ္ဌဝတီမြစ်ဘေးနှင့် ရဲရွာရေအားလျှပ်စစ်သို့သွားရာ ကွန်ကရစ်လမ်းဘေးရှိ မြေကွက်ကို ဒေသခံများထံမှ နိုင်ငံခြားသား(တရုတ်လူမျိုး) တစ်ဦးက ဈေးကြီးပေးဝယ်ယူလိုက်ကြောင်း၊ ယခုအခါ ကွန်ကရစ်လမ်းကို ကာကွယ်ထားသော လမ်းဘေးမြေနှင့် ၎င်းတို့ဝယ်ယူထားသော ခြံယာပြင်အတွင်းမှ မြေများကို မြေထိုးစက်ကြီးများဖြင့်ထိုး၍ ဒီးဒုတ်ဝဲကြီး မြစ်ကမ်းဘေးသို့ထိုးချကာ မြေချဲ့မှုများ စတင်ပြုလုပ်နေသည်ကိုတွေ့ရသည်။

ထို့ကြောင့် ဒုဋ္ဌဝတီမြစ်အတွင်းရှိ ဒီးဒုတ်ဝဲကြီးမှာ စဉ့်ကိုင်မြို့နယ်အတွင်းရှိ စွန်ရဲအင်းကြီးနှင့် ကတိုးရေထွက်၊ ဓာတ်တော်ရေထွက်၊ အမေဂျမ်းရေထွက်စသည့် အဓိကရေအရင်းအမြစ် နေရာကြီးတို့၌ သဘာဝရေထိုင်မြေထိုင်များပျက်စီးပြီး ရေထွက်များ ကန်းခြင်း၊ စိုက်ပျိုးရေ အရင်းအမြစ်အင်းကြီးများ တိမ်ကော ပျက်စီးခြင်းများဖြစ်မည်ကို ဒေသခံများက စိုးရိမ်နေကြကြောင်း သိရသည်။

**(၁၆၀)**

# မြစ်ကြီးနားအထွေထွေရောဂါကုဆေးရုံကြီးကို ခုတင်( ၅၀၀ )ဆံ့အဖြစ် အဆင့်တိုးမြှင့်

**မြစ်ကြီးနား ဇန်နဝါရီ ၁၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ခုတင်(၃၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးကို ပြည်သူတို့၏ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုပြည့်ဆည်းပေးနိုင်ရန်အတွက် ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီးအဖြစ် ဇန်နဝါရီ ၁၆ ရက်က အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းလွင်နှင့် မြစ်ကြီးနားဆေးရုံအုပ်ကြီး ဒေါက်တာအောင်ငွေစံတို့က ဆေးရုံကြီးဆိုင်းဘုတ်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက ဆေးရုံကြီးဆိုင်းဘုတ်သစ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဆေးရုံကြီး အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဆေးရုံဆေးခန်းများကို တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်ဆင့်သော ကျန်းမာရေးဝန်ထမ်းများကို မွေးထုတ်ခန့်ထားပေးခြင်း၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ၊ အဆင့်မြင့်စမ်းသပ်ပစ္စည်းကိရိယာများ၊ ဆေးဝါးကုသမှုပိုင်းဆိုင်ရာ စက်ကိရိယာများ ဖြည့်တင်းပေးခြင်း၊ ကျွမ်းကျင်ပညာရှင်ဝန်ထမ်းများ ခန့်ထားပေးခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူလူထု၏ အားကိုးအားထားရာဆေးရုံဖြစ်သော ပြည်သူ့ဆေးရုံကြီးကိုလည်း ခုတင်(၃၀၀)ဆံ့ ဆေးရုံကြီးမှ ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီးအဖြစ်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ပြည်နယ်အတွင်း ကျန်းမာရေးဝန်ထမ်းများ ခန့်ထားပေးနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ စီမံမှုနှင့် ပြည်နယ်အစိုးရအဖွဲ့၏ စီမံဆောင်ရွက်မှုဖြင့် ဆောင်ရွက်လျက်ရှိပြီး ပြည်နယ်အတွင်းရှိ ဝေးလံခက်ခဲသည့် မြို့နယ်နှင့် မြို့နယ်ခွဲများတွင် တာဝန်ထမ်းဆောင်မည့် ဆရာဝန် ၄၅ ဦးကို ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်ကစတင်ပြီး သက်ဆိုင်ရာ မြို့နယ်အလိုက် ဆေးရုံများ၌ တာဝန် ချထားပေးနိုင်ခဲ့ကြောင်း သိရသည်။

မြစ်ကြီးနားမြို့ အထွေထွေရောဂါကု ဆေးရုံကြီးကို ဒုတိယကမ္ဘာစစ်မတိုင်မီက ခုတင်(၁၀၀) ဆံ့ ဆေးရုံအဖြစ် စတင်ဖွင့်လှစ်တည်ဆောက်ခဲ့ကြောင်း၊ ၁၉၆၈ ခုနှစ်တွင် ခုတင်(၂၀၀)ဆံ့ ဆေးရုံအဖြစ်အဆင့်တိုးမြှင့်ခဲ့ကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ငွေစံက ပြောကြားသည်။ **(ပြည်နယ် ပြန်/ဆက်)**



# တူးပို့ စကားလုံးအား TUBORG ဘီယာတံဆိပ်တွင်အသုံးပြုမှု မြို့မငြိမ်းမိသားစုသဘောမတူ

**မန္တလေး ဇန်နဝါရီ ၁၆**

ဆရာမြို့မငြိမ်း၏ မြန်မာ့ရိုးရာယဉ်ကျေးမှုသကြံန်ကိုယ်စားပြု တူးပို့သီချင်းနှင့်ပတ်သက်၍ နိုင်ငံတကာကုမ္ပဏီကြီးတစ်ခုက စီးပွားရေးအတွက် အလွဲသုံးစားပြုလုပ်နေကြောင်း ရှင်းလင်းတင်ပြခြင်းကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီခွဲက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မြို့မတူရိယာအသင်းတိုက်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆရာမြို့မငြိမ်း၏ မြေးဖြစ်သူ ဦးဇော်မျိုးဦးက ဆရာမြို့မငြိမ်း၏ ကိုယ်ပိုင်အနုပညာစကားလုံး "တူးပို့" ကို C C က ထုတ်လုပ်သည့် U ဘီယာတံဆိပ်တွင် သုံးစွဲခဲ့သည့်အတွက် အဆိုပါကုမ္ပဏီအား ဥပဒေကြောင်းအရ ဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ "တူးပို့" စကားလုံးကို အသုံးပြုနိုင်ရန်အတွက် ကုမ္ပဏီတာဝန်ရှိသူများက ဆရာမြို့မငြိမ်းမိသားစုနှင့် အကြိမ်ကြိမ်ညှိနှိုင်းခဲ့သော်လည်း မိသားစုက သဘောတူညီမှုမရှိခဲ့ကြောင်း၊ နောက်ပိုင်းတွင် ညှိနှိုင်းမှုတစ်စုံတစ်ရာ ပြုလုပ်ခြင်းမရှိဘဲ ဈေးကွက်အတွင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုများ ရှိနေခြင်းကြောင့် တရားဥပဒေနှင့်အညီ ရင်ဆိုင်ဖြေရှင်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

" U ဘီယာကို မြန်မာပြည်တွင်းဈေးကွက်မှာဖြန့်ချိလိုကြောင်းနဲ့ အဖေရေးစပ်ခဲ့တဲ့ မြန်မာ့ရိုးရာသင်္ကြန်သီချင်းမှာပါဝင်တဲ့ "တူးပို့"ဆိုတဲ့ အသံနဲ့ ထပ်တူပြုချင်ပါတယ်ဆိုပြီး လာရောက်ဆွေးနွေးခဲ့ပါတယ်။ ပထမအကြိမ်ဆွေးနွေးစဉ်ကတည်းက ငြင်းဆိုခဲ့ပြီးသားပါ။ လေးကြိမ်တိတိ လာရောက်ဆွေးနွေးပြီး သူတို့ဆီကိုဆက်သွယ်တော့ ထုတ်လုပ်မှု မလုပ်သေးဘူးလို့ ၂၀၁၄ ခုနှစ်ကပြောတယ်။ အခုသဘောမတူဘဲနဲ့ ထုတ်လုပ်ပြီး ဖြန့်ချိရောင်းချနေတယ်။ ဒီလိုလုပ်ရပ်တွေဟာ ကျွန်တော်တို့မိသားစုကို စော်ကားရုံတင်မကဘူး၊ မြို့မအသင်းနဲ့ လူတိုင်းနှစ်စဉ်ပျော်ရွှင်ကြတဲ့ ပြည်သူ့သင်္ကြန်ကို ဖျက်ဆီးနေတယ်လို့ ယုံကြည်တယ်"ဟု ၎င်းကပြောသည်။

"တူးပို့"ဆိုသည့် မြည်သံစွဲမှာ မြန်မာ့အဘိဓာန်တွင်မက မြန်မာစကားလုံးအသုံးအနှုန်းတွင်ပင် မရှိသည့် ဆရာကြီးမြို့မငြိမ်း၏ ကိုယ်ပိုင်တီထွင်ထားသည့် စကားလုံးဖြစ်ပြီး မန္တလေးသင်္ကြန်ကို ကိုယ်စားပြုသည့် စကားလုံးဖြစ်ခြင်းကြောင့် ယခုကဲ့သို့ ဘီယာတံဆိပ်တွင် အသုံးပြုသည့်အတွက် မဖြစ်သင့်ကြောင်း ဆရာဆူးငှက်က ပြောသည်။



U ဘီယာထုတ်တဲ့ကုမ္ပဏီက ကမ္ဘာကျော် ကုမ္ပဏီကြီးပါ။ U ကို ဘယ်လိုပဲ အသံထွက်ထွက် "တားဗော့" ပဲဖြစ်နိုင်တယ်။ "တူးပို့"တော့ မဖြစ်နိုင်ဘူး။ ကုမ္ပဏီဘက်က မြို့မငြိမ်းမိသားစုနဲ့ လေးကြိမ်လောက် ညှိနှိုင်းခဲ့ကြတာတောင် ကုမ္ပဏီဘက်က ပြတ်ပြတ်သားသား အဖြေမပေးဘူး။ မြို့မငြိမ်းမိသားစုကလည်း သဘောမတူဘူးလို့ အတိအလင်းပြောထားတဲ့အတွက် ဂုဏ်သရေရှိစွာ "တူးပို့" ဆိုတဲ့ စကားလုံးကို မသုံးလောက်ဘူးလို့ ထင်ထားပေမယ့် အခုလို မြူးဖို့ "တူးပို့"ဆိုပြီးတောင် ဖြန့်ချိနေတယ်" ဟု ၎င်းက ပြောကြားသည်။

ဆရာမြို့မငြိမ်းသီချင်းများအား လွန်ခဲ့သည့် ၁၂ နှစ်ခန့်ကတည်းက မှတ်ပုံတင်ထားပြီးဖြစ်ကြောင်းနှင့် "တူးပို့"သည် မြန်မာ့ရိုးရာသင်္ကြန်၏ သင်္ကေတဖြစ်ရုံမက မန္တလေးသင်္ကြန်၏ သင်္ကေတအထိမ်းအမှတ်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

# မြန်မာအမျိုးသမီးအား တရုတ်အမျိုးသားနှင့် လက်ထပ်ထိမ်းမြားစေပြီး တရုတ်နိုင်ငံသို့ ခေါ်ဆောင်ရန် ဆောင်ရွက်သူများအား ဖော်ထုတ်အရေးယူ

**လားရှိုး ဇန်နဝါရီ ၁၆**

မြန်မာအမျိုးသမီးတစ်ဦးအား တရုတ်အမျိုးသားနှင့် လက်ထပ်ထိမ်းမြားစေပြီး တရုတ်နိုင်ငံသို့ ခေါ်ဆောင်သွားနိုင်ရေးအတွက် ပြောဆိုစည်းရုံးကာ ရရှိသည့်ငွေကြေးအပေါ် ခေါင်းပုံဖြတ်ရယူသူ ဒေါ်အေးခမ်း (၅၅ နှစ်)၊ အိုက်ထွန်း(ခ) အိုက်လွတ် (၃၁နှစ်)နှင့် တရုတ်နိုင်ငံသား လီချီ(ခ)ကျိမ်ချွမ်း (၃၃ နှစ်)၊ တွန်းစောက်ရှင်း (၃၄ နှစ်)တို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၁၆) လားရှိုးမှ ဖမ်းဆီး၍ ဇန်နဝါရီ ၁၃ ရက်က လားရှိုးနယ်မြေရဲစခန်း၌ အမှုဖွင့်အရေး ယူထားကြောင်း သိရသည်။

အသက်(၃၄)နှစ်အရွယ် အမျိုးသမီးသည် လားရှိုးမြို့ နေအိမ်တွင် တရုတ်နိုင်ငံသားနှင့် မင်္ဂလာဆောင်နေကြောင်း သတင်းရရှိသဖြင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၁၆) လားရှိုးမှ တရုတ်အမျိုးသားနှင့် မင်္ဂလာဆောင်နေသည့် မ---အား လားရှိုးမြို့နယ် ရပ်ကွက်(၉) အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ဆောင်၍ သက်သေများရှေ့တွင် တွေ့ဆုံမေးမြန်းခဲ့သည်။

စစ်ဆေးမေးမြန်းချက်အရ လွန်ခဲ့သော ၁၅ ရက်ခန့်က လားရှိုးမြို့နယ် နောင်မွန်အုပ်စု ခေးနင်းကျေးရွာနေ ဒေါ်အေးခမ်းသည် ၎င်း၏သားဖြစ်သူ အိုက်ထွန်း(ခ)အိုက်လွတ် နှင့် အမည်မသိ တရုတ်အမျိုးသားနှစ်ဦးတို့ မ--၏ နေအိမ်သို့ ရောက်ရှိလာခဲ့ပြီး တရုတ်အမျိုးသားနှင့် လက်ထပ်ထိမ်းမြားပါက မြန်မာငွေကျပ် သိန်း ၅၀ ဖြင့် တင်တောင်းမည်ဟု စည်းရုံး၍ စရန်ငွေအဖြစ် မြန်မာ ငွေကျပ်ငါးသိန်းကို မ---ထံ ပေးအပ်ခဲ့သည်။

ဇန်နဝါရီ ၁၁ ရက်တွင် ဒေါ်အေးခမ်းက မ----ထံ ဖုန်းဖြင့် ဆက်သွယ်ကာ ဇန်နဝါရီ ၁၃ ရက်တွင် မင်္ဂလာဆောင်မည်ဖြစ်ကြောင်းနှင့် ကုန်ကျစရိတ်များကို ၎င်းတို့က ကျခံမည်ဖြစ်ကြောင်း၊ ကျန်ငွေကျပ် ၄၅ သိန်းအား တရုတ်နိုင်ငံရှိ တရုတ်အမျိုးသား၏ နေအိမ်သို့ ရောက်ရှိမှသာရရှိမည်ဖြစ်ပြီး တရုတ်နိုင်ငံသို့ လိုက်ပါသွားရမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ထို့နောက် ဇန်နဝါရီ ၁၄ ရက်တွင် တရုတ်နိုင်ငံသို့ လိုက်ပါသွားရမည်ဖြစ်ကြောင်းသိရှိရသဖြင့် ပြောဆိုစည်းရုံးသူများနှင့် အားပေးကူညီသူများဖြစ်သော ဒေါ်အေးခမ်းနှင့်သား အိုက်ထွန်း(ခ) အိုက်လွတ်၊ တရုတ်နိုင်ငံသားများဖြစ်သော လီချီ(ခ)ကျိမ်ချွမ်း၊ တွန်းစောက်ရှင်းတို့အား ဥပဒေအရ အရေးယူပေးပါရန် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (၁၆) လားရှိုးမှ ဒုရဲမှူး ဝင်းညွန့်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် ဇန်နဝါရီ ၁၃ ရက်က လားရှိုးနယ်မြေရဲစခန်းက အမှုဖွင့်ထားပြီး ပြစ်မှုကျူးလွန်သူများအား စစ်ဆေးလျက်ရှိသည်။

ထို့ပြင် မြန်မာနိုင်ငံသို့ တရားမဝင် ဝင်ရောက်သူ တရုတ်နိုင်ငံသားနှစ်ဦးနှင့် ထိုသို့ဝင်ရောက်ရန် ဆောင်ရွက်ပေးသူ အိုက်ထွန်း(ခ)အိုက်လွတ်တို့ကို လူဝင်မှုကြီးကြပ်ရေး(လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေဖြင့် အရေးယူနိုင်ရေး လားရှိုးမြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနသို့ လွှဲစာပေးပို့ထားကြောင်း သိရှိရသည်။

**မင်းနိုင်(လူကုန်တား)**

# ခြင်ဆေးခွေမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဇန်နဝါရီ ၁၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၌ ဇန်နဝါရီ ၁၆ ရက် နံနက် ၄ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ အမှတ်(၆၅) ရပ်ကွက် ဇေယျာဝဏ်လမ်း အမှတ်(၇၂၇/၇၂၈) မြေကွက်ပေါ်တွင် ဆောက်လုပ်ဖွင့်လှစ်ထားသော စိမ့်စမ်းရေတည်းခိုခန်း၌ တည်းခိုသူသည် ခြင်ဆေးခွေ ထွန်းညှိပြီး အိပ်ပျော်သွားရာမှ နံနက် ၄ နာရီခန့်တွင် ခြင်ဆေးခွေပေါ်သို့ ခြုံစောင်လျှောကျရာမှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသော်တာ၊ ဒဂုံမြို့သစ်တောင်ပိုင်း မီးသတ်ဦးစီးမှူး ဦးကျော်စွာလင်းတို့ ဦးဆောင်လျက် မီးသတ်ယာဉ် ၁၁ စီး၊ အုပ်ချုပ်မှုယာဉ် သုံးစီးနှင့် အတူ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၇၀ နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦးတို့ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် လာရောက်တည်းခိုသူတစ်ဦး သေဆုံးပြီး (၁၀×၆) ပေအခန်း မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ မန်နေဂျာ ဦးအောင်မျိုးသန့်ကို မြို့နယ်ရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**စန်းမောင်**

# မြဝတီ၌ စက်နှိုး၍ရပ်ထားသော ကားတစ်စီးအား မောင်းနှင်ထွက်ပြေး

**မြဝတီ ဇန်နဝါရီ ၁၆**

ကရင်ပြည်နယ် မြဝတီမြို့ ဘုရင့်နောင်လမ်းမပေါ်၌ ဇန်နဝါရီ ၁၄ ရက် ည ၇ နာရီ မိနစ် ၂၀ က ကားပိုင်ရှင်ဇနီးမောင်နှံက ကလေးများနှင့်အတူ ကားကိုစက်နှိုးထားပြီး ငါးနှစ်အရွယ်နှင့် သုံးနှစ်အရွယ်သမီးနှစ်ဦးတို့အား ကားထဲတွင်ထားကာ ရေသန့်ဘူးများ ဆင်းဝယ်စဉ် လှဖုန်း (ခ)ဝတုတ်ဆိုသူက ကားကို မောင်းနှင်ထွက်ပြေးရာ ကလေးများပါသွားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်အား ဖုန်းသတင်းရလျှင်ရချင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွဋ်နှင့် ရဲတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေခဲ့ရာ ည ၈ နာရီခန့်တွင် ပြည်သူများ၏ ကူညီမှုဖြင့် ဘုရင့်နောင်ဈေးမီးပွိုင့်အနီး၌ဖမ်းဆီးရမိခဲ့သည်။

ယာဉ်နှင့် ကလေးငယ်များကို တင်ဆောင်မောင်းနှင်သွားသူအား စခန်းသို့ခေါ်ယူစစ်ဆေးရာတွင် လှဖုန်း(ခ) ဝတုတ် (၃၉ နှစ်) ဖြစ်ပြီး မြဝတီမြို့မရဲစခန်း ကအမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# မော်တော်ယာဉ်နံပါတ်ပြားများ အတုပြုလုပ်သူကို ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ဇန်နဝါရီ ၁၂ ရက် ည ၆ နာရီခွဲက ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၅)ရပ်ကွက်နေ ရန်နိုင်(၄၂နှစ်)၏နေအိမ်၌ မော်တော်ယာဉ်နံပါတ်ပြား အတုမျိုးစုံ ၄၆၀ နှင့် ဆက်စပ်ပစ္စည်းများ၊ နေအိမ်နောက်ဖေး မီးဖိုချောင်အတွင်းမှ နံပါတ်ပြားအတုပြုလုပ်ရန် ဖြတ်တောက်ထားသည့် သွပ်ပြား ၁၇၂ ပြားနှင့် ဖြတ်တောက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးချက်အရ အဆိုပါ နံပါတ်ပြားအတုများအား ဆေးမှုတ်ခြင်း၊ စတစ်ကာကပ်ခြင်းနှင့် စာလုံးပုံဖော်ခြင်းတို့ကို ဘားအံမြို့နယ် ရဲသာကျေးရွာ C ကျောင်းနောက်ဘက်ရှိ ဝါးရုံတောအတွင်း၌ပြုလုပ်ကြောင်း သိရှိရသည်။

နံပါတ်ပြားစာလုံးဖော်/ပုံသွင်းရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ နံပါတ်ပြားအတုအကြမ်းထည် ၄၀၀၊ နံပါတ်ပြား ဆေးမှုတ်ရာတွင်အသုံးပြုသည့် စာတန်းပါ မှုတ်ဆေးဘူးများ ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ရန်နိုင်အား ဘားအံမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# နေအိမ်မီးရှို့သူ ထွက်ပြေးတိမ်းရှောင်

**ကသာ ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ဆပ်ပြေးကျေးရွာ၌ ဇန်နဝါရီ ၁၄ ရက် ည ၉ နာရီက မအေးဝင်းဆိုသူသည် ခင်ပွန်းဖြစ်သူစိုးပိုင်နှင့် စကားများပြီး မျက်နှာချင်းဆိုင်နေ အစ်မဖြစ်သူ မသန်းနွယ်နေအိမ်သို့သွားရောက် ရှောင်ပုန်းနေစဉ် စိုးပိုင်က ၎င်း၏နေအိမ်တံစက်မြိတ်အားဂက်စ်မီးခြစ်ဖြင့် မီးရှို့ခဲ့ပြီး ပတ်ဝန်းကျင်ရှိသူများ ဝိုင်းဝန်းငြိမ်းသတ်သော်လည်းသက်ငယ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနှစ်ခန်းပတ်လည် အိမ်တစ်လုံး မီးလောင်ဆုံးရှုံးသွားသဖြင့် စိုးပိုင်ကို ထီးချိုင့်မြို့နယ်ရဲစခန်းက ဖမ်းဆီးရမိရေးဆောင်ရွက်ထားကြောင်း သိရသည်။ **လှအောင်(ကသာ)**

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**


## အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း

ဆေးတက္ကသိုလ်(မန္တလေး) ၂/၉၅၊ ၁၁/၉၅နှင့် ၁၁/၉၆ အပတ်စဉ်ကျောင်းဝင် ကျောင်းသား ကျောင်းသူများ၏ ပထမအကြိမ်အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ပညာသင်ကြားပေးခဲ့ကြပါသော ဆရာကြီး၊ ဆရာမကြီးများ ပူဇော်ခံကြွရောက်ကြပါရန်နှင့် ဤအပတ်စဉ်ဝင် ကျောင်းသား ကျောင်းသူများအားလုံး တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက် - ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၆ရက် (စနေနေ့)**

**အချိန် - နံနက် ၉နာရီမှ ၁၂နာရီအထိ**

**နေရာ - အောင်ပင်လယ်ခန်းမ၊ ဆေးတက္ကသိုလ်၊ မန္တလေး၊**

**ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၉၁၁၆၃၊ Honda Scoopy 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးကိုကိုဦး ၉/ခမစ(နိုင်)၀၃၂၀၇၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၇၃၆၅၀၊ Yes Sumbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ရတနာထွန်း ၉/အမရ(နိုင်)၁၄၇၉၅၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

အိမ်၊ ခြံ၊ မြေ
ရောင်း၊ ဝယ်၊ ငှား
* သီလဝါ
* ကျောက်တန်း
* သန်လျင်
PH; 09-420185599
09-420185577

## ပျောက်ဆုံးကြောင်း

မေထက်ခိုင် ၁၂/သကတ(နိုင်)၁၈၀၂၂၂ သည် ၁၅- ၁-၂၀၁၆ရက်တွင် နေအိမ်မှ ကျောင်းသွားရင်း ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ လက်ခံထားသူအား ဥပဒေအရ အရေးယူပါမည်။

**ဖုန်း-၀၉-၉၁၉၀၄၄၃**
**၀၉-၉၇၉၈၉၀၅၉၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊မြေကွက်အမှတ်(၄၁၉/ဧ)၊မြေအကျယ်အဝန်း(အလျား×အနံ)(၄၀'×၆၀')ပေရှိ ဦးချစ်ကိုကို အမည်ဖြင့်တည်ရှိသော မြေချပါမစ်မြေကွက်အပါအဝင် ယင်းတို့နှင့် ဆက်စပ်ပါတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အားလုံးတို့အား မြေချပါမစ်မူရင်း၊ ဆက်စပ်စာချုပ်မူရင်း၊ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ထပ်ဆင့်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးအောင်ကိုလတ် (၁၂/ဥကမ(နိုင်)၀၁၅၃၁၃)အား ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ စရံငွေ တစ်စိတ်တစ်ဒေသကိုပေးချေ၍ ဝယ်ယူထားပါသည်။အဆိုပါပစ္စည်းနှင့်ပတ်သက်၍ အပြီးသတ် ငွေအပြေအကြေပေးချေပြီး တရားဝင်လက်ရောက်ပိုင်ဆိုင်ရေး ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာ ပါသည့်နေ့မှ စ၍(၇)ရက်အတွင်း ခိုင်လုံသည့်အထောက် အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ပိုင်ဆိုင်ရေး ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အိအိဖြိုး (စဉ်-၄၆၀၇၅)
LL.B, B.D.S (MOFA)
W.I.P.O (Switzerland)
အထက်တန်းရှေ့နေ

ကန့်ကွက်လိုပါက ဆက်သွယ်ရန်လိပ်စာ
ဒေါ်ခင်ညိုမိဦး
[B.Sc, B.A(B.L), B.D.S (MOFA), C.B.L]
(Dip in English), W.I.P.O (Switzerland)
အမှတ်-၈၇၇၊ ဆရာဖေလမ်း၊ ၃၈-ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉၅၁၄၂၇၇၄

## အများသိစေရန်။

Queen Star®
Fashion

ကျွန်ုပ်တို့၏ မိတ်ဆွေ တစ်ဦးမှ အထက်ဖော်ပြပါ တံဆိပ်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် – ၄/၂၅၄၆/၂၀၁၃ အရ မှတ်ပုံတင်ပြီး ဖြစ်ပါသည်။

အဆိုပါ တံဆိပ်အမှတ်သားကို အသုံးပြုပြီး အသင့်ချုပ်ပြီး အဝတ်အထည်များဖြစ်သော အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ ကလေးဝတ်၊ ပိုးလီနင်၊ ဆွဲသားဇာအမျိုးမျိုး၊ လီနင်၊ ရှန်ပွင့်၊ ချည်ကွက်၊ ချည်ပွင့်၊ ဇာအင်္ကျီအမျိုးမျိုးနှင့် အခြား လူသုံးကုန်ပစ္စည်း အမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စု မြန်မာနိုင်ငံတော် တစ်ဝှမ်းလုံးတွင် လက်လီလက္ကား ထုတ်လုပ် ဖြန့်ချီ ရောင်းချလျက် ရှိပါကြောင်း။

အဆိုပါ အမည်အမှတ်အသားကို ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ် သုံးစွဲခြင်း မပြုလုပ်ရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးအောင်ဘော် ( လိုင်စင် – ၄၀၃၅ )
LL.B, DBL, DML, DIL, DLP, WIPO (Switzerland)
ဒေါ်အေးအေးစိုး ( လိုင်စင် – ၅၈၂၇ )
B.Sc, Hon (IC), HGP, R.L, D.B.L.
တရားလွှတ်တော်ရှေ့နေများ
အမှတ် (၂၇)၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
Tel : 294866 HP: 09-501 7044 , 09-97 501 7044

ရန်ကုန်မြို့ ပြအမွေအနှစ်များ ရဲ့ ရာဇဝင်

# နှစ်ပေါင်း ၁၀၀ တိုင် တာဝန်ကျေပွန်ခဲ့သည့် ကမ်းနားလမ်းမှ အကောက်ခွန်ရုံးကြီး

သတင်းဆောင်းပါး-ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး

***ရန်ကုန်မြို့သည် ကုန်းဘောင်မင်းဆက်၏ ပထမဆုံးမင်းဖြစ်သော အလောင်းမင်းတရားကြီးလက်ထက်တွင် ရန်ကုန်ဟု စတင်သမုတ်ခြင်းခံရချိန်မှစ၍ ကုန်သွယ်ရေးနှင့် ပင်လယ်ဆိပ်ကမ်းမြို့အင်္ဂါရပ်နှင့်အညီ အကောက်ဝန်များ၊ ဆိပ်ကမ်းတာဝန်ခံများဖြင့် စနစ်တကျကုန်သွယ်ခြင်းပြုလုပ်ခဲ့ရာ မြို့ကြီးတစ်ခုဖြစ်သည်။***



ဗြိတိသျှတို့ ရန်ကုန်ကို သိမ်းပိုက်ပြီးသည့်အခါ မြန်မာမင်းများထက် ပိုမိုစနစ်ကျသည့် စီးပွားရေးစီမံခန့်ခွဲမှုကို ဆောင်ရွက်ခဲ့သည်။ ထိုခေတ်ကာလများတွင် ကုန်သွယ်ရေးကို စနစ်ကျနသည့် အခွန်အကောက်များဖြင့် တိကျစွာကိုင်တွယ်သော ဌာနကြီးတစ်ခုကို ရန်ကုန်မြို့ ကမ်းနားလမ်းပေါ်တွင် တည်ဆောက်ခဲ့သည်။ ထိုအဆောက်အအုံကြီးသည် ယနေ့တိုင် စီးပွားရေးနှင့် သက်ဆိုင်သည့် အခွန်အခများနှင့် ကုန်သွယ်ရေးကို ထိန်းချုပ်ထားနိုင်ဆဲပင်ဖြစ်သည်။ ထိုအဆောက်အအုံကို အင်္ဂလိပ်ခေတ်က C ဟု ခေါ်ဝေါ်ခဲ့ကြပြီး ယနေ့ခေတ်တွင် အကောက်ခွန်ဦးစီးဌာနဟု ခေါ်ဝေါ်ကြသည်။

မြန်မာ့အခွန်အကောက်များ၏ ရာဇဝင်ကို လေ့လာကြည့်သည့်အခါ ၁၇၅၅ ခုနှစ်တွင် ဒဂုံမြို့ကို အလောင်းမင်းတရားသိမ်းပိုက်ပြီးနောက် အမည်သစ် ရန်ကုန်ဖြင့် ဆိပ်ကမ်းမြို့ဖြစ်လာခဲ့သည်။ အလောင်းမင်းတရားသည် ၁၇၅၄ ခုနှစ်တွင် အမေရိကန်လူမျိုး မစ္စတာဂရိုဂိုရီကို အကောက်ဝန်အဖြစ်တာဝန်ပေးအပ်ခဲ့ပြီး ပထမဆုံးအဖြစ် ရန်ကုန်မြို့တော်ခန်းမ နေရာအနီးတွင် သစ်နှင့်ဝါးတို့ဖြင့် တည်ဆောက်သည့် အကောက်ခွန်ရုံးကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ သို့သော် အကောက်ခွန်ရုံးကို ပုသိမ်သို့ ခေတ္တပြောင်းရွှေ့ခဲ့ဖူးပြီး ၁၇၆၀ ပြည့်နှစ် ဆင်ဖြူရှင်မင်းလက်ထက်တွင် ဒုတိယအကြိမ်အဖြစ် ရန်ကုန်တွင် အကောက်ခွန်ရုံးကို ပြန်လည်အခြေစိုက် ဖွင့်လှစ်ခဲ့သည်။ ထိုအချိန်တွင်မူ အကောက်ခွန်အရာရှိမှာ မစ္စတာဂျိုးဇက်ဇာဗီရာဖြစ်ကြောင်း မြန်မာ့အကောက်ခွန်သမိုင်းမှ သိရှိရသည်။

မြန်မာလူမျိုးများအနက် ဦးကျော်ရေးဆိုသူမှာ ပထမဆုံး အကောက်ဝန်ဖြစ်လာခဲ့ပြီး ၁၈၁၉ ခုနှစ်နောက်ပိုင်း ဘကြီးတော်မင်းလက်ထက်တွင်မူ စပိန်နိုင်ငံသား မစ္စတာအန်းကေ့ချ်လန်စီဂိုဆိုသူက အကောက်ဝန်အဖြစ် အမှုထမ်းခဲ့ကြောင်း သိရသည်။ ၁၈၂၄ ခုနှစ် ပထမအင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီးတွင်လည်း ထိုသူကပင် အခွန်အကောက်ဆိုင်ရာများကို ဆက်လက်တာဝန်ယူခဲ့သည်။ သာယာဝတီမင်းလက်ထက် (၁၈၃၇ ခုနှစ်မှ ၁၈၄၆ ခုနှစ်) တွင် လမ်းမတော်ဆိပ်ကမ်းအနီးသို့ အကောက်ခွန်ရုံးကို ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး နိုင်ငံတကာ အကောက်ခွန် လုပ်ထုံးလုပ်နည်းများကို အမှီပြုကာ ခေတ်မီသည့် အကောက်ခွန်စနစ်သစ်ကို အသုံးပြုခဲ့ပြီး စနစ်ကျသည့် ကုန်သွယ်မှုကို စတင်နိုင်ခဲ့သည်။

၁၈၅၂ ခုနှစ် ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီးတွင် အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံ၏ ပင်လယ်ဆိပ်ကမ်းမြို့အဖြစ် ရန်ကုန်ကိုသတ်မှတ်ကာ



**အကောက်ခွန်ရုံး ဒီဇိုင်းကို ရေးဆွဲပေးသည့် ဗိသုကာပညာရှင် မစ္စတာ ဂျွန်ဘာ့ချ်**

ပထမဆုံး ကမ်းနားလမ်းမကြီးကို စတင်ပြုပြင်ခဲ့သည်။ သာယာလှပစေရန်အတွက် သစ်လုံးများ အစီအရီကာရံထားသည့် ခံတပ်ကိုဖျက်သိမ်းကာ ခိုင်ခံ့သည့် ကမ်းနားကို တည်ဆောက်အပြီး ကမ်းနားလမ်းတစ်ဖက်တွင် ထိုခေတ်ထိုအခါက ခေတ်မီခမ်းနားသည့် အဆောက်အအုံသစ်ကြီးများကို စတင်တည်ဆောက်ခဲ့ရာ ကမ်းနားလမ်း အမှတ် (၁၃၂)တွင် အကောက်ခွန်ရုံးသစ်ကြီး စတင်ပေါ်ထွက်လာသည်။

ထို့ပြင် အကောက်ခွန်နည်းဥပဒေကိုလည်း ကာလကတ္တား အကောက်ခွန်နည်းဥပဒေအတိုင်း ၁၈၅၂ ခုနှစ်ဒီဇင်ဘာ ၁၉ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး မြန်မာပြည်မှ တွင်းထွက်နှင့် သယံဇာတများကို စတင်ထုတ်ယူသည်။ ၁၈၈၆ ခုနှစ် မြန်မာနိုင်ငံကို ဗြိတိသျှအင်ပါယာအတွင်းသို့ သွတ်သွင်းလိုက်ချိန်တွင် ကုန်သွယ်မှုသည် ပိုမိုမြင့်တက်လာခဲ့ပြီး ၁၉၁၃ ခုနှစ်အရောက်တွင် နှစ်ပေါင်း ၄၀ ကျော်ကြာမြင့်လာခဲ့ပြီဖြစ်သည့် အကောက်ခွန်ရုံးကို ဖြိုချကာ လေးထပ်အမြင့်ရှိသည့် ရုံးသစ်ကြီးကို စတင်တည်ဆောက်ရာ ၁၉၁၅ ခုနှစ်တွင် ပြီးစီးခဲ့ပြီး ၁၉၁၆ ခုနှစ်တွင် C အဖြစ် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါအဆောက်အအုံသည် အလွန်ပင်တိကျသေသပ်သည့် ကွန်ကရစ်အဆောက်အအုံအမျိုးအစားဖြစ်ပြီး အဖြူရောင်မျှော်စင်တစ်ခုနှင့် နှစ်ဖက်မြင်နာရီ**(အပေါ်ယာပုံ)**တို့ကို ထိပ်ဦးတွင်မြင်တွေ့ရသည်။ စိတ်ဝင်စားဖွယ်အကောင်းဆုံးအရာမှာ ကိုလိုနီခေတ်၏ သရုပ်မှန်ကို ထင်ဟပ်စေသည့် အဆောက်အယောင်တစ်ခုအနေဖြင့် သိမ်းပိုက်ခံနယ်မြေတစ်ခုမှ အဆောက်အအုံဆိုသည်ကို အလွယ်တကူ သိရှိနိုင်ခြင်းဖြစ်သည်ဟု ရန်ကုန်မြို့ပြအခင်းအကျင်းကို ရေးဆွဲခဲ့သည့် မစ္စတာ ဒါလဟိုစီက ပြီးစီးချိန်တွင် ပြောကြားခဲ့ဖူးကြောင်း အကောက်ခွန်ရုံးသမိုင်းကြောင်းစာအုပ်တွင် ဖော်ပြထားသည်။

စကော့ချ်လူမျိုး ဗိသုကာပညာရှင် မစ္စတာ ဂျွန်ဘာ့ချ်က ဒီဇိုင်းရေးဆွဲပေးထားခြင်းဖြစ်ပြီး အဆိုပါ ဗိသုကာပညာရှင်သည် အိန္ဒိယအစိုးရလက်အောက်တွင် အလွန်ထင်ရှားကျော်ကြားသူဖြစ်သည်။ အိန္ဒိယရှိ အစိုးရပိုင်ရုံးဌာနပေါင်းများစွာကိုလည်း ဒီဇိုင်းရေးဆွဲခဲ့သူတစ်ဦးဖြစ်သည်။ အနောက်နိုင်ငံတို့မှ ထင်ရှားသည့် အဆောက်အအုံဒီဇိုင်းများကို လက်ရှိသူရောက်ရှိရာ ဒေသ၏ရာသီဥတု၊ စီးပွားရေးအခြေအနေများပေါ်တွင် မူတည်ကာ အကောင်းမွန်ဆုံး အဆောက်အအုံဒီဇိုင်းကို ပုံဖော်နိုင်သူအဖြစ် ကျော်ကြားကြောင်း သိရသည်။

မစ္စတာဂျွန်ဘာ့ချ်သည် အကောက်ခွန်ရုံးကြီး၏ ဗိသုကာဒီဇိုင်းကို တစ်နှစ်နီးပါးအချိန်ယူကာရေးဆွဲထားခြင်းဖြစ်ပြီး ၁၉၁၁ခုနှစ်တွင် ဒီဇိုင်းရေးဆွဲပြီးစီးခဲ့သည်။ မကြာမီတွင် ကုန်ကျစရိတ်များကို တွက်ချက်ကာ တည်ဆောက်ရေးလုပ်ငန်းများစတင်အကောင်အထည်ဖော်ခဲ့သည်။ အဆောက်အအုံကြီးကို အကောင်အထည်ဖော်တည်ဆောက်ကြသူများမှာ မစ္စတာကလက်ခ်နှင့် ဂျရစ်ချ်တို့ဖြစ်ကြောင်းသိရပြီး ထိုသူတို့သည် အကောက်ခွန်ရုံးအပြင် မြန်မာတယ်လီဂရပ်ရုံးကြီးကိုပါ တည်ဆောက်ပေးခဲ့ကြသူများဖြစ်သည်။

ကမ်းနားလမ်းတွင်ဖြစ်သည့်အပြင် ရန်ကုန်မြို့တည်ခါစ ဖြစ်ခြင်းကြောင့် အထပ်မြင့်အဆောက်အအုံတစ်ခုဖြစ်လာစေရန်အတွက် တည်ဆောက်သူအင်ဂျင်နီယာများ အတော်ပင်စိတ်ပူပန်ခဲ့ရဟန်ရှိပြီး တည်ဆောက်စဉ်တွင် သံပေါင်များအပြင် သံမဏိပေါင်များကိုပါ တွဲဖက်အသုံးပြုခြင်း၊ ဖောင်ဒေးရှင်းပြုလုပ်စဉ်တွင်လည်း သံထည်များစွာကို ထည့်သွင်းအသုံးပြုခြင်းဖြင့် မြေပြိုခြင်း၊ မြေသားနိမ့်ဆင်းခြင်းစသည့် အန္တရာယ်များအတွက် နှစ်ပေါင်းများစွာ အခွန့်ရှည်စေရန် ရည်ရွယ်တည်ဆောက်ခဲ့ရကြောင်း ရှေးဟောင်းအဆောက်အအုံ ၃၀ သမိုင်းတွင် ရေးသားဖော်ပြထားသည်။

ဗိသုကာဒီဇိုင်းများတွင် နာရီစင်အဖြစ် မျှော်စင်၌ပင် တပ်ဆင်ရန်ဖြစ်သော်လည်း ထိုစဉ်က နိုင်ငံတကာတွင် ခေတ်မီသည့် အဆောက်အအုံများ၌ မျက်နှာပြင် နှစ်ဖက်ပါသည့် နာရီများကို မျှော်စင်တွင်မတပ်ဘဲ အဆောက်အအုံ၏ ပသာဒအဖြစ်တွဲဆက်ထားသည့်ပုံကိုယူကာ ပြောင်းလဲတပ်ဆင်ထားသည်။ အပေါ်ဆုံးထပ်သည် အရေးပေါ်ကိစ္စများဆောင်ရွက်ရန်နှင့် ဝန်ထမ်းများနေထိုင်ရန်အတွက် တည်ဆောက်ထားသည့် ပုံစံဖြစ်သည်ကို မြင်တွေ့ရသည်။

ဗြိတိသျှအစိုးရလက်အောက်တွင် ကုန်သွယ်ရေကြောင်းသည် အဓိကတင်ပို့ရာ လမ်းကြောင်းဖြစ်ခြင်းကြောင့် အခွန်အကောက်ကိစ္စရပ်များကို အများဆုံး ဆောင်ရွက်ကြရသည်။ ဆိပ်ကမ်းဝန်နှင့် အကောက်ဝန်တို့ကို မြန်မာဘုရင်များလက်ထက်တော်က ပူးတွဲထားရှိသော်လည်း အင်္ဂလိပ်တို့လက်ထက်တွင်မူ ခွဲခြားကာ အကောက်ခွန်ရုံးက ပို့ကုန်သွင်းကုန်ဆိုင်ရာကိစ္စရပ်များအားလုံးကို နိုင်ငံတော်အတွက် အခွန်ကောက်ခံပေးခဲ့ပြီး လက်လှည့်သင့်ရာ စားတော်ခေါ်သည့်စနစ်အရ မြန်မာလူမျိုးကုန်သည်တို့မှာ နေရာမရဘဲ နိုင်ငံတကာမှ ကုန်သည်များ ခြေချင်းလိမ်ကာ ကုန်သွယ်မှု ဆောင်ရွက်ခဲ့သည့် အချိန်လည်းဖြစ်သည်။

ထိုခေတ်က ကုန်သည်တစ်ဦး၏ ပြောကြားချက်အရ "၁၉၄၂ ခုနှစ်မှာ ရန်ကုန်ရဲ့ အခွန်အကောက်တွေဟာ အလွန်ကို များပြားခဲ့တယ်။ အခွန်ဘဏ္ဍာတွေကို သုံးစွဲရာမှာလည်း စနစ်ကျမှုမရှိခဲ့ဘူး။ ဗြိတိသျှအစိုးရအတွက်တော့ ရန်ကုန်ဆိပ်ကမ်းရဲ့ အကောက်ခွန်တွေကနေ အဆပေါင်းများစွာ အခွန်အခတွေ ရနေကြတယ်" ဟု ရေးသားဖော်ပြထားသည်ကို ရှေးဟောင်းအဆောက်အအုံ ၃၀ စာအုပ်အတွင်း ရေးသားသုတေသနပြုစုထားသည်။

အဆိုပါအဆောက်အအုံကြီးမှာ ထုထည်ကြီးမားသည့်အပြင် အဆောက်အအုံ၏ဒီဇိုင်းမှာလည်း ကျစ်လျစ်မှု၊ လျှို့ဝှက်မှု၊ ထိန်းချုပ်မှုတို့ကို ကိုယ်စားပြုထားသည့် ဒီဇိုင်းတစ်ခုဖြစ်ပြီး အသေးစိတ်ခြယ်မှုန်းချက်များအရ ပြတင်းတံခါးများ၏ ဒီဇိုင်းသည်ပင် အဓိပ္ပာယ်များစွာ ခိုအောင်းနေကြောင်း အဆိုပါစာအုပ်၌ ဖော်ပြထားသည်။

အေးစိမ့်သော သဘာဝအအေးဓာတ်သည် အအေးပေးစက်ပင်မလိုလောက်အောင် အကောက်ခွန်ရုံးသည် ထုထည်ကြီးမားလှသည်။ မြင့်မားသောမျက်နှာကြက်များကလည်း ထူးခြားမှုတစ်ခုဖြစ်သည်။ အဆောင်ဆောင်အခန်းခန်းတို့တွင် ယနေ့အထိ ပုံမှန်လုပ်ငန်းခွင်ဝင်ရောက်နေသူတို့မှာ ပျားပန်းခတ်မျှ များပြားလှသည်။ နိုင်ငံတော်ဘဏ္ဍာအဖြစ် စနစ်တကျ ရောက်ရှိလာမည့် အခွန်အခတို့ကို စိစစ်ကောက်ခံရင်း ယနေ့ဆိုပါက နှစ်ပေါင်း ၁၀၀ ပြည့်ခဲ့ပြီဖြစ်ပြီး ဝန်ထမ်းပေါင်း ၂၃၀၀ ကျော်တို့အား ယနေ့တိုင် ထမ်းပိုးထားဆဲပင်ဖြစ်သည်။ နှစ်ပေါင်း ၁၀၀ တိုင်အောင် ကြာရှည်ခဲ့ပြီဖြစ်သည့်တိုင်အောင် သစ်လွင်ဆဲ၊ ကြံ့ခိုင်ဆဲဖြစ်ကာ နိုင်ငံတော်၏အကျိုးကို ဆောင်ရွက်ဆဲပင်ဖြစ်ပါကြောင်း။ ။



ရန်ကုန်မြို့ကမ်းနားလမ်းရှိ အကောက်ခွန်ရုံး။

ခ ရီး သွ ာ း ဆ ေ ာ င် း ပါ း

# ဇီဝဖိုးငှက်လေးများ၏အိမ်နှင့် အသည်းပုံရေကန်ရှိရာ ကြက်မောက်ကျွန်းဆီသို့

**ကော့သောင်းဆိပ်ကမ်းကထွက်တော့ ရာသီဥတုက သာသာယာယာ။ နံနက်ခင်းနေရောင်ဖြာအကျတွင် ရေပြင်လှိုင်းဂယက်တို့က တလက်လက်တောက်ပနေဆဲ။ တသုန်သုန်တိုက်ခတ်နေသော လေညင်းသွဲ့သွဲ့ကြောင့် စက်တပ်ရွက်လှေမှာ ရေပြင်တွင်အရှိန်ဖြင့် ရှပ်တိုက်ပြေးလျက်ရှိသည်။ ပင်လယ်ရေပြင်ဝန်းကျင်တစ်ခွင်တွင် ငါးဖမ်းသင်္ဘောငယ်များ၊ စက်တပ်ရေယာဉ်များ၊ စက်လှေများကို ဟိုတစ်စင်း၊ သည်တစ်စင်း ပြန့်ကျဲစွာမြင်တွေ့နေရသည်။ ကျွန်တော်တို့က မြိတ်ကျွန်းစုအတွင်းပါဝင်သည့် အသည်းပုံ သဏ္ဍာန်ရေအိုင်ငယ်တည်ရှိနေသော ကြက်မောက်ကျွန်းသို့ ဦးတည်သွားနေခြင်းဖြစ်သည်။**

**သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ**



သဘာဝအတိုင်းဖြစ်ပေါ်နေသော အသည်းပုံရေကန်။

စက်တပ်ရွက်လှေပေါ်လိုက်ပါရင်း ပတ်ဝန်းကျင်ကိုကြည့်ရှုလှေ့လာနေရာမှ အက်ဒမန်ပင်လယ်အရှေ့ဘက် ကောင်းကင်သို့ကြည့်လိုက်ရာ မိုးတိမ်များ တက်လာသည်ကိုတွေ့လိုက်ရသည်။ နေအလင်းရောင်အားဖျော့သွားပြီး ပင်လယ်ပြင် ရာသီဥတုအခြေအနေက ရုတ်တရက် ပြောင်းလဲသွားသည်။ လေတိုက်နှုန်း တဖြည်းဖြည်းမြင့်လာသဖြင့် စက်လှေမောင်းသူဘက် စိုးရိမ်မိသဖြင့် လှည့်ကြည့်လိုက်ရာ သူလည်းရာသီဥတုပြောင်းလဲသွားမှုကို အကဲခတ်နေဟန်ရှိသည်ကို တွေ့ရသည်။ သို့သော် ခဏအကြာတွင် "စိုးရိမ်စရာမရှိပါဘူး"ဟု စက်လှေမောင်းသမားကပြောသဖြင့် စိတ်သက်သာရာရသွားသလို ကောင်းကင်လည်း ပြန်လည်ကြည်လင်သွားသဖြင့် သက်ပြင်းချမိသည်။ ပင်လယ်ပြင်ရာသီဥတုကအစိုးမရ၊ သာမန်လူများအတွက် ခန့်မှန်းရခက်ခဲပါဘိဟုတွေးရင်း စိတ်အေးသွားရသည်။

မြိတ်ကျွန်းစုများသို့ အလည်အပတ် ခရီးလာရောက်ရန် နှစ်စဉ် နိုဝင်ဘာလနှင့်ဧပြီလအတွင်း အကောင်းဆုံးဖြစ်ရာ ယခုဇန်နဝါရီလကား ခရီးသွားဧည့်သည်များ စက်တပ်ရွက်လှေများဖြင့် ထိုင်းနိုင်ငံဘက်မှ အများဆုံး လာရောက်လျက်ရှိကြောင်း သိရသည်။

ပင်လယ်ရေပြင်ကိုဖြတ်သန်းရင်း ခပ်ဝေးဝေးရှိ မြိတ်ကျွန်းစုငယ်များကို မှိုင်းညို့ညို့လှမ်းမြင်ရသည်။ မြန်မာနိုင်ငံတွင် အလှပဆုံးကျွန်းများတည်ရှိရာ မြိတ်ကျွန်းစုကား အရှေ့တောင်အာရှ၌သာမက အာရှ၌လည်း နာမည်ကြီးသည်။ သဘာဝအလှတရားများအတိုင်း တည်ရှိနေသော ကျွန်းများ၊ ရှားပါးငါးမျိုးစိတ်များနှင့် ငှက်မျိုးစိတ်များအပြင် ရေအောက်သန္တာကျောက်တန်းများက ရေကူး၊ ရေငုပ်စိတ်အားသန်သည့် ခရီးသွားဧည့်သည်များ အကြိုက်ပင်။ ကျွန်းအချို့တွင် ရွာငယ်များတည်ပြီး နေထိုင်နေသော ဆလုံလူမျိုးတို့၏ လူမှုဘဝနေထိုင်မှုများကိုလည်း အနီးကပ်လေ့လာတွေ့ရှိနိုင်သဖြင့် ခရီးသွားဧည့်သည်များမြိတ်ကျွန်းစုများသို့ တစ်နှစ်ထက်တစ်နှစ် လာရောက်လည်ပတ်မှု များပြားလာလျက်ရှိနေပြီ ဖြစ်သည်။

ခပ်လှမ်းလှမ်းတွင် မြန်မာ့ရေတပ်သင်္ဘောတစ်စင်းကို တွေ့ရသည်။ မြန်မာ့ရေပြင်ပိုင်နက်အတွင်း လုံခြုံရေးအတွက် ကင်းလှည့်နေခြင်းဖြစ်မည်။ အချို့ကျွန်းများအနီး ရေယာဉ်အချို့ ဆိုက်ကပ်ရပ်နားထားသည်ကို တွေ့ရသည်။ ထိုင်းနိုင်ငံဘက်မှ စက်တပ်ရွက်လှေများဖြင့် လာရောက်ကြသော နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားအချို့ကို လှမ်းမြင်ရသည်။ မြိတ်ကျွန်းစုများသို့ရေကူး၊ ရေငုပ်အပန်းဖြေခြင်းများအတွက် လာရောက်ကြခြင်းဖြစ်သည်။

ကော့သောင်းဆိပ်ကမ်းမှ ထွက်လာပြီး နှစ်နာရီခန့်အကြာတွင် ကြက်မောက်ကျွန်းအနီးသို့ရောက်ရှိလာသည်။ သစ်ပင်များပေါက်ရောက်နေသော်လည်း အချို့နေရာများတွင် မြေကြီးနှင့်ကျောက်သားများ ပေါ်ထွက်နေသည်ကိုလှမ်းမြင်ရသည်။ ကျွန်းအနီးရေပြင်ပတ်လည်မှာ ကြည်လင်သန့်ရှင်းပြီး အမှိုက်သရိုက်များလည်း ကင်းစင်နေရာ တိတ်ဆိတ်အေးချမ်းသည့် သီးခြားကမ္ဘာတစ်ခုအဖြစ် ထင်မှတ်မှားစရာဖြစ်နေသည်။

ကျွန်တော်တို့ ကြက်မောက်ကျွန်းအတွင်းသို့ ကျောက်ဆောင်များအကြားမှ စက်လှေဖြင့်ဝင်ရောက်သွားသည်။ ထူထဲသော ကျောက်ဆောင်များက အသည်းအေးစရာကောင်းလှသည်။ ကျောက်ဆောင်များ၊ ကျောက်တောင်များပေါ်တွင် သဘာဝငှက်သိုက်များရှိသဖြင့် ကျွန်းပေါ်သို့ ခရီးသွားဧည့်သည်များ တက်ရောက်ခွင့်မပြုကြောင်း သိရသည်။ ဇီဝဖိုးငှက်လေးများက ကြက်မောက်ကျွန်းပေါ်တွင် အများဆုံးငှက်သိုက် လာရောက်ပြုလုပ်ကြကြောင်း၊ ငှက်သိုက်လေလံအောင်သည့်ကုမ္ပဏီများက ခရီးသွားဧည့်သည်များကြောင့် ဇီဝဖိုးငှက်များ ငှက်သိုက်လုပ်မှုလျော့ကျသွားမည်ကိုစိုးရိမ်သဖြင့် ခရီးသွားဧည့်သည်များ ကျွန်းပေါ်တက်ရောက်ခြင်းကို တားဆီးထားခြင်းဖြစ်ကြောင်း သိရသည်။

ကော့သောင်းမြို့သား ကိုလူမောင်၏ကူညီမှုဖြင့် ကြက်မောက်ကျွန်းကို ခေတ္တရောက်ရှိခွင့်ရခဲ့သဖြင့် ကျေးဇူးတင်ရသည်။ ကျောက်ဆောင်များအတိုင်း ဖြည်းဖြည်းတက်ခဲ့ရာ မကြာမီအချိန်အတွင်း ကြက်မောက်ကျွန်း ထိပ်ပိုင်းနားရောက်ရှိခဲ့သည်။ "ဟိုမှာ အသည်းပုံရေအိုင်"ဟု ကိုလူမောင်က ပြသဖြင့် ကြည့်လိုက်ရာ ကြက်မောက်ကျွန်းထိပ်ပိုင်းချိုင့်ဝှမ်းအတွင်း လူ့အသည်းနှလုံးပုံသဏ္ဍာန်တည်ရှိနေသော ရေအိုင်ကိုအံ့သြစွာ တွေ့ရှိလိုက်ရသည်။ ရေအိုင်အတွင်းရေများမှာရေအိုင်၏သုံးပုံနှစ်ပုံခန့်ရှိနေရာ ကြည့်ရှုရသည်မှာ လူများတမင်တကာ ဖန်တီးထားသကဲ့သို့ဖြစ်နေသည်။ သဘာဝတရားနှင့် သဘာဝအတိုင်းဖြစ်တည်မှုများက အံ့သြဖွယ်ရာ ကောင်းလှသည်။

ကမ္ဘာပေါ်တွင် သဘာဝအတိုင်းဖြစ်တည်နေသော အသည်းပုံရေအိုင်ပေါင်း ကိုးခုရှိကြောင်း ဖတ်ရှုလေ့လာဖူးသည်။ ကနေဒါနိုင်ငံရှိ အွန်တာရီရိုရေအိုင်၊ အမေရိကန်နိုင်ငံရှိ ချီကာဂိုရေအိုင်၊ ပြင်သစ်နိုင်ငံအမျိုးသားဥယျာဉ်အတွင်း ရှိရေအိုင်၊ မြန်မာနိုင်ငံရှိ ရိဒ်ရေအိုင်နှင့် နော်ဝေ၊ တူရကီ၊ မွန်တီနီဂရိုး၊ အိန္ဒိယနှင့် ရုရှားနိုင်ငံတို့မှ ရေအိုင်များဖြစ်သည်။ ယခု ကြက်မောက်ကျွန်းပေါ်ရှိ အသည်းပုံ ရေအိုင်ငယ်မှာ မှတ်တမ်းတွင်မပါဝင်သော်လည်း ထူးထူးခြားခြားတည်ရှိနေသော အသည်းပုံရေအိုင်ငယ်ပင်။

ကြက်မောက်ကျွန်းမှာ စုစုပေါင်း အကျယ်ဧက ၁၂၀ ခန့်ရှိပြီး အသည်းပုံရေအိုင်မှာ အချင်းပေ ၃၀၀ ခန့် ကျယ်ဝန်းကြောင်း ခန့်မှန်းမိသည်။ အသည်းပုံရေအိုင်၏အနီးတွင် သေးငယ်ပြီး ရှည်မျောမျောပုံသဏ္ဍာန်ရှိသည့် ရေအိုင်လေးတစ်ခုကိုလည်း တွေ့ရသည်။ ရှားပါးရေနေသတ္တဝါမျိုးစိတ်နှင့် ကုန်းနှင့်ရေ နှစ်မျိုးနေသတ္တဝါမျိုးစိတ်များ နေထိုင်ကျက်စားနိုင်ကြောင်း တွေးမိသော်လည်း အနီးကပ်လေ့လာခွင့်မရခဲ့။ ရေအိုင်နှင့် ကျွန်းမြင်ကွင်းကား ထူးခြားသော ပန်းချီကားတစ်ချပ်သဖွယ်။

တိတ်ဆိတ်လွန်းသည့် ကြက်မောက်ကျွန်းပေါ်တွင် ဇီဝဖိုးငှက်လေးများ၏အသံကို လေအဝှေ့၌ တစ်ခါတစ်ရံကြားရသည်။ ခရီးသွားများ တက်ရောက်လေ့လာခွင့်ကို ပိတ်ထား၍လားမသိ၊ လူသူအရိပ် အရောင်မတွေ့ရ။ ကျောက်သား ကျောက်စိုင်များအတိပြီးနေသော ကျွန်းပေါ်တွင် သစ်ပင်စိမ်းစိမ်းများ အုပ်အုပ်ဆိုင်းဆိုင်း တော့မရှိသဖြင့် ကြက်မောက်ကျွန်း၏ သဘာဝအလှက တစ်ခုခုလိုအပ် နေသလိုပင်။ သို့သော်ပင်လယ်ရေပြင်အတွင်း ကျွန်းငယ်တစ်ကျွန်းပေါ်၌ အသည်းပုံရေအိုင် တည်ရှိနေမှုက ဆွဲဆောင်မှု တစ်ခုပင်ဖြစ်သည်။

ကြက်မောက်ကျွန်းသည် လူသူအရောက်အပေါက်နည်း၍လားမသိ။ ဇီဝဖိုးငှက်လေးများက လာရောက်ကာ အသိုက်ပြုလုပ် ပျော်မွေ့ကြောင်း သိရသည်။ မြိတ်ကျွန်းစုများရှိ ငှက်သိုက်အများဆုံးထွက်ရှိရာ ကျွန်းများအနက် ကြက်မောက်ကျွန်းလည်း အပါအဝင်ဖြစ်သည်။ ကြက်မောက်ကျွန်းက ကော့သောင်း မြို့ အရှေ့တောင်ဘက် ရေမိုင် ၂၈ မိုင်ခန့်အကွာတွင် တည်ရှိသဖြင့် ထိုင်းနိုင်ငံဘက်မှ လာရောက်လည်ပတ်သော ခရီးသွားဧည့်သည်များက ကျွန်းအနီးဝန်းကျင်သို့ ရောက်ရှိမှုမှအပ ပြည်တွင်းခရီးသွားများ သွားရောက်မှု နည်းပါးသည်။ မိမိတို့ပင် တကူးတကလာရောက်ခြင်းဖြစ်ပြီး ဒေသခံမိတ်ဆွေ ကိုလူမောင်၏အကူအညီကြောင့် ကျွန်းပေါ်ခေတ္တမျှ တက်ရောက်ခွင့်ရခဲ့ခြင်း ဖြစ်သည်။

ကျွန်တော်တို့ စက်တပ်ရွက်လှေပေါ် ပြန်တက်ခဲ့ကြသည်။ ကြက်မောက်ကျွန်းတစ်ပတ်ကိုလှည့်ပြီး ကြည့်ရှုလေ့လာရာ ခရီးသွားဧည့်သည်အချို့လိုက်ပါလာသော စက်လှေတစ်စင်းကို လှမ်းတွေ့ရသည်။ ရေအောက်ဆင်းပြီး လေ့လာမှုများ ပြုလုပ်ရန် ပြင်ဆင်နေကြခြင်းဖြစ်သည်။ "ဒီရာသီက ရေကူး၊ ရေငုပ်တဲ့ ခရီးသွားတွေ ထိုင်းဘက်ကနေလာကြတာများတယ်" ဟု စက်လှေမောင်းသူက ပြောပြသည်။ ခရီးသွားဧည့်သည်များက နေ့ချင်းပြန်ခရီးလာကြခြင်းဖြစ်ပြီး ညနေပိုင်းတွင် ပြန်ကြခြင်းဖြစ်ကြောင်း သိရသည်။ မြိတ်ကျွန်းစုများသို့ ထိုင်းနိုင်ငံမှတစ်ဆင့် စက်တပ်ရွက်လှေများဖြင့် နေ့ချင်းပြန်လာရောက်လေ့လာကြသည့် ဧည့်သည်အရေအတွက်မှာ ၂၀၁၃ ခုနှစ်က ခရီးသွားဦးရေ ၂၀၀၀ ကျော်ခဲ့ပြီး ၂၀၁၄ ခုနှစ်က ၂၅၀၀ ကျော် ရောက်ရှိခဲ့ကာ ၂၀၁၅ ခုနှစ်အတွင်း ပိုမိုရောက်ရှိခဲ့ကြောင်း သိရသည်။

ကြက်မောက်ကျွန်းကို စက်တပ်ရွက်လှေဖြင့် လှည့်ပတ်လေ့လာနေခိုက် ပင်လယ်ပျော်သိမ်းငှက်တစ်ကောင် ပျံသန်းသွားသည်ကို တွေ့ရသည်။ လိုက်လံကြည့်ရှုနေစဉ်မှာပင် သိမ်းငှက်က ရေပြင်သို့ ရုတ်တရက် ထိုးဆင်းကာ ငါး သို့မဟုတ် အစာတစ်ခုခုကို ဝဲပျံထိုးသုတ်သွားသည်ကို တွေ့လိုက်ရာ စက္ကန့်ပိုင်းအချိန်အတွင်း မျက်လှည့်ပြလိုက်သကဲ့သို့ ထင်ရသည်။ လျင်မြန်ကျွမ်းကျင်လှသည်။ ထိုစဉ် နှုတ်သီးရှည်ရှည်၊ ဦးခေါင်းအဖြူရောင်၊ ကိုယ်ထည်မီးခိုးရောင်ရှိသော ငှက်တစ်အုပ်ဖြတ်သန်းသွားသဖြင့် ရွှေ့ပြောင်းဆောင်းခိုငှက်များဖြစ်မည်ဟု တွေးမိသည်။ မြိတ်ကျွန်းစုသို့ ဆောင်းခိုငှက်များ ဒီဇင်ဘာလနှင့် ဇန်နဝါရီလအတွင်း ရောက်ရှိလာတတ်ကြောင်း စက်လှေမောင်းသူက ပြောပြသည်။

ကျွန်းအနီးရေပြင်ကိုကပ်ပြီး စက်လှေမောင်းနှင်နေသဖြင့် ကျွန်းမြေနှင့် ပတ်လည်ရေပြင်အနေအထားကို အနီးကပ်လေ့လာခွင့်ရသည်။ မြိတ်ကျွန်းစုများတွင် ငှက်မျိုးစိတ် ၂၂၈ မျိုး၊ ခရုကမာမျိုးစိတ် ကိုးမျိုး၊ ရေပေါ်ရေအောက်သန္တာကျောက်တန်းမျိုးစိတ် ၅၀၊ ငါးမျိုးစိတ် ၄၂ မျိုးခန့်ရှိကြောင်း သိရသည်။

ကြက်မောက်ကျွန်းမှ ကော့သောင်းမြို့သို့ ပြန်လည်ထွက်ခွာလာခဲ့သည်။ ပင်လယ်ရေပြင်ထက် စက်လှေအင်ဂျင်သံက ဟိန်းထွက်ကျယ်လောင်လျက်ရှိရာ ခပ်လှမ်းလှမ်းမှ ဒေသခံငါးဖမ်းစက်လှေအချို့မှ လက်ပြနှုတ်ဆက်နေသည်ကို တွေ့ရသည်။ ပင်လယ်ပြင်တွင် စုန်ဆန်ခုတ်မောင်းသွားလာနေကြသော်လည်း လုပ်ငန်းသဘာဝချင်းက မတူကြ။ သူတို့က ငါးဖမ်းနေသလို တပ်မတော်ရေယာဉ်က လုံခြုံရေးအတွက် ကင်းလှည့်နေသည်။ ခရီးသွားဧည့်သည်လှေအချို့က မြိတ်ကျွန်းစုများဆီသို့ အပန်းဖြေလေ့လာရေကူးရန် လာရောက်နေကြသလို မိမိတို့ကလည်း ကြက်မောက်ကျွန်းသို့ လေ့လာရေးသွားပြီး ပြန်လာခဲ့ကြခြင်းဖြစ်ရာ ဦးတည်ချက်ချင်းမတူကြသည့် လူ့ဘဝလှုပ်ရှားနေရမှုများကို တွေးနေမိပြန်သည်။ ဩော်. . . ဘဝတွေ။

စက်လှေအရှိန်လျှော့လိုက်သဖြင့် အတွေးပြတ်သွားသည်။ ရှေ့တူရှုသို့ လှမ်းမျှော်ကြည့်လိုက်ရာ ငါးဖမ်းသင်္ဘောငယ်များနှင့် စက်တပ်ရေယာဉ်များအချို့က ကမ်းမှထွက်ခွာလျက် အချို့က ကမ်းကပ်ရန်ပြင်ဆင်လျက်။ ကော့သောင်းဆိပ်ကမ်းက ပြန်လာသူများကို ကြိုဆိုနေသလို ကမ်းမှထွက်ခွာနေသူများကို နှုတ်ဆက်နေသည့်အလား။ ။

**" မြိတ်ကျွန်းစုကား အရှေ့တောင်အာရှ၌သာမက အာရှ၌လည်း နာမည်ကြီးသည်။ သဘာဝအလှတရားများအတိုင်း တည်ရှိနေသော ကျွန်းများ၊ ရှားပါးငါးမျိုးစိတ်များနှင့် ငှက်မျိုးစိတ်များအပြင် ရေအောက်သန္တာကျောက်တန်းများက ရေကူး၊ ရေငုပ်စိတ်အားသန်သည့် ခရီးသွားဧည့်သည်များ အကြိုက်ပင်။ ကျွန်းအချို့တွင် ရွာငယ်များတည်ပြီး နေထိုင်နေသော ဆလုံလူမျိုးတို့၏ လူမှုဘဝနေထိုင်မှုများကိုလည်း အနီးကပ်လေ့လာတွေ့ရှိနိုင်သဖြင့် ခရီးသွားဧည့်သည်များ မြိတ်ကျွန်းစုများသို့ တစ်နှစ်ထက်တစ်နှစ် လာရောက် လည်ပတ်မှု များပြားလာ "**



# အကောင်းဆုံးဆန်က ဆရာစံ

**မောင်ခင်မင်(ဓနုဖြူ)**

"ဟာ သူငယ်ချင်းပါလား။ ဘယ်ကလှည့်လာတာလဲ"

"ခင်ဗျားကိုသတိရလို့ တမင်လာခဲ့တာပါ။ ပြောစရာလေးလည်းရှိလို့ပေါ့"

ငယ်သူငယ်ချင်းတစ်ယောက် ကျွန်တော့်အိမ် ရောက်လာသည့်အတွက် စကားစမြည်ပြောကြရင်း ကျွန်တော်ရေးသည့်ဆောင်းပါးများအကြောင်း ရောက်လာသည်။

"ခင်ဗျားကိုသတိရတဲ့အကြောင်းက ဟိုတစ်ပတ်လောက်ကပဲ ကျွန်တော် ကိစ္စတစ်ခုနဲ့ပုသိမ်သွားရင်း အဝေးပြေးကားပေါ်မှာ ဗီဒီယိုဇာတ်ကားတစ်ကား ကြည့်ရတာကြောင့်ပဲဗျ"

"ဟင် . . . ဘယ်လိုကားမျိုးမို့လဲဗျာ"

"အဲဒီဗီဒီယိုက အငြိမ့်ဗီဒီယိုဇာတ်ကားဗျ။ အဲဒီထဲမှာ ရုပ်ရှင်မင်းသားတွေက လူရွှင်တော်လုပ်ကြတယ်လေ"

"ဟုတ်လား။ ကိုင်း . . . ပြောစမ်းပါဦးဗျာ"

"ပြက်လုံးထုတ်ကြရင်း တစ်ယောက်နဲ့တစ်ယောက် အမေးအဖြေလုပ်ကြတယ်"

"ဟုတ်ကဲ့"

"တစ်ယောက်ကမေးတယ် 'ဆန်ထဲမှာ ဘယ်ဆန်အကောင်းဆုံးလဲ' တဲ့။ 'မသိဘူး'လို့ တစ်ယောက်ကဖြေတော့ မေးတဲ့သူက ဘယ်လိုပြန်ဖြေသလဲ သိလား"

"ပြောပါဦး"

"မသိရင်မှတ်ထား။ ဆန်ထဲမှာအကောင်းဆုံးဆန်က 'ဆရာစံ'တဲ့ဗျာ"

"ဟာ . . ."

"အဲဒါကြောင့် ခင်ဗျားကို သတိရသွားတာပေါ့ဗျာ။ ခင်ဗျားက ဆလိမ်သံပျောက်နေတဲ့အကြောင်း ရေးဖူးတယ်မဟုတ်လား"

"ဟုတ်ပ။ ကျွန်တော်က ဒီနေ့ လူငယ်တော်တော်များများ 'ဆ'ကို 'စ'လို့ပဲ အသံထွက်နေကြတာကြားရလို့ 'မြန်မာစကားထဲက ဆသံပျောက် မသွားအောင်'ဆိုတဲ့ခေါင်းစဉ်နဲ့ ဆောင်းပါးရေးလိုက်ဖူးတယ်လေ။ အင်း. . သိပါပြီ။ ခင်ဗျားက ကျွန်တော်ရေးတဲ့ကိစ္စ တော်တော်အောင်မြင်တာပဲ ဆိုပြီး သတိရတာထင်တယ်"

"အဲဒီလိုပြောရမလို ဖြစ်နေပြီ။ ခင်ဗျားက 'မြန်မာစာ မြန်မာစကား' အခန်းကနေပြီး အဲဒီအကြောင်း ဇာတ်လမ်းကလေးထုတ်လွှင့်တာလည်း တီဗွီမှာကြည့်လိုက်ရပါသေးတယ်။ ဒါတောင် ဆသံပျောက်နေတုန်းပဲလို့ တွေးမိလို့ပါ"

"ဟုတ်ပါတယ်။ အဲဒီလိုဆသံပျောက်တာကို လူငယ်တွေချည်း အပြစ်တင်လို့တော့မရဘူးပေါ့။ သူတို့ငယ်ငယ်ကတည်းက စသံနဲ့ ဆသံကို ကွဲကွဲပြားပြား အသံထွက်တဲ့အလေ့အကျင့်မရှိခဲ့လို့ ဒီလိုဖြစ်တယ်လို့ပဲ ပြောရမှာပေါ့ဗျာ။ လူကြီးတွေမှာလည်း တာဝန်ရှိမှာပေါ့"

"တကယ်တော့ ကလေးတစ်ယောက် ကျောင်းစနေရင် သူငယ်တန်းမှာ ကကြီး ခခွေး စသင်ရတာပဲ။ အဲဒီမှာ စလုံးနဲ့ ဆလိမ်ကို အသံချင်းခွဲပြီး သင်ရပါတယ်ဗျာ။ ပြီးတော့ ဗျည်းတွေကို ကဗျာဖွဲ့ထားတဲ့ သင်ပုန်းကြီးကဗျာကလေးတွေမှာလည်း ခွဲခွဲခြားခြား ရေးထားတာပါ"

"ဟုတ်ပါတယ်။ အခုသင်နေတဲ့ သူငယ်တန်းမြန်မာဖတ်စာမှာ 'က-ကလေးငယ်ချစ်စဖွယ်၊ ခ-ခရေကုံးမလေးပြုံး'ဆိုတဲ့ အချိန် 'ကလေးတွေက စတာမဟုတ်လား။ အဲဒီမှာ'စ-စခန်းသာတောင်တန်းပြာ'၊ 'ဆ-ဆရာမရိုသေကြ'ဆိုပြီး အသံချင်းခွဲထားတာပါဗျာ"

"ဟုတ်ပါတယ်"

"ဒါတင်မကဘူးဗျ။ သူငယ်တန်းဖတ်စာမှာ 'ဖိုးစလုံး'ဆိုတဲ့ ကဗျာကလေးပါသေးတယ်။ အဲဒီကဗျာမှာ စနဲ့ဆ အသံချင်းကွဲတာ သိအောင် ယှဉ်ရေးထားတယ်ဗျ"

"ဘယ်လိုရေးထားတာပါလိမ့်"

"ကျွန်တော်ဆိုပြမယ်။ 'စလုံးစလုံးဖိုးစလုံး၊ စောစောစီးစီးစာဆိုတုန်း၊ စာဆိုတုန်းမှာ ထမင်းဆာ၊ ဆီဆမ်းစားဖို့ ထမင်းရှာ၊ အုပ်ဆောင်းအောက်လား စင်ပေါ်လား၊ ဆ ဆာ ဆာ့ ဆား၊ စ စာ စာ့ စား'တဲ့ဗျ"

"အဲဒီကဗျာကို ကလေးတွေပီပီသသဆိုရင် စသံနဲ့ ဆသံ ကွဲကွဲပြားပြား ဆိုနိုင်မှာ သေချာပါတယ်ဗျာ"

"တစ်ခုတော့ရှိတယ်ဗျ။ အဲဒီကလေးတွေကို သင်ပေးတဲ့ ဆရာကလေးတွေ ဆရာမကလေးတွေကိုယ်တိုင်က စနဲ့ ဆ အသံမကွဲရင်တော့ 'စာဆိုတုန်းမှာ ထမင်းဆာ'လို့ မဆိုနိုင်ဘဲ 'စာစိုတုန်းမှာ ထမင်းစာ'လို့ ဆိုမှာပဲ။ 'ဆီဆမ်းစား'ကိုလည်း 'စီစမ်းစား'လို့ ဆိုမှာပဲ။ ဒီတော့ သူတို့သင်ပေးတဲ့ ကလေးတွေကလည်း အဲဒီလိုပဲ လိုက်ဆိုမှာပေါ့ဗျာ"

"အင်း . . . ဆရာ ဆရာမတွေက အသက် ၂၀ ကျော်၊ ၃၀ အရွယ်ဆိုရင်တော့ စနဲ့ဆ အသံမကွဲတဲ့သူတွေ တော်တော်များများရှိမယ် ထင်တယ်ဗျာ။ ကျွန်တော်သတိထားမိသလောက် ပြောတာပါ"

"ဟုတ်လား"

"ဟုတ်ပါတယ်။ ဂျာနယ်တချို့မှာရော၊ တီဗွီထဲက နိုင်ငံခြားရုပ်ရှင်တွေမှာ ထိုးတဲ့ မြန်မာစာတန်းတွေမှာပါ မကြာခဏတွေ့တယ်။ 'အဆင်ပြေ'ဆိုတာ မသိတော့ 'အစဉ်ပြေ'ထင်ပြီး ရေးတာနေမှာပေါ့။ 'ဆောလျင်စွာ'ဆိုတဲ့ စကားလည်း စောစောလုပ်ရတာကို ဆိုလိုတယ်ထင်ပြီး 'စောလျင်စွာ'လို့ ရေးကြတယ်ထင်တာပဲဗျာ"

"ဟိုတစ်ခါ တီဗွီထဲကကြော်ငြာမှာ 'လေဆာ'ကို 'ခြောက်လစာ'လို့ မှားဖတ်တဲ့ကြော်ငြာကို သတိထားမိမှာပေါ့။ အဲဒီလို ဖတ်ကတည်းက 'စ' နဲ့ 'ဆ' မကွဲတာ သေချာတာပေါ့ဗျာ။ တကယ်အမှန်ဆိုရင် 'ခြောက်လဆာ' လို့ ဖြစ်ရမှာလေ။ 'ဆာ'နဲ့ 'စာ' အသံတူတယ်ထင်ပြီး အဲဒီကြော်ငြာလုပ်တယ်ထင်ပါရဲ့။ ခုတော့ မတွေ့တော့ဘူး။"

"ကဲ . . . စနဲ့ဆ အသံမကွဲကြတဲ့အကြောင်းပြောရင် ဆုံးမှာမဟုတ်တော့ဘူး။ အဲဒီပြဿနာကို ဘယ်လိုအဖြေရှာမယ်ဆိုတာလည်း တော်တော်ပြောပြီးကြပါပြီဗျာ။ ကျွန်တော်ဟိုတစ်ခါရေးဖူးပါတယ်။ မြန်မာဗျည်းသံတွေထဲက အသံစုံတွဲတွေအကြောင်းလေ"

"ထပ်ပြောပြပါဦးဗျာ"

"ဒီလိုပါ။ မြန်မာဗျည်းသံတွေထဲမှာ က နဲ့ ခ၊ စ နဲ့ ဆ၊ တ နဲ့ ထ၊ ပ နဲ့ ဖ ဆိုပြီး အတွဲလေးတွဲရှိတယ်။ ဋ နဲ့ ဌ က တော့ တ၊ ထ နဲ့ အသံတူတာမို့ ထည့်မပြောတော့ဘူး။ အဲဒီလေးတွဲမှာ က၊ စ၊ တ၊ ပ ဆိုတဲ့ ရှေ့အသံလေးသံကို ပါဠိလို သိထိလလို့ခေါ်တယ်။ အသံလျော့လျော့ဆိုရတဲ့ သံလျော့ဗျည်းတွေပေါ့။ ခ၊ ဆ၊ ထ၊ ဖ ဆိုတဲ့ နောက်အသံလေးသံကိုတော့ ပါဠိလို ဓနိတလို့ခေါ်တယ်။ အသံတင်းတင်းဆိုရတဲ့ သံတင်းဗျည်းတွေပဲ"

"ဟုတ်ပါပြီ"

"သံလျော့ဗျည်းကို ဟသံတွဲဆိုရင် သံတင်းဗျည်းဖြစ်တယ်။ ကနဲ့ဟ မြန်မြန်တွဲဆိုရင် 'ခ' ဖြစ်တယ်။ 'က'ကို အသံအပြည့်မဆိုဘဲ 'ကယား'မှာပါတဲ့ 'က'သံကို အသံတစ်ဝက်ပဲဆိုပြီး 'ဟ'သံကို ဆက်ဆိုကြည့်။ 'ကဟ' ကနေ 'ခ' ဖြစ်သွားတာပေါ့။ အဲဒီလိုပဲ 'စဟ'က 'ဆ'ဖြစ်တယ်၊ 'တဟ'က 'ထ' ဖြစ်တယ်။ 'ပဟ'က 'ဖ' ဖြစ်တယ်"

**အဲဒီကလေးတွေကို သင်ပေးတဲ့ဆရာကလေးတွေ ဆရာမကလေးတွေကိုယ်တိုင်က စနဲ့ ဆ အသံမကွဲရင်တော့ 'စာဆိုတုန်းမှာ ထမင်းဆာ'လို့ မဆိုနိုင်ဘဲ 'စာစိုတုန်းမှာ ထမင်းစာ'လို့ ဆိုမှာပဲ။ 'ဆီဆမ်းစား'ကိုလည်း 'စီစမ်းစား'လို့ ဆိုမှာပဲ။ ဒီတော့ သူတို့သင်ပေးတဲ့ကလေးတွေကလည်း အဲဒီလိုပဲလိုက်ဆိုမှာပေါ့ဗျာ**

"ခင်ဗျားပြောလို့ ပြောရဦးမယ်။ မဂ္ဂဇင်းတစ်ခုထဲမှာ ဆောင်းပါးတစ်ပုဒ်ဖတ်ပြီး ကျွန်တော် တော်တော်အံ့ဩသွားတယ်။ ဘယ်လိုရေးထားသလဲဆိုတော့ 'စုန်းမ' နဲ့ 'ဆုံးမ'ဟာ အသံတူပေမယ့် အဓိပ္ပာယ်ကွဲပြားတယ်တဲ့"

"ဟာ ဒုက္ခပဲ။ 'စုန်းမ'နဲ့ 'ဆုံးမ' အသံတူတယ်လို့ ရေးတယ်ဆိုတော့ အဲဒီဆောင်းပါးရေးတဲ့သူကိုယ်တိုင်လည်း စနဲ့ဆ ကွဲပြားအောင် မဆိုနိုင်တာ သေချာတာပေါ့ဗျာ"

"ဟုတ်တယ်ဗျ။ သူ့နားထဲမှာ အသံအတူတူလို့ ထင်နေလို့သာ ဒီလို ရေးတာပေါ့။ နောက်ရှိသေးတယ်။ စနဲ့ဆ မကွဲလို့ မှားရေးတဲ့ စာလုံးနှစ်လုံး သတိထားမိလို့ပါ"

"ဘာစာလုံးတွေပါလိမ့်"

"တစ်လုံးက 'အစဉ်ပြေသည်'တဲ့။ နောက်တစ်လုံးက 'စောလျင်စွာဆောင်ရွက်သည်'တဲ့"

"ဒီတော့. . . ."

"မြန်မာစကားမှာ အဲဒီလို အသံတွဲလေးတွဲရှိရဲ့သားနဲ့ က-ခ၊ တ-ထ၊ ပ-ဖ သုံးတွဲသာအသံကွဲပြီး စ-ဆ တစ်တွဲတည်းအသံမကွဲရင် အဲဒီအတွဲမှာ အသံတစ်ခြမ်း ပဲ့နေသလိုဖြစ်နေမှာပေါ့ဗျာ။ မြန်မာစကားသံဖွဲ့စည်းထားတဲ့စနစ်ကိုလည်း ထိခိုက်တာပေါ့"

"ဟုတ်တာပေါ့ဗျာ"

"ဒီတော့ စကားပြောတတ်စကလေးတွေကစပြီး စနဲ့ဆ ကွဲအောင်အိမ်မှာလည်း လူကြီးမိဘတွေက သင်ပေးမယ်၊ ကျောင်းမှာလည်း ဆရာ ဆရာမတွေက သင်ပေးမယ်ဆိုရင် နောက်ကလေးတွေ လက်ထက်ကျ ကွဲကွဲပြားပြား ဖြစ်လာမှာပေါ့ဗျာ၊ ခုခေတ်လူငယ်တွေလည်း စသံတစ်ဝက်နဲ့ ဟသံနဲ့တွဲပြီး 'ခဟ၊ စဟ' လို့မြန်မြန်ရွတ်ဆိုတဲ့လေ့ကျင့်ခန်းလုပ်ရင် ဆသံပီလာမယ်လို့ ထင်တာပဲ သူငယ်ချင်းရယ်"

# ကမ္ဘာလှည့်ခရီးသည်များ အပျော်စီးသင်္ဘောများဖြင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မှုကို နှစ်ခြိုက်လာ

**နေပြည်တော် ဇန်နဝါရီ ၁၆**

မြန်မာနိုင်ငံ၏ သာယာလှပသော တော၊ တောင်များ၊ ကန်များ၊ အင်းများ၊ ကမ်းခြေများ၊ တံတားများ၊ ရေတံခွန်များသည် ကမ္ဘာလှည့်ခရီးသည်များကို အံ့သြမှင်တက်သွားစေနိုင်လောက်သည်အထိ ဖမ်းစားနိုင်သကဲ့သို့ ထူးခြားလှသည့် တိုင်းရင်းသားမျိုးနွယ်စုတို့၏ ဝတ်စားဆင်ယင်မှု၊ အသက်မွေးဝမ်းကျောင်းပြုမှု၊ ယုံကြည်ကိုးကွယ်မှုတို့ကလည်း အကြိမ်ကြိမ် လာရောက်ကြည့်ရှုလေ့လာစေရန် ဆွဲဆောင်မှုရှိလှသည်။

ယခု ၂၀၁၆ ခုနှစ် နှစ်စသည်နှင့်ပင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ခရီးသွားကုမ္ပဏီများ၏ စီစဉ်မှုဖြင့် ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီးများဖြင့် နိုင်ငံတကာဧည့်သည်များ အကြိမ်ကြိမ် ဝင်ရောက်လာကြတော့မည်ဖြစ်သည်။

D A ( )၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကမ္ဘာလှည့်ခရီးသည် ၆၉၉ ဦးနှင့် သင်္ဘောအမှုထမ်း ၄၄၇ ဦး ပါဝင်သော အပျော်စီးသင်္ဘောကြီးသည် ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိလည်းကောင်း၊ ကမ္ဘာလှည့်ခရီးသည် ၁၃၉၉ ဦးနှင့် သင်္ဘောအမှုထမ်း ၆၂၀ ပါဝင်သော အပျော်စီးသင်္ဘောကြီးသည် ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိလည်းကောင်း၊ ကမ္ဘာလှည့်ခရီးသည် ၇၉၉ ဦးနှင့် သင်္ဘောအမှုထမ်း ၁၈၄ ဦးပါဝင်သော အပျော်စီးသင်္ဘောကြီးသည် ဖေဖော်ဝါရီ ၁၈ ရက် မှ ၂၃ ရက်အထိလည်းကောင်း၊ ကမ္ဘာလှည့်ခရီးသည် ၄၄၉ ဦးနှင့် သင်္ဘောအမှုထမ်း ၃၃၀ ပါဝင်သော အပျော်စီးသင်္ဘောကြီးသည် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၂ရက်အထိလည်းကောင်း၊ ကမ္ဘာလှည့်ခရီးသည် ၁၁၉၉ ဦးနှင့် သင်္ဘောအမှုထမ်း ၆၃၂ဦး ပါဝင်သော အပျော်စီးသင်္ဘောကြီးသည် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိလည်းကောင်း၊ A ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကမ္ဘာလှည့်ခရီးသည် ၃၆၀ နှင့် သင်္ဘောအမှုထမ်း ၁၈၁ ဦး ပါဝင်သော A အပျော်စီးသင်္ဘောကြီးသည် ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိလည်းကောင်း မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသို့ရောက်ရှိပြီး ရန်ကုန်၊ ပဲခူး၊ မန္တလေး၊ ပုဂံ၊ အင်းလေး၊ ငွေဆောင်၊ ကျိုက်ထီးရိုးများသို့ အဖွဲ့များခွဲ၍ လည်ပတ်ကြည့်ရှုကာ ပြည်ပနိုင်ငံတကာဆိပ်ကမ်းများသို့ ပြန်လည်ထွက်ခွာသွားကြမည်ဖြစ်သည်။

ကမ္ဘာလှည့် အပျော်စီးသင်္ဘောများဖြင့် ဝင်ရောက်လည်ပတ်ရာ၌ ၂၀၁၄ ခုနှစ်တွင် သင်္ဘောစင်းရေ ၁၈ စင်း ဝင်ရောက်ကာ ကမ္ဘာလှည့်ခရီးသည် ၁၈၆၁၁ ဦး လည်ပတ်ခဲ့၍ ၂၀၁၅ ခုနှစ်တွင် သင်္ဘောစင်းရေ ၂၅ စင်း ဝင်ရောက်ပြီး ကမ္ဘာလှည့်ခရီးသည် ၂၆၀၀၀ ခန့် ဝင်ရောက်လည်ပတ်ခဲ့သောကြောင့် ၃၈ ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရှိရသည်။

ယခု ၂၀၁၆ ခုနှစ် နှစ်စတွင်ပင် သင်္ဘောခြောက်စင်း ဝင်ရောက်ရန်ရှိနေသည်ဖြစ်၍ ကမ္ဘာလှည့် အပျော်စီးသင်္ဘောကြီးများဖြင့် ဝင်ရောက်လည်ပတ်မည့် ခရီးသွားဧည့်သည်များ ယခုနှစ်တွင် ပိုမိုတိုးလာနိုင်သည့် အလားအလာကောင်းများရှိနေကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



“သာသနာပျောက်မှာမပူနှင့် အဖျောက်ရှိသည်”ဆိုသည် စကားရပ်ကို စာရေးသူမှာ မေးခွန်းပေါင်းများစွာဖြင့် စိတ်ဝင်စားခဲ့မိပါသည်။ ရည်ရွယ်ချက်အကောင်အထည်ပေါ်လာသည်ဟု ဆိုရမည်ပင်။ တစ်နေ့တွင် စာရေးသူသည် အလုပ်ကိစ္စတစ်ခုဖြင့် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်-ပြည် ကားလမ်းမှတစ်ဆင့် ဥတိုလမ်းဆုံး ပေတစ်ရာနိုင်လွန်ကတ္တရာလမ်းမကြီးအတိုင်း အဖျောက်မြို့သို့ မှန်လုံလိုင်းကားယာဉ်ဖြင့် ချောမွေ့စွာရောက်ရှိခဲ့သည်။

# အဖျောက်မြို့ရှိ အံ့ဖွယ်ကျောက်စာအုပ်ကြီးများဆီသို့ ခရီးတစ်ခေါက်

သတင်းဆောင်းပါးနှင့်
ဓာတ်ပုံ-မျိုးမင်းသိန်း(မရမ်းကုန်း)

မြို့လေးသည် သေးငယ်ပြီး ဧရာဝတီမြစ်၏အရှေ့ခြမ်းတွင်တည်ရှိသော်လည်း နေအိမ်များသည် စုစည်းပြီး စနစ်ကျလှသဖြင့် စည်ကားနေကြောင်း ကားပေါ်မှ လှမ်းမြင်နေရသည်။ ကားဂိတ်ရောက်ကာ ယာဉ်ပေါ်မှ ဆင်းလိုက်ပြီး ရှေ့နားအနည်းငယ် လမ်းလျှောက်လိုက်သော် မလှမ်းမကမ်းတွင် လောကမာရ်အောင်ဘုရားကြီး အဖျောက်မြို့ဆိုသည့် စာတန်းကြီးကို ရွှေရောင်စာလုံးများဖြင့် မုခ်ဦးထိပ်တွင် ခံ့ညားသစ်လွင်စွာ တွေ့လိုက်ရသည်။

စာရေးသူလည်း စိတ်ဝင်တစားရှိလှ၍ မုခ်ဦးအဝမှ တစ်ဆင့်အတွင်းသို့ဝင်ခဲ့ရာ ပရိဝုဏ်အကျယ်အဝန်း ခြောက်ဧကခန့်ရှိကြောင်း ခန့်မှန်းမိသည်။ အတွင်း၌ သံအမိုး၊ သံတိုင်များဖြင့် သေသပ်စွာပြုလုပ်ထားသော အရှည် ၄၂၆ ပေရှိ နတ်လမ်းကြီးအတိုင်း လမ်းလျှောက်ရင်း ဘေးဝဲ/ယာတွင် စိုပြည်စိမ်းလန်းသော မြက်ခင်းပြင်ပန်း အလှများနှင့် လှပသေသပ်သော အဖြူရောင်အုတ်တိုက် အဆောက်အအုံများကို တွေ့ရသည်။

နတ်လမ်းအဆုံးရောက်သည်နှင့် သံတိုင်၊ သံတံခါး၊ သံအမိုးများဖြင့် အခိုင်အမာ ထူးခြားသစ်လွင်စွာ တည်ဆောက်ထားသော ဂန္ဓကုဋိတိုက်ကျောင်းသံတန်ဆောင်းတော်ကြီးအတွင်း လောကမာရ်အောင်ဘုရားကြီးနှင့် ရုပ်ပွားတော်လေးဆူအား ရှေးမူမပျက် ကြည်ညိုဖွယ် ဖူးမြော်သဒ္ဓါပွားများမိသည်။

ဆက်လက်၍ သံတန်ဆောင်းတော်ကြီး၏ ယာဘက်တွင် ကျောက်စာတိုက် အမှတ်(၁) ကျောက်ချပ်ရေ ဝိနည်း(၅၈)ချပ် ဆိုင်းဘုတ်နှင့်အတူ ကျောက်စာချပ်များ၊ ဝဲဘက်တွင် ကျောက်စာတိုက်အမှတ်(၂)ကျောက်ချပ်ရေ ဝိနည်း(၅၄)ချပ် ဆိုင်းဘုတ်နှင့်အတူ ကျောက်စာများအား သံဘီလပ်တံခါးများ၏ အထဲတွင် ထူးခြားစွာတွေ့မြင်ခဲ့ရပါသည်။ ကျောက်စာများသည် စကျင်ကျောက်အမျိုးအစားဖြစ်ပြီး မြန်မာဘာသာဖြင့် လက်ရာမြောက်စွာရေးထိုးထားကြောင်း သိရသည်။ ဘုရားဖူးပြည်သူများ မည်သူမဆို အလွယ်တကူ ဖတ်ရှုဖူးမြော်ကြည်ညိုနိုင်သည်။

ထိုမှတစ်ဆင့် သံတန်ဆောင်းတော်ကြီး၏ ဘယ်ဘက်မြက်ခင်းပြင်များမှ သေသပ်လှပသောလျှောက်လမ်းအတိုင်း ဆင်းလာရင်း သုတ္တန်ပိဋကတ်ကျောက်စာတိုက် အမှတ်(၅)ကို တွေ့ရသည်။ ကျောက်စာအချပ်ရေ ၁၄၀ ရှိကြောင်း သိရသည်။ ထိုမှတစ်ဆင့် ညာဘက်အခြမ်းတွင် အဘိဓမ္မာကျောက်စာတိုက် အမှတ်(၃)တွင် ကျောက်စာချပ်ရေ ၂၀၅ ချပ် ထားရှိကြောင်း သိရသည်။ကျောက်စာတိုက် အမှတ်(၄)တွင် သုတ္တန် ၂၆၃ ချပ်အား တွေ့မြင်ရသည်။

ကျောက်စာများသည် သေသပ်ပြီး ယခုပင် လောလော လတ်လတ် ထုလုပ်ထားသည့်အလား ရှေးမူမပျက်တွေ့မြင်ရသည်။ စာရေးသူကိုယ်တိုင်ပင် ယခုရောက်နေသောနေရာ၌ ထိုသို့သော နှစ်ပေါင်းရာပြည့်နီးပါ ကျောက်စာများရှိနေခြင်းကိုပင် အံ့ဩနေမိပါသည်။ အဖျောက်မြို့သည် သာသနာထွန်းကားပြန့်ပွားရေးအတွက် အရေးကြီးသော နေရာတစ်ခုဖြစ်ကြောင်း တွေးထင်ခဲ့မိသည်။ ကျောက်စာတိုက်အမှတ် (၅)၏ ဘေးတွင်လည်း ရှေးဟောင်းသမိုင်းဝင် မဟာသံတန်ဆောင်း လျှောင်းတော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုဖွယ် ဖူးမြော်တွေ့မြင်ခဲ့ရသည်။ ယခုအခါတွင် လှပသေသပ်သော ဘုရားတန်ဆောင်း ပရိဝုဏ်အတွင်း ဘုရားဖူးခရီးသွားများလည်း လာရောက်ဖူးမြော်ကြည်ညိုနေသည်ကိုလည်း တွေ့ရသည်။

ထိုသို့ မူလအလှူရှင် ဦးပွကြီး-ဒေါ်မမတို့မှ ၁၂၇၈ ခုနှစ်မှစတင်ကာ ရှေးမူမပျက် နှစ်ပေါင်း တစ်ရာနီးပါး ခန့်ရှိနေပြီဖြစ်သော လောကမာရ်အောင်ဘုရားကြီးနှင့် ပိဋကတ်ကျောက်စာများသည် အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ ရာသီဥတုဒဏ် သဘာဝဘေးဒဏ်များကြောင့် ယိုယွင်းဟောင်းနွမ်းနေခဲ့သည်။



ယခုအခါတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုမှ လောကမာရ်အောင်ဘုရားကြီးအား ရှေးမူမပျက် ဘက်စုံပြုပြင်မွမ်းမံရာတွင် ဂန္ဓကုဋိတိုက်၊ ပင်မတန်ဆောင်း၊ ဧည့်ကြိုတန်ဆောင်းအမှတ် (၁၊ ၂၊ ၃၊ ၄)နှင့် ကျောက်စာတိုက်(၁၊ ၂)တို့တွင် အမိုးအသစ်မိုးပေးခြင်း၊ ဘက်စုံပြုပြင်ပေးခြင်း၊ ကျောက်စာတိုက် (၃၊ ၄၊ ၅) လျှောက်လမ်းနှင့် လျောင်းတော်မူဘုရားတို့တွင် အမိုးများမွမ်းမံပေးခြင်း၊ မုခ်ဦးမှ လျှောက်လမ်း(နတ်လမ်း)အား ကွန်ကရစ်ခင်းပေးခြင်း၊ ကာရံပေးခြင်း၊ ဘုရားကြီးအား လျှပ်စစ်မီးပူဇော်ပေးခြင်း၊ အုတ်ခွက်များစီပေးခြင်း၊ ကျောက်စာတိုက်(၃) အတွင်းပိုင်းကြမ်းခင်းများ မြှင့်တင်ပေးခြင်း၊ လျှောက်လမ်းများခင်းပေးခြင်း၊ စိမ်းလန်းစိုပြည်သောမြေယာရှုခင်းများအား ဖော်ဆောင်ပေးခြင်းနှင့် ရေမြောင်းများပြုလုပ်ပေးခြင်းတို့အား ဆောင်ရွက်ပေးခဲ့ကြောင်း ကျောက်စာမှတ်တမ်းများအရ သိရသည်။

စာရေးသူမှ ကျောက်စာမှတ်တမ်းများအား လေ့လာအပြီး သံတန်ဆောင်းတော်ကြီးမှ ပြန်အထွက်တွင် ဂေါပကဆရာကြီး ဦးကျော်အေးနှင့် အမှတ်မထင်တွေ့လိုက်ရ၍ ဘုရားကြီးနှင့် ကျောက်စာများ၏ သမိုင်းအကျဉ်းအား မေးမြန်းခဲ့သည်။ မူလအလှူရှင် ဦးပွကြီးနှင့် ဇနီးဒေါ်မမတို့သည့် သာမန်ဈေးသည်များဘဝမှ မြေပိုင်၊ စက်ပိုင် သဘော်ပိုင်သူဌေးများဖြစ်ခဲ့ကြောင်း သိရသည်။ ဦးပွကြီးအား ဖားကူးတောရဆရာတော်က ဗုဒ္ဓအမွေပညာများ သင်ကြားပေးခဲ့ပြီးနောက်ပိုင်း သာသနာထွန်းကား ပြန့်ပွားရေးကို လွန်စွာစွမ်းဆောင်လိုစိတ် ပြင်းပြခဲ့ကြောင်း သိရသည်။

၁၂၇၈ ခုနှစ်အလွန်သည် မြန်မာနိုင်ငံအား အင်္ဂလိပ်နယ်ချဲ့မှ အထက်မြန်မာပြည်တွင် နှစ်ပေါင်း (၆၀) အောက်မြန်မာပြည်တွင် နှစ်ပေါင်း တစ်ရာကျော်အုပ်ချုပ်ခဲ့သည်။ ထိုအချိန်တွင် အထက်မြန်မာပြည် မန္တလေးကုသိုလ်တော်ဘုရား၌ မင်းတုန်းမင်းကြီး၏ ပိဋကတ်ကျောက်စာ အပြည့်အစုံ ၇၂၉ ချပ်ရှိသည်။ အောက်မြန်မာပြည်တွင် မရှိပေ။ ထိုအခြင်းအရာများအား ဘုရားဒါယကာအလှူရှင် ဦးပွကြီးက သာသနာမပျောက်ပျက်ရေးအတွက် မျှော်တွေးကာ ၁၂၇၈ ခုနှစ်တွင် လောက မာရ်အောင် သံတန်ဆောင်းဘုရားကြီးအား တည်ထား ကိုးကွယ်ရန် သံတိုင်သံထည်ပစ္စည်းများအား အင်္ဂလိပ် ဧရာဝတီဖလုပ်တီး သင်္ဘောကုမ္ပဏီဖြင့်သယ်ရာ ဗုဒ္ဓ ဘာသာကို မပြန့်ပွားစေလို၍ သင်္ဘောမှတင်ဆောင်ခွင့်မပေးသောကြောင့် ကိုယ်ပိုင်သင်္ဘော၊ ပြဟ္မာဏခေါ် သင်္ဘောအား ထိုကုမ္ပဏီတွင်တည်ဆောက်ကာ နိုင်ငံခြားမှ သံထည်များအားသယ်ယူခဲ့ပြီး ဘုရားကြီးအားတည်ထား ကိုးကွယ်ခဲ့ကြောင်း သိရသည်။

ဘုရားကြီးကိုးကွယ်ပြီး ရှစ်နှစ်ခန့်အကြာ အောက်မြန်မာပြည်တွင် သာသနာတည်တံ့ခိုင်မြဲရေးအတွက် ဘုရားကြီးဝင်းအတွင်း၌ပင် ကျောက်စာများသွန်းလုပ်ရန် ကြိုးပမ်းခဲ့သည်။ မင်းနှင့်ပြည်သူ ဘုန်းကံချင်းမတူစေလို၍ မင်းတုန်းမင်းကြီး၏ ပိဋကတ်စာများအား ပုံတူယူကာ ကိုးချပ်လျှော့၍ ကျောက်စာချပ် ၇၂၀ ဖြင့် ပိဋကတ်အပြည့်အစုံသွန်းလုပ်ခဲ့သည်။ ၁၂၈၆ ခုနှစ်တွင် မန္တလေးမြို့ စကျင်ဒေသမှ ပညာရှင်များခေါ်ယူကာ ဝိနည်းပိဋကတ်တော် ကျောက်စာ ၁၁၂ ချပ်အား သွန်းလုပ်ခဲ့ကြောင်းသိရသည်။ ထိုကျောက်စာများအား ဧရာဝတီမြစ်ရိုးတစ်လျှောက် သင်္ဘောဖြင့် အဖျောက်သို့သယ်ယူခဲ့သည်။ ထပ်မံ၍ အဘိဓမ္မာ ပိဋကတ်တော်အား ၁၂၉၆ ခုနှစ်တွင်လည်းကောင်း၊ သုတ္တန်ပိဋကတ်တော်အား ၁၂၉၆ မှ ၁၃၁၂ ခုနှစ်တို့တွင်လည်းကောင်း မန္တလေးမှ ကျောက်စာရေးထွင်းကာ ပညာရှင်နှင့် စာတည်း၊ စာပြင် ပညာရှိဆရာတော်များအား အဖျောက်သို့ခေါ်ယူရေးထွင်းခဲ့ရာ ကျောက်စာချပ် ၇၂၀ ပြီးဆုံးခဲ့သည်။ စုစုပေါင်းကျောက်စာရေးထွင်းကာလ ၂၆ နှစ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

အဖျောက်မြို့၏ ရေဘေးဒဏ်အား အကြောင်းပြုကာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ရောက်ရှိကာ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နေက် တပ်မတော်ကာကွယ်ဦးစီးချုပ်က ထိုလောကမာရ်အောင် ဘုရားကြီးအား လာရောက်ဖူးမြော်ကြည်ညိုကာ ဘုရားကြီး၏ သံတန်ဆောင်းတော်ကြီး ယိုယွင်းနေမှု၊ ကျောက်စာတိုက်များတွင် အမိုးများပေါက်ကာ မိုးယိုနေသည့်အဖြစ်များအား တွေ့မြင်ခဲ့ရာ ကြည်ညိုသဒ္ဓါပွားများလိုစိတ်ဖြင့် ဘုရားဂေါပကအဖွဲ့နှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍အလှူခံပြီး ပြင်ဆင်ပေးမည်ဖြစ်ကြောင်း ပြောခဲ့သည်။ ၂၀၁၅ ခုနှစ် ဇွန်လ ပထမပတ်တွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)အဖွဲ့များက ပြင်ဆင်မွမ်းမံခဲ့ပြီး သုံးလခန့်အကြာတွင် ပြီးစီးခဲ့ကြောင်း သိရသည်။

စာရေးသူအနေဖြင့် ဂေါပကအဖွဲ့ ဆရာကြီး၏ ရှင်းလင်းပြောကြားချက်အရ ကြည်ညိုဖွယ် လောကမာရ်အောင်ဘုရားကြီးနှင့် ကျောက်စာများ၏ သမိုင်းရာဇဝင်အကျဉ်းအား သိခဲ့ရသည်။ ယခုအခါတွင် ထိုလောကမာရ်အောင်ဘုရားကြီးနှင့် ပိဋကတ်ကျောက်စာတော်များသည် နောင်လာမည့် နှစ်ပေါင်းများစွာတွင် ရေရှည်တည်တံ့နေမည်ဖြစ်သည်။

ထိုဆောင်ရွက်ချက်အပေါ် အဖျောက်မြို့ပေါ်နေ မြို့မိမြို့ဖများ စုပေါင်းကာ ကျေးဇူးတင်သာဓုခေါ်ဆိုကြောင်း ဝိုင်းဝန်းပြောကြားကြသည်။ ယခုအခါ သစ်ပင်ပန်းမန်အလှများဖြင့် စိမ်းလန်းစိုပြည်လျက်ရှိသော ဘုရားကြီးပရိဝုဏ်နှင့် သမိုင်းဝင်ပိဋကတ်ကျောက်စာများ ရှိရာသို့ ပြည်တွင်းပြည်ပ ခရီးသွားများ လာရောက်ဖူးမြော်ကြည်ညိုလေ့လာနိုင်ပြီးဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် အောက်မြန်မာပြည်အတွက် “သာသနာပျောက်မှာ မပူနှင့် အဖျောက်ရှိသည်ဆိုသည့်” စကားသည် လွန်စွာမှပင် ပြည့်စုံမှန်ကန်ခဲ့ပေပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# နေရောင်ခြည်ရဲ့ စွမ်းပကား

**ဘာသာပြန်-ကလျာမိုးမြင့်**

ခေတ်သစ်ကမ္ဘာမှာနေထိုင်ကြတဲ့ လူသားတွေအဖို့ နေရောင်ခြည်နဲ့ပတ်သက်တဲ့ သတိပေးတားမြစ်ချက်တွေ၊ ခြိမ်းခြောက်မှုတွေက စုံလင်လှပါတယ်။ သဘာဝနေရောင်ဟာ ခန္ဓာဗေဒကို ကောင်းစွာအကျိုးသက်ရောက်မှုတွေများစွာရှိတာကို မေ့လျော့နေကြပါတယ်။ အနောက်နိုင်ငံတွေမှာ ရှေးဟောင်းဂရိလူမျိုးတွေဟာ နေရောင်ခြည်ကုထုံးကို ခေတ်အဆက်ဆက်အသုံးပြုလာကြတဲ့ သမိုင်းစဉ်လာရှိခဲ့ပါတယ်။ ဟီလီရိုဆစ် ( )လို့ ခေါ်တွင်ပြီး ယနေ့အခါမှာတော့ ဟီလီရိုသရက်ဖီ ( ) လို့ခေါ်ပါတယ်။

**ကင်ဆာဖြစ်ပွားနှုန်းကို နည်းပါးစေ**

သဘာဝနေရောင်နဲ့ထိတွေ့ခြင်းရဲ့ အထင်ရှားဆုံးကောင်းကျိုးကတော့ ခန္ဓာကိုယ်အတွင်းမှာ လိုအပ်တဲ့ ဗီတာမင်ဒီဖြည့်စွက်မှုကို မြှင့်တင်ပေးတာပါပဲ။ နေရောင်ထဲကထွက်လာတဲ့ ခရမ်းလွန်ရောင်ခြည်နဲ့ ထိတွေ့လိုက်တဲ့အခါ အရေပြားက တုံ့ပြန်တဲ့အနေနဲ့ ဗီတာမင်ဒီကို ထုတ်လုပ်ပါတယ်။ နေဓာတ်လို့ခေါ်တဲ့ ဗီတာမင်ဒီဟာ အူမကြီးကင်ဆာ၊ ကျောက်ကပ်နဲ့ရင်သားကင်ဆာဖြစ်ပွားမှုများကို ကာကွယ်ပေးတယ်လို့ လေ့လာတွေ့ရှိမှုများက ဆိုထားပါတယ်။ အာရုံကြောဆိုင်ရာရောဂါများ၊ နှလုံးသွေးကြောဆိုင်ရာရောဂါများနဲ့ ခုခံအားစနစ်ဆိုင်ရာရောဂါများဟာ နေရောင်ခြည်ဗီတာမင်ဒီချို့တဲ့မှုနဲ့ ဆက်စပ် နေပါတယ်။ ဗီတာမင်ဒီပါဝင်ပေါင်းစပ်ထားတဲ့ ကင်ဆာကုထုံးတွေဟာ လူနာတွေရဲ့အခြေအနေကို တိုးတက်ကောင်းမွန်စေပါတယ်။ အမေရိကန်ဆေးပညာရှင် ဒေါက်တာဇိန်းကီမီဟာ သူ့ရဲ့လူနာတွေကို ကုသရာမှာ နေစာလှုံခြင်းနဲ့ ဖြည့်စွက်အာဟာရစားသုံးခြင်းကို သုံးလေ့ရှိပါတယ်။ ဒေါက်တာကီမီဟာ သေစေနိုင်လောက်တဲ့ ကုသမှုမျိုးမှာတောင် ကင်ဆာဆဲလ်တွေရဲ့ပျံ့နှံ့မှုကို ရပ်တန့်သွားအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။

**ဗက်တီးရီးယားများကို တိုက်ဖျက်**

ပထမကမ္ဘာစစ်အပြီးမှာ ဂျာမန်စစ်သည်တော်များဟာ ဒဏ်ရာတွေ သက်သာဖို့၊ အနာကျက်စေဖို့နဲ့ ပိုးမွှားတွေကို သန့်စင်စေဖို့ နေရောင်ခြည်နဲ့ ကုသခဲ့ကြပါတယ်။ နေရောင်ခြည်ဟာ အရေပြားရဲ့အတွင်းပိုင်းအထိ ထိုးဖောက်ဝင်ရောက်ပြီး သွေးနဲ့သွေးကြောတွေကို သန့်စင်စေပါတယ်။

အဆီပိတ်ရောဂါ ( ) ခံစားရတဲ့ လူနာတွေဟာ နေရောင်ထိတွေ့မှုဖြင့် ကောင်းမွန်လာကြောင်း ဥရောပဆေးကျမ်းတွေမှာ ဖော်ပြထားပါတယ်။

**ကိုလက်စထရောများကို ပြောင်းလဲစေ**

သွေးအတွင်းမှာ ပါရှိနေတဲ့ ကိုလက်စထရောများစွာကို စတီးရွိုက်ဒ်ဟော်မုန်းနဲ့ မျိုးပွားခြင်းအတွက် လိုအပ်တဲ့ ဟော်မုန်းများအဖြစ်သို့ နေရောင်က ပြောင်းလဲပေးလိုက်ပါတယ်။ နေရောင်ခြည်ဓာတ် မရရှိဘူးဆိုရင် ဆန့်ကျင်ဘက်အနေနဲ့ ဒီဟော်မုန်းတွေဟာ ကိုလက်စထရောများအဖြစ်သို့ ပြန်လည်ရောက်ရှိသွားပါတယ်။ နေရောင်ထိတွေ့မှုကြောင့် သွေးထဲမှာ အောက်ဆီဂျင်ပါဝင်နှုန်းကို တိုးပွားစေကာ တစ်သျှူးများဆီသို့ အောက်ဆီဂျင် ကိုသယ်ဆောင်သွားစေပြီး ကာယလေ့ကျင့်ခန်းတွေပြုလုပ်တဲ့အကျိုးသက်ရောက်မှုနဲ့ အလားသဏ္ဌာန်တူပါတယ်။ သက်လုံကောင်းမှု၊ ကြံ့ခိုင်မှုနဲ့ကြွက်သားများသန်စွမ်းမှုအတွက် နေရောင်ခြည်ဟာ သိပ်ကိုထိရောက်မှုရှိပါတယ်။

**သွေးဖိအားကျဆင်းစေ**

ခရမ်းလွန်ရောင်ခြည် (U )နဲ့ ထိတွေ့မိတဲ့အခါ အရေပြားဟာ နိုက်ထရစ်အက်ဆစ်ဒြပ်ပေါင်းကို ထုတ်လွှတ်ပြီး သွေးဖိအားကိုလျှော့ကျစေပါတယ်။ အီဒင်ဘာ့ဂ်တက္ကသိုလ်က အရေပြားဆိုင်ရာ ပညာရှင်တွေဟာ လူ ၃၄ ဦးကို နေရောင်ခြည်နဲ့မီးအိမ်များရဲ့ အလင်းအောက်မှာထားပြီး သွေးဖိအားအခြေအနေကို လေ့လာခဲ့ကြပါတယ်။ စမ်းသပ်ချက်ရလဒ်ကတော့ နေရောင်ခြည်နဲ့ တစ်နာရီလောက် ထိတွေ့ထားတဲ့သူတွေမှာ သိသိသာသာ သွေးဖိအားကျဆင်းပြီး မီးအလင်းရောင်တစ်မျိုးတည်းကိုသာ ရရှိတဲ့သူတွေမှာ ထူးခြားမှုမရှိပါဘူး။

**ကိုယ်ခံစွမ်းအားကိုမြှင့်တင်ပေး**

နေရောင်ခြည်က ခုခံအားစနစ်ကို တည်ဆောက်ပေးပါတယ်။ နေရောင်ခြည်နဲ့ ထိတွေ့လိုက်တဲ့အခါမှာ လင်ဖိုဆိုက်( )လို့ခေါ်တဲ့ သွေးဖြူဥတွေ တိုးပွားလာပြီး ခန္ဓာကိုယ်ကိုကူးစက်ရောဂါများဝင်ရောက်မှုကနေ တားဆီးကာကွယ်ပေးပါတယ်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆွမ်းဝေယျာဝစ္စအတွက်
၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်အထိ ကျပ်တစ်သိန်းနှင့်အထက်

# အလှူရှင်များစာရင်း

| စဉ် | အလှူရှင်အမည်နှင့်နေရပ်လိပ်စာ | အလှူရငွေ |
|---|---|---|
| ၁။ | ဒေါက်တာသီဟ-ဒေါ်မူမူစံမိသားစုကောင်းမှု၊ အမှတ် ၄၁၊ ပုသိမ်လမ်း၊ စမ်းချောင်းမြို့နယ် | ၂၀၀၀၀၀ိ/- |
| ၂။ | ဒေါ်ခင်မာလာထွန်းကောင်းမှု ( ood me)စားသောက်ဆိုင်၊ မှော်ဘီမြို့နယ် | ၂၀၀၀၀၀ိ/- |
| ၃။ | ဘဒ္ဒန္တသုဇာတ(မဟာသဒ္ဓမ္မဇောတိကဓဇ၊ သံဃသမ္မတိရ၊ မြို့နယ် သံဃနာယကအကျိုးတော်ဆောင်ဆရာတော်) အရှေ့ခါးရိုး ပရိယတ္တိစာသင်တိုက်၊ (၉)ရပ်ကွက်၊ လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း | ၆၀၀၀၀၀ိ/- |
| ၄။ | မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)- ဒေါက်တာဒေါ်တင်လင်းမြင့် မိသားစုနှင့် ဖခင်ဗိုလ်မှူးကြီး၊ သံအမတ်ကြီးဦးမောင်မောင်(ငြိမ်း)နှင့် မိခင်ဒေါ်ခင်ခင်ကြီးတို့အား ရည်စူး၍ သမီးဒေါ်ပြုံးဝေသီ၏ မွေးနေ့ကောင်းမှု | ၁၁၅၀၀၀၀ိ/- |
| ၅။ | ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဝေဠုဝန်ရွှေကျောင်တိုက် ဆရာတော်ဘဒ္ဒန္တမာနိတဦးဆောင်သောတပည့်ဒါယကာ၊ ဒါယိကာမများ၏ သောဋ္ဌသမအကြိမ် တစ်နေ့တာဆွမ်းဆက်ကပ်ခြင်း | ၁၀၀၀၀၀၀ိ/- |
| ၆။ | ဗိုလ်မှူးလှထွန်း(ငြိမ်း)-ဒေါ်တင်လှိုင်မွေးနေ့ကောင်းမှု အမှတ် ၁၃၅၊ 2၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ် | ၄၀၀၀၀၀ိ/- |
| ၇။ | မဆုမွန်မွေးနေ့ကောင်းမှု အမှတ် ၄၁၊ ပုသိမ်လမ်း၊ စမ်းချောင်းမြို့နယ် | ၄၀၀၀၀၀ိ/- |
| ၈။ | ဦးဦးဘာ-ဒေါ်ရင်ရင်သန်းတို့အားရည်စူး၍ အမှတ် ၁၂၊ (ခ/၅)၊ ကန်လမ်း၊ (၁၀)ရပ်ကွက်၊ တံတားဖြူ၊ လှိုင်မြို့နယ် | ၄၅၀၀၀၀ိ/- |
| ၉။ | ဦးအေးသွင်-ဒေါ်အေးဝင်းမိသားစုကောင်းမှု အမှတ်၆၀၃၊ မကွေးလမ်း၊(၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် | ၃၇၀၀၀၀ိ/- |
| ၁၀။ | ဦးစိုးတင့်-ဒေါ်မြဝင်းကြည်မိသားစုကောင်းမှု၊တိုက်(၄/က)၊ အခန်း(၃/က)ပါရမီလမ်း၊ မရမ်းကုန်းမြို့နယ် | ၂၇၀၀၀၀ိ/- |
| ၁၁။ | ဗိုလ်မှူးကြီးလှဖုန်း-ဒေါ်တင်တင်၊သမီး-မဇင်သက်မာမွေးနေ့ကောင်းမှု အမှတ် ၂၊ မေခလမ်းသွယ် ၂၊ မရမ်းကုန်းမြို့နယ် | ၁၅၀၀၀၀ိ/- |
| ၁၂။ | ဒေါ်ကြည်အေး-(ဒေါ်ဘီ)မိသားစုကောင်းမှု အမှတ် ၅၅၉/၂၊ ရေစက်လမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် | ၂၀၀၀၀၀ိ/- |
| ၁၃။ | ကွယ်လွန်သူသမားတော်ကြီးဦးဝင်းအောင်အားရည်စူး၍ ဒေါ်အေးမြင့် မိသားစုကောင်းမှု အမှတ် ၁၃၃/က၊ အပြည်ပြည်ဆိုင်ရာလေဆိပ်လမ်း၊ ကျောက်ရေတွင်းရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် | ၂၅၀၀၀၀ိ/- |
| ၁၄။ | ကွယ်လွန်သူဦးကြည်စွမ်း (၁၇)နှစ်ပြည့်အားရည်စူး၍ ဒေါ်မြမြမိသားစု ကောင်းမှု တိုက် ၁၊ အခန်း ၁၊ ရွှေပုန်းညက်အိမ်ရာ၊ ကမာရွတ်မြို့နယ် | ၄၂၀၀၀၀ိ/- |
| ၁၅။ | ဗိုလ်မှူးမြင့်စန်း-ဒေါ်နန်းခမ်းမိုးအောင် သမီး-မစွက်ရွှေဇင်ရွှန်းလဲ့၏ (၁၃)နှစ်ပြည့်မွေးနေ့ကောင်းမှု | ၂၀၀၀၀၀ိ/- |
| ၁၆။ | ဗိုလ်ကြီးကျော်စိုးမင်း-ဒေါ်သီသီဝင်း၊ သားမောင်ကျော်ဇေယျာဝင်း၊ သမီးမဝင်းပုလဲဖြူ(မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်)၊ ဝမ်းတွင်းမြို့ | ၃၅၀၀၀၀ိ/- |
| ၁၇။ | အဘိုး(ဦးကျော်)-အဘွားဒေါ်ရွှေစိန်အားအမှူးထား၍ သားကြီး မောင်မြင့်ထွန်း၊ မြေး-မထက်ထက်ကျော်(အထည်ဆိုင်)မိသားစုကောင်းမှု၊ ပိတောက်မြိုင်ဈေး၊ လှိုင်သာယာမြို့နယ် | ၂၀၀၀၀၀ိ/- |
| ၁၈။ | ဒေါ်သန်းသန်းနု၊ ဒေါ်ခင်ခင်စံနှင့် ဓမ္မမိတ်ဆွေများ ကောင်းမှု၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၂၀၀၀၀၀ိ/- |
| ၁၉။ | ဦးဇင်းကြီး(ဦးနန္ဒမာလာ)အားရည်စူး၍ ဒေါ်စန်းကြည်မိသားစုကောင်းမှု၊ အမှတ်(က/၁၄၇)၊ စိန်ပန်းမြိုင် ၂ လမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် | ၂၀၀၀၀၀ိ/- |
| ၂၀။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ မောင်ဘုန်းကြွယ်စိုး-မနွေးယုကျော် (ဘုတ်ဘုတ်)မိသားစုကောင်းမှု၊ သာသနာရေးဝန်ထမ်းအိမ်ရာ၊ ကမ္ဘာအေး | ၂၀၀၀၀၀ိ/- |
| ၂၁။ | ဒေါ်သီတာနှင့် မခန့်မှူးနေခြည်တို့၏ မွေးနေ့ကောင်းမှု၊ အမှတ်၄၄/၂၀၈၊ ဘုရင့်နောင်လမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် | ၂၅၀၀၀၀ိ/- |
| ၂၂။ | ကာနယ်မင်းစိန်မွေးနေ့ကောင်းမှု၊ မြောက်ဥက္ကလာပမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၂၃။ | ဦးစိုးတင့်-ဒေါ်မြဝင်းကြည်မိသားစု၊ အမှတ် ၄/က၊ အခန်း ၃/က၊ ပါရမီလမ်း၊ မရမ်းကုန်းမြို့နယ် | ၁၃၀၀၀၀ိ/- |
| ၂၄။ | ကွယ်လွန်သူဦးမြသန်း-ဒေါ်သိန်းသိန်းတို့အားရည်စူး၍ ဦးသိန်းလွင်အောင်မိသားစုကောင်းမှု အမှတ် ၁၂၀၅၊ ဖွဲ့ကပင်လမ်း၊ (၄၃)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၂၅။ | ဒု-ဗိုလ်မှူးကြီးစိန်မော်(ငြိမ်း)ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းသာသနာရေးမှူးရုံး- ဒေါက်တာဒေါ်ခင်စန္ဒာ၊ သမီး-မမြအိအိ မိသားစုကောင်းမှု | ၃၁၀၀၀၀ိ/- |
| ၂၆။ | ဒေါက်တာအောင်မော်မွေးနေ့ကောင်းမှု အမှတ်၈၀/ဏ၊ ကမ္ဘောဇလမ်း သွယ်(၁)၊ ဗဟန်းမြို့နယ် | ၁၅၀၀၀၀ိ/- |
| ၂၇။ | မောင်ဟိန်းကိုကိုအောင်၊ မောင်မင်းမင်းတို့အားရည်စူး ဒေါ်စန်းစန်းကြည် မိသားစု၊ ဦးခင်မောင်ဝင်း-ဒေါ်စန်းစန်းသိန်း မိသားစုကောင်းမှု အမှတ်၄၃/၇၃၊ ၃၆/၇၃၊ ရေတာရှည်လမ်း၊ ဗဟန်းမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၂၈။ | ဒေါ်ငွေလှိုင်(၈၇)နှစ်ပြည့်မွေးနေ့ကောင်းမှု အမှတ် ၃၈၊ မေတ္တာလမ်း၊ (၃၉/ )ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ် | ၁၂၀၀၀၀ိ/- |
| ၂၉။ | ဒု-ဗိုလ်မှူးကြီးသန့်ဇင်(ငြိမ်း)-ဒေါ်ထားထားစိုးမိသားစုကောင်းမှု အမှတ် ၂၃၊ မပိုလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ် | ၂၀၀၀၀၀ိ/- |
| ၃၀။ | ၁၉၈၆ ခုနှစ်(ကျောင်းဆင်း)၊တိရစ္ဆာန်ဆေးကုဆရာဝန်များအဖွဲ့ကောင်းမှု | ၁၀၀၀၀၀ိ/- |
| ၃၁။ | ဦးရဲဝင့်ကျော်-ဒေါ်သီရိမာမိသားစုကောင်းမှု အမှတ်၇၃/က၊တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၃၂။ | မိခင်ကြီးဒေါ်ခင်မျိုးတင့်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု အမှတ် ၁၁၊ လက်ပံလမ်း၊ စမ်းချောင်းမြို့နယ် | ၃၉၅၀၀၀ိ/- |
| ၃၃။ | ကွယ်လွန်သူဒုတိယဗိုလ်မှူးကြီးဝင်းကြိုင်အားရည်စူး၍ ကျန်ရစ်သူ ဒေါ်မြင့်မြင့်မိသားစုကောင်းမှု အမှတ် 105၊ ရွှေစံပယ် ၉လမ်း၊ M C y၊ လှိုင်သာယာမြို့နယ် | ၆၂၀၀၀၀ိ/- |
| ၃၄။ | ကွယ်လွန်သူမိခင်ကြီးဒေါ်ခင်သိန်း (၅)နှစ်ပြည့်အားရည်စူး၍ ကျန်ရစ်သူ ဦးကျော်မြင့်နှင့် မောင်နှမသားသမီးများကောင်းမှု တိုက် ၂၇၊ အခန်း၃၁၄၊ အောင်ဇေယျအိမ်ရာ၊ အင်းစိန်မြို့နယ် | ၂၀၀၀၀၀ိ/- |
| | စုစုပေါင်း | ၁၀၂၈၅၀၀၀ိ/- |

ဆက်သွယ်ရန် ဖုန်းနံပါတ်များ-၀၉-၇၃၁၁၉၅၆၃၊ ၀၉-၂၅၃၃၈၉၇၉၄

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆွမ်းကွမ်းပဒေသာပင်အတွက်
၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်အထိ ကျပ် တစ်သိန်းနှင့်အထက်

# အလှူရှင်များစာရင်း

| စဉ် | အလှူရှင်အမည်နှင့်နေရပ်လိပ်စာ | အလှူရငွေ |
|---|---|---|
| ၁။ | ဦးသင်းမောင်အားရည်စူး၍ ဒေါ်ခင်ခင်မြင့်မိသားစု ကောင်းမှု တိုက်(၂၆၆)၊ အခန်း(၂)၊ (၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ်(၅)၊ အရှေ့ရန်ကင်းမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၂။ | ဦးတင်ဦး-ဒေါ်မြဆင့်၊ သားကြီး ဗိုလ်ကြီးထင်လင်းအောင်၊ ဝေလင်းအောင် မိသားစုကောင်းမှု အမှတ်(၆၄၄)၊ ဗိုလ်မင်းရောင်လမ်း၊ ၄၀ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ် | ၅၀၀၀၀၀ိ/- |
| ၃။ | ကွယ်လွန်သူ ဖခင်ကြီးဦးစိုးမြင့်(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း) အားရည်စူး၍ ဒေါ်နွယ်နွယ်ဦးမိသားစုကောင်းမှု၊အမှတ်(၁၈) သုံးလွှာ၊ ၉၁ ဖြတ်လမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် | ၁၀၀၀၀၀ိ/- |
| ၄။ | ၂၅-၁၁-၂၀၁၅ ရက်တွင်ကွယ်လွန်သွားသော ဖခင်ကြီး ဦးသင်းမောင်အားရည်စူး၍ ဇနီး ဒေါ်ခင်ခင်မြင့်၊ သမီးများနှင့် မြေး ရဲရင့်လွင်ကောင်းမှု၊ တိုက် (၂၆၆)၊အခန်း(၂)၊ (၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ်(၅)၊ အရှေ့ရန်ကင်းမြို့နယ် | ၂၀၀၀၀၀ိ/- |
| ၅။ | ဒေါ်မြင့်မြင့်သန်း တိုက် S ၊ ရွှေပုန်းညက်အိမ်ရာ | ၁၀၀၀၀၀၀ိ/- |
| ၆။ | ဒေါ်ခင်ဇော်ဝင်း မွေးနေ့ကောင်းမှု | ၁၀၀၀၀၀ိ/- |
| ၇။ | မနေဇော်လတ်မွေးနေ့ကောင်းမှု | ၁၀၀၀၀၀ိ/- |
| ၈။ | ဦးစိုးတင့်-ဒေါ်ခင်ပွင့်ဦး၊ သမီး ဒေါ်ဝင့်မာတင့်၊ မြေး မောင်ခန့်ဇော်မော် မိသားစုကောင်းမှု အမှတ်(၅)၊ ၅လမ်း၊ စံရိပ်ငြိမ်၊ ကမာရွတ်မြို့နယ် | ၃၀၀၀၀၀ိ/- |
| ၉။ | ဦးခင်မောင်ထွန်း (၄၉)နှစ်ပြည့်မွေးနေ့ကောင်းမှု၊ အမှတ် (၃၆)၊ ၃၆ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊မြောက်ဒဂုံမြို့နယ် | ၁၅၀၀၀၀ိ/- |
| ၁၀။ | သာသနာ့ရက္ခိတအသင်း မိုးညှင်းမြို့၊ ကချင်ပြည်နယ် | ၁၀၀၀၀၀ိ/- |
| ၁၁။ | ဦးစံလှ-ဒေါ်လှမြင့်တို့မှ နှစ်ဖက်သောမိဘများအမှူးထား၍ အိမ်ထောင်သက်နှစ် (၄၀)ပြည့်အထိမ်းအမှတ်အလှူ၊ သနွေပင်တောင်ပိုင်း၊ သဇင်မြိုင်လမ်း၊ မှော်ဘီမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၁၂။ | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းသန်း-ဒေါ်ရီရီဝင်း မိသားစုကောင်းမှု | ၁၅၀၀၀၀ိ/- |
| ၁၃။ | ဦးကျော်အေးလွင်-ဒေါ်သီတာငွေ၊ သား မောင်စိုင်း နေလွင် မိသားစုကောင်းမှု အမှတ် (၂၄)၊ ဒေါ်သိန်း တင်လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ် | ၁၀၀၀၀၀ိ/- |
| ၁၄။ | ဒေါ်ဖြူဖြူဝင်း မိသားစုကောင်းမှု အမှတ် ၂၁၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ် | ၃၀၀၀၀၀ိ/- |
| ၁၅။ | ဒေါ်ငွေလှိုင် (၈၈)နှစ်ပြည့်မွေးနေ့ကောင်းမှု အမှတ် (၃၈)၊ မေတ္တာလမ်း၊ (၉/ )၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၁၆။ | ဒေါ်သီတာနှင့် မခန့်မှူးနေခြည်တို့၏မွေးနေ့ကောင်းမှု အမှတ် (၄၄/၂၇၈)၊ ဘုရင့်နောင်လမ်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း | ၁၀၀၀၀၀ိ/- |
| ၁၇။ | မိဘနှစ်ပါးဖြစ်သော ဦးခင်မောင်ငွေး-ဒေါ်ယဉ်ယဉ်ဦး တို့အားရည်စူး၍ သားသမီးမြေးမြစ်တစ်စု ကောင်းမှု အမှတ် (၂၄)၊ ဒေါ်သိန်းတင်လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ် | ၂၃၀၀၀၀ိ/- |
| ၁၈။ | ဦးခင်မောင်သန်း-ဒေါ်အုံးတင်တို့အားရည်စူး၍ (ဦးကံထွန်း)-ဒေါ်မေစီမိသားစု၊ ဦးငွေးလွင်-ဒေါ်အေးမူ မိသားစုကောင်းမှု အမှတ် (၈၅)၊ တမာလမ်း၊ ၁၀ တောင်၊ ၁၃ ရပ်ကွက်၊ ရန်ကုန်-သံလျင်တံတားအိမ်ရာဝင်း၊ သာကေတမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၁၉။ | ဒုတိယဗိုလ်မှူးကြီးသန့်ဇင်(ငြိမ်း)-ဒေါ်ထားထားစိုး မိသားစုကောင်းမှု အမှတ် (၂၃)၊ မပိုလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၂၀။ | နှစ်ဖက်မိဘများအမှူးထား၍ ဒေါက်တာအောင်မျိုး သန့်-ဒေါက်တာမြတ်လေး၊ သမီး မေဆန်းအောင် မိသားစုကောင်းမှု အမှတ် (၁၀/က)၊ ဇေယျာသီရိ လမ်း၊ ၁၆ ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ် | ၁၀၀၀၀၀ိ/- |
| ၂၁။ | ဦးစံသိန်း-ဒေါ်ဝင်းကြည် မိသားစုကောင်းမှု၊ တိုက် (၁၃၇/၁)၊ နဝရတ်လမ်း၊ ၂၄ ရပ်ကွက်၊ သုဝဏ္ဏမြို့နယ် | ၁၀၀၀၀၀ိ/- |
| | စုစုပေါင်း | ၄၁၃၀၀၀ိ/- |

ဆက်သွယ်ရန်ဖုန်းနံပါတ်များ - ၀၉-၇၃၁၁၉၅၆၃၊ ၀၉-၂၅၃၃၈၉၇၉၄

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် စံပြ၊ မြေကွက်အမှတ် ၃၄၆၊ မြေကွက်တည်နေရာအမှတ် ၃၄၆၊ စံပြ ၂လမ်း၊ စံပြရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးတင်စိုး ၁၂/သဃက(နိုင်)၀၅၁၈၄၅ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးဝင်းသန်းထွန်း၊ ဒေါ်နိုင်ဇင်မြင့်တို့မှ တရားလိုပြု၍ ဦးတင်စိုး+၂အား(တရားပြိုင်)ထားကာ စွဲဆိုခဲ့သော သဃ်န်းကျွန်းမြို့နယ် တရားမရုံး၊တရားမကြီးမှုအမှတ် ၈/၁၅(၇-၈-၁၅)၏ စီရင်ချက်၊ တရားမ ဇာရီမှု ၂၄/၁၅(၂၄-၉-၁၅)(၃-၁၁-၁၅)ရက်စွဲပါ ဘိလစ် ခန့်စာတင်ပြ၍(ဘိလစ်)ဦးထွန်းထွန်းအောင် ၉/မလန(နိုင်)၀၉၅၇၆၈က တရားရုံးကိုယ်စား အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်မြင့်မြင့်အေးနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးထွန်းခင်သည် မြေတိုင်းရပ်ကွက် ၁၃၆၊ မြေကွက်အမှတ် ၃၄၃၊ ပေ(၄၀×၆၀)ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြေကွက်ပါမစ်ကို ၄င်းအမည်ပေါက်ဖြင့် ပိုင်ဆိုင်ထားခဲ့ပြီး အဆိုပါမြေချပါမစ်မှာပျောက်ဆုံးသွားခဲ့၍ သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။ ၄င်းပါမစ်အား ဦးထွန်းခင်မှာ မည်သူတစ်ဦးတစ်ယောက်ထံသို့ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခဲ့ခြင်းမျိုးမရှိခဲ့ပါ။ ယခုအခါ ၄င်းပါမစ်မှာ ဒေါ်မြင့်မြင့်အေးထံ ရောက်ရှိနေကြောင်း သိရှိရ၍ ကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထား၊ စာချုပ်စာတမ်းများနှင့်တကွ လာရောက်ဖြေရှင်းပါရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စုရည်လှိုင် L.L.B**
**အထက်တန်းရှေ့နေ(စဉ်-၄၃၄၅၀)**
**အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊ မ/ဒဂုံ**
**ဖုန်း-၀၉-၄၂၂၄၄၉၄၂၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၂၃၂၈၇ on S an 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ငွေ ၂/လကန(နိုင်)၀၁၀၉၄၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ခ/၂၂၂၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဂ/၆၈၀၁ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ၂၀၁၅ခုနှစ် ဒီဇင်ဘာလ(၃၁)ရက် (ကြာသပတေးနေ့) နေ့စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ဦးဟိန်းထက်လှိုင် ၁၂/အလန(နိုင်) ၀၄၁၉၈၁(AUSTRALIA)နိုင်ငံသားခံယူထားသူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးကျင်ငွေ (တရားလွှတ်တော်ရှေ့နေ)၊ ဒေါ်ခင်ဝင်းဖြူ (တရားလွှတ်တော်ရှေ့နေ)၊ ဒေါ်ဝင်းဝင်းနိုင် (တရားလွှတ်တော်ရှေ့နေ)တို့၏ မဇင်ဇင်စိုးနှင့် သက်ဆိုင်သူများသိရှိရန် ကြေညာခြင်းအပေါ် အဖြစ်မှန်သိရှိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်မဇင်ဇင်စိုးနှင့် ဦးဟိန်းထက်လှိုင်တို့သည် ၂၈-၃-၂၀၁၅တွင် တရားဝင်လက်မှတ်ရေးထိုးသည့်ရက်မှစ၍ ၄င်း၏မိဘအိမ်နှင့် ကျွန်မဇင်ဇင်စိုး၏ မိဘအိမ်တွင်သာ တစ်လှည့်စီနေထိုင်ခဲ့ပါသည်။ မယူခင်မှယူပြီးသည်အထိ ကိုယ်ထိလက်ရောက်နာကျင်အောင်လုပ်ဆောင်ခြင်းများ အိမ်ထောင်ရေးအဆင်မပြေ စိတ်သဘောထားမတိုက်ဆိုင်ခြင်းများကို မိဘများသိရှိမည်စိုး၍ မြိုသိပ်နေခဲ့သော်လည်း သေချာစွာစဉ်းစားဆုံးဖြတ်၍ ဆက်လက်ပေါင်းသင်းရန် စိတ်ဆန္ဒမရှိတော့ပါသဖြင့် မိဘများနေအိမ်သို့ မိမိသဘောဆန္ဒနှင့် မိမိပြန်လည်နေထိုင်ခြင်းဖြစ်ပါသည်။ ၄င်းဦးဟိန်းထက်လှိုင်ကိုယ်တိုင်သိလျက်နှင့် တမင်လူသိရှင်ကြားကြေညာခြင်းကြောင့် ကျွန်မဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်ခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်းဖြစ်ပါသည်။ ကွာရှင်းခွင့်ကိုလည်း တရားရုံးသို့ ဦးတိုက်လျှောက်ထားမည်ဖြစ်သဖြင့် ထပ်မံ၍ကျွန်မဂုဏ်သိက္ခာထိခိုက် နစ်နာအောင် အသိုင်းအဝိုင်းကြားတွင် မဟုတ်မမှန်ပြောဆိုသတင်းလွှင့်ခြင်း ဖုန်းဖြင့်ပြောဆိုသတင်းလွှင့်ခြင်း မဟုတ်မမှန်ကြေညာခြင်းများကို ဆက်လက်ပြုလုပ်နေပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရင်ဆိုင်သွားမည်ဖြစ်ကြောင်း ပြန်လည်အသိပေးကြေညာအပ်ပါသည်။

**မဇင်ဇင်စိုး ၁၂/ဥကမ(နိုင်) ၁၈၆၅၂၀**

ဒေါ်အေးတင် ၁၂/ပဘတ(နိုင်)၀၂၂၅၂၇၏ လွှဲအပ်ညွှန်ကြားချက်အရ
၂-၁-၂၀၁၆ မြန်မာ့အလင်းသတင်းစာနှင့် ၅-၁-၂၀၁၆ ကြေးမုံသတင်းစာတို့တွင်
ဦးဘိုဘို ဥပဒေအကျိုးဆောင်နှင့် စီးပွားရေးဥပဒေအကြံပေး၊
ဒေါ်ခင်မျိုးကြည်၊ ဒေါ်ဖူးသဉ္ဇာသော်
အထက်တန်းရှေ့နေများ၏ ပြန်လည်ရှင်းလင်းကြေညာခြင်းအပေါ်

## အများသိစေရန် တုံ့ပြန်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့၏အမှုသည်များဖြစ်ကြသော (၁)ဒေါ်နီလာမြတ်ထွန်းအောင်၊ (၂)ဒေါ်အေးအေးမာမြင့်၊ (၃)ဒေါ်ခင်ခင်သင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းဖြစ်ရပ်မှန်များနှင့် တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/စီ၊ မြေကွက်အမှတ် ၁၀၂၊ ဧရိယာ ၀ဒသမ ၃၉၉ ဧကရှိ မြေကွက်သည် ကျွန်ုပ်တို့အမှုသည်များအပါအဝင် မိသားစု(၁၂)စုတို့၏ ဘိုးဘွားများဖြစ်သော ဦးပု-ဒေါ်ခက်တို့အမည်ပေါက် ဘိုးဘွားပိုင်မြေအမျိုးအစားဖြစ်ပါသည်။ ဂရန်မြေမဟုတ်ပါ။ သို့ဖြစ်၍ ဦးမောင်စိန် ၁၂/အစန(နိုင်)၀၅၇၀၄၆နှင့် ဦးဇေယျာဦး ၁၂/အစန(နိုင်)၀၀၉၅၀၁ တို့ ဂရန်အမည်ပေါက်ပိုင်ဆိုင်သည်ဆိုခြင်းမှာ လွဲမှားနေပါသည်။ ဦးပု-ဒေါ်ခက်တို့၏သားစဉ်မြေးဆက်များဖြစ်ကြသော ဦးစိန်ငွေး ပါ(၁၂) ဦးမှ ဦးတင်စိန်ကို ၄-၂-၂၀၁၄ ရက်က စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ရောင်းချခဲ့ပြီးဖြစ်သည်ဟုကြေညာချက်မှာလည်း လွဲမှားနေပါသည်။ ဦးတင်စိန်သည် နိုင်ငံတော်ပြစ်မှုပုဒ်မများဖြင့် အရေးယူခံရစဉ် ၄င်းစွဲဆိုထားသော တရားမဇာရီမှုအမှတ် ၈၅/၂၀၀၂ကို ဆိုင်းငံ့ထားပါရန် လျှောက်ထားရာ ယခင်ရန်ကုန်တိုင်းတရားရုံးက ဆိုင်းငံ့မိန့်ချမှတ်ခဲ့ပါသည်။ ထိုသို့ ဇာရီမှုပြီးပြတ်ခြင်းမရှိမီ ကျွန်ုပ်တို့ အမှုသည်များလက်ဝယ်မှ သိမ်းဆည်းခံခဲ့ရခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့အမှုသည်များအပါအဝင် ၁၂ ဦးတို့က ဦးတင်စိန်အား လွှဲအပ်ပေးခဲ့ရခြင်းလည်းမရှိခဲ့ပါ။ ဦးတင်စိန်အနေဖြင့် အထက်ဖော်ပြပါမြေကွက်ကို လက်ဝယ်ရရှိပိုင်ဆိုင်ခဲ့ခြင်းလည်းမရှိပါ။ ဦးတင်စိန် အမည်ပေါက်ခဲ့ခြင်းလည်း မရှိခဲ့ပါ။ သို့ဖြစ်ပါလျက် ဦးတင်စိန်ပိုင်ပစ္စည်းဖြစ်သည်ဟု ကျွန်ုပ်တို့အမှုသည်များ အပါအဝင် မိသားစု(၁၂)စု မိသားစုဝင်စုစုပေါင်း ၇၀ကျော် ဘိုးဘွားစဉ်ဆက် လက်ရှိထားနေထိုင်လျက်ရှိသည့် အိမ်မြေများအား ပြည်သူပိုင်အဖြစ် သိမ်းဆည်းခံခဲ့ရခြင်းသာဖြစ်ပါသည်။ ကျွန်ုပ်တို့အမှုသည်များက နစ်နာ ဆုံးရှုံးမှုများတင်ပြပြီး ပြန်လည်လက်ရောက် ရရှိရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများထံ တင်ပြလျှောက်ထားရာ သက်ဆိုင်ရာအဖွဲ့အစည်းမှ လူတွေ့စစ်ဆေးပြီးနောက် ၁၁-၁၂-၂၀၁၅ ရက်က ကွင်းဆင်းစစ်ဆေးပြီးလည်းဖြစ်ပါသည်။

ကျွန်ုပ်တို့အမှုသည်များ၏ ဘိုးဘွားပိုင်မြေကွက်ပြန်လည်ရရှိရေး လျှောက်ထားမှုအပေါ် ပြန်ကြားချက်တစ်စုံတစ်ရာရရှိခြင်းမရှိသေးမီလက်ရှိအနေအထားများမှ တစ်ဆင့်ပြန်လည်လွှဲပြောင်းရောင်းချခြင်း၊ အဆောက်အအုံသစ်ဆောက်လုပ်ခြင်းများ မပြုလုပ်ရန်အတွက် တားမြစ်ကြောင်း အများသိစေရန် ရှင်းလင်းတုံ့ပြန်ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်ချက်အရ-**

| | | |
|---|---|---|
| **ဦးမျိုးမောင်မောင်စိုး** | **ဦးစိုးသိန်း** | **ဦးညီညီစိုး** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(၁၀၂၈၄)** | **(၄၂၉၀)** | **(၉၈၃၂)** |

**အမှတ် ၅၀၊အခန်း(အေ-၁၄)၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့**
**တိုက်၁၇၊ အခန်း၁၊ ကြို့ကုန်းရိပ်သာ၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့**

**အဓိပတိ L**
**အမှတ် ၅၅၊ အခန်း ၄၊မြေညီထပ်၊မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၃၁၂၁၆၈၄၊၀၉-၇၃၁၆၁၃၁၈၊၀၉-၇၃၁၇၃၉၆၃**

**GOLDEN STAR** ခရီးသွားလုပ်ငန်း
◆ ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်
Ph: 209200, 544383, 430480, 705968, 703448

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန (အဆိုပြုလွှာများ တင်သွင်းရန်ဖိတ်ခေါ်ခြင်း)

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (　　)မှ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုန်သွယ်မှုဆိုင်ရာ အကူအညီပေးရေး အစီအစဉ်　　လုပ်ငန်းစဉ်အောက်ရှိ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ လုပ်ငန်းစီမံကိန်း (　e 1p o ec)အား ၂၀၁၅ခုနှစ်၊ တတိယလေးလပတ်မှစတင်၍ စီမံကိန်းပထမနှစ်အဖြစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၁။ အဆိုပါ　　စီမံကိန်းပထမနှစ်အတွင်း စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ　n　s Proficiency သင်တန်းများအား ဖွင့်လှစ်သင်ကြားနိုင်ရန် လျာထားလျက်ရှိရာ အဆိုပါသင်တန်းများအား သင်ကြားပို့ချရန် စိတ်ပါဝင်စားသည့် သင်တန်းကျောင်း၊ စင်တာများအနေဖြင့် ၂၂-၁-၂၀၁၆ရက် နောက်ဆုံးထား၍ သင်ကြားပို့ချမည့်အစီအစဉ်နှင့် ဈေးနှုန်းအဆိုပြုလွှာများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **သင်တန်းစီမံချက်ကာလ** - ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီမှ ဩဂုတ်လအထိ
(ခ) **သင်တန်းအမျိုးအစားများ** - (၃)မျိုး　e　nne s/　n e med a e/ d　anced
(ဂ) **သင်တန်းအရေအတွက်** - (၉) ခု
(ဃ) **သင်တန်းများဖွင့်လှစ်မည့်နေရာ** - (၁)ရုံးအမှတ် (၃)၊ နေပြည်တော်
- (၂) ကုန်သွယ်မှုသင်တန်းကျောင်း၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
(င) စိတ်ပါဝင်စားသည့် သင်တန်းကျောင်း၊ စင်တာများအနေဖြင့် အဆိုပါသင်တန်းများအတွက် အသေးစိတ်အချက်အလက်များပါရှိသော S a emen o　e u e men s များကို အောက်ဖော်ပြပါတာဝန်ခံများထံ တောင်းယူရရှိနိုင်ပါသည်-

**ဆက်သွယ်ရန်လိပ်စာ** - ဦးကိုကိုလေး၊ ညွှန်ကြားရေးမှူး ကုန်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ် ၃၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၃၁၅၊ ၀၆၇-၄၀၈၄၁၁
ဖက်စ်- ၀၆၇-၄၀၈၃၁၁
ဒေါ်သိန်းနုခိုင်၊ ဒုတိယညွှန်ကြားရေးမှူး ကုန်သွယ်မှုသင်တန်းကျောင်း၊ ရန်ကုန်တိုင်းဒေသကြီးရုံး ကုန်သွယ်ရေးဦးစီးဌာန၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၇၁၂၀၄၊ ၀၉-၅၁၂၄၄၇၆
ဖက်စ်- ၀၁-၂၅၀၈၇၁

---

## လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆) ဖြင့် ပစ္စည်းလေးပါး ဒါယိကာမ **ဒေါ်ခိုင်သက်မွန်** (ဒါရိုက်တာ)ဆုထူးပန်ကျောက်မျက်ကုမ္ပဏီအား သာသနာတော်ဆိုင်ရာ **သုဓမ္မသီရီ** ဘွဲ့တံဆိပ်အား ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် သာသနာ့အကျိုးကို ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့အပ်ပါသည်။

**မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် နေပြည်တော်၊ ပျဉ်းမနားမြို့**

---

## ရောင်းမည်

ပုသိမ်လေယာဉ်ကွင်းအနီး ရော်ဘာခြံ
**ဖုန်း-၀၉-၇၃၁၃၀၃၁၆**

---

## ဖခင်အမည်မှန်

လားရှိုးမြို့၊အလက(၇)၊ သတ္တမတန်းမှ မောင်မြင့်လွင်၏ ဖခင်အမည်မှန်မှာ ဦးကြာယွင်ဖြစ်ပါသည်။ **ဦးကြာယွင်**

---

## ပျောက်ဆုံးကြောင်း

ဦးအပ္ပဒူဂနီ၁၀/မလမ(နိုင်)၁၆၀၄၁၃၏သားမောင်အောင်ကျော်ဦး asspo (o-မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၆၁၈၂၇၀၀**

---

## အထူးလှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆) ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် **အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ထပ်ဆင့်ချီးမြှင့်ခြင်းခံရသော ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းလျက်ရှိပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းကြီးကို ကာယအား၊ ဉာဏအားဖြင့်စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် မဟာသဒ္ဓမ္မဇောတိကဓဇ၊ သီရိသုဓမ္မမဏိဇောတဓရ၊ ဆံတော်ရှင်ဆုလေစေတီတော် ဂေါပကအဖွဲ့ဝင် **ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး-မြောင်းမြ)** မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌအား **အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ** ဘွဲ့တံဆိပ်ချီးမြှင့်ခံရသည့်အတွက် မိသားစုနှင့်အတူ လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါသည်။

**ဦးကြိုင်မြင့်၊ ဦးမျိုးခင်၊ ဒေါက်တာအေးကျော်၊ ဦးရဲသူရသန်းလှိုင်၊ ဗိုလ်မှူးစိုးမြင့်အောင်(ငြိမ်း)နှင့်**
**သုဓမ္မမဏိဇောတဓရ၊ လူမှုထူးချွန်ဒေါက်တာရဲအောင်-သီဟသုဓမ္မသီရီဒေါ်ခင်လဲ့လဲ့ဝင်း**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်တင်မောင်လတ် ၁၀/မလမ(နိုင်)၁၈၄၉၈၂၏ asspo o မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

---

## ပျောက်ဆုံးကြောင်း

ကျွန်မ မမိုးပြာ ၁၀/ခဆန(နိုင်)၁၂၃၃၁၈၏ asspo 0မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးရန်။
**ဖုန်း- ၀၉-၂၅၅၇၂၁၀၅၇**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးချစ် ( 21 2 2 asspo 0 မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၆၈၇၅၈၅၆**

---

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နေ ဦးကျော်စိုးလွင်[၁၄/ဟသတ(နိုင်) ၂၂၀၁၀၈]၏သမီး (အ. မ. က) ဘုရားကြီးကုန်းကျောင်း စတုတ္ထတန်းမှ မမေသဇင်အား မမေဇင်ကျော်ဟု ပြောင်းလဲခေါ်တွင်ပါရန်။ မမေဇင်ကျော်

---

# အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

(၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော် သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၆) ဖြင့် **လူမှုထူးချွန် (ဒုတိယအဆင့်) ဂီတစာဆို ဟသ်ာတမြင့်ငွေ** အား စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့အဖြစ် **"အလင်္ကာကျော်စွာ"** ဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းခြင်း ခံရသည့်အတွက် ဟသ်ာတအသင်း၊ ဥက္ကဋ္ဌ **အလင်္ကာကျော်စွာ ဂီတစာဆို ဟသ်ာတမြင့်ငွေ** နှင့်အတူ လှိုက်လှဲစွာ ဝမ်းမြောက် ဂုဏ်ယူလျက် ရှိကြပါသည်။

- ဟသ်ာတခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့မိ၊ မြို့ဖများ၊ မြို့နယ်သူ၊ မြို့နယ်သားများ
- ဟသ်ာတခရိုင်၊ စက္ကူပါလာဒီဖေါင်ဒေးရှင်း
- ဟသ်ာတမြို့နယ်၊ နယ်လှည့်အခမဲ့ဆေးကုသရေးအဖွဲ့
- ဟသ်ာတမြို့ သံဃဒါနအဖွဲ့ချုပ်
- ဟသ်ာတမြို့ လူမှုရေးအဖွဲ့အစည်းများ

myanmar
national airlines

Fly to
BANGKOK

All-In Fare
139 USD

* Terms and Conditions apply.
* Flights commence on 20 Feb 2016.

1st Month SPECIAL PROMOTION

- 30KG BAGGAGE ALLOWANCE
- MINGALABAR SERVICE FOR BUSINESS AND PREMIUM ECONOMY CLASS
- INFLIGHT MEALS
- INFLIGHT ENTERTAINMENT

Sales from now to 31 Jan 2016. Travel from 20 Feb to 31 Mar 2016

National Airline | Convenient Connections | 30 kg Baggage | Myanmar Meals | Airstream Entertainment | Limousine Option | Fast Track Option

01-378603, 01-377840
104, Kanna Road, Kyauktada Township, Yangon. Myanmar

www.flymna.com
Like us on Myanmar National Airlines

Journey of a lifetime



Ocean
SUPERCENTER

ဂုဏ်ယူဝမ်းမြောက်ခြင်း

မုံရွာမြို့၏ ပထမဦးဆုံး Shopping Center နှင့် **Ocean Supercenter(မုံရွာ)** အား

(17.1.2016) တွင် ဖွင့်လှစ်နိုင်ခြင်းအတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့်

အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

SWEETY HOME INDUSTRY CO.,LTD







## မနေ့ခရမ္မပညာဒါနသင်တန်းများဖွင့်မည်

စမ်းချောင်းမြို့နယ်၊ အရှေ့ဥယျာဉ်တိုက်၊ မနေခရမ္မပညာဒါနကျောင်းတွင် ဝါရင့်ဆရာ/ဆရာမကြီးများကိုယ်တိုင်အင်္ဂလိပ်၊ ပြင်သစ်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ဂျာမန်၊စပိန်၊ထိုင်း၊အီလက်ထရွန်းနစ်၊ဆေးဝါးသုတ၊ဝါယာရိန်း ကွန်ပျူတာသင်တန်း၊စာရင်းကိုင် **LCCI- I+II+III**သင်တန်းများနှင့် ဖုန်းပြင် **Hardware/Software** သင်တန်းများကို ပညာဒါနအဖြစ်သင်ကြားပေးမည်။

| | | |
|---|---|---|
| သင်တန်းအားလုံး | – | ၂၃–၁–၂၀၁၆ ရက်ဖွင့်မည်။ |
| စုံစမ်းရန် | – | အရှေ့ဥယျာဉ်တိုက်၊ဗဟိုလမ်း(ရှမ်းလမ်း) တရားရုံးအနောက်(ဓာတ်ဆီဆိုင်အနီး) ၅၁၈၀၂၄ ၊ ၅၃၇၀၂၆ (စမ်းချောင်း) |

ဆရာမ
ဒေါ်အေးကြွင်
အမှတ်တံဆိပ်
တောရှောင်စီ
အဆီကျဆေး
အဝလွန်သူများ ဤဆေးကိုနေ့စဉ်မှန်မှန်သုံးစွဲပါက ခန္ဓာကိုယ်သွယ်လျ အသီကျ၍ ကျစ်လစ်လှပ အချိုး အစားကျပြီး သွေးသားသန့်စင်အရွယ်တင်လျက် အသားအရေစိုပြည်စေ၍ အကြောတက်ညောင်းညာ ကင်းဝေးကျန်းမာစေတဲ့ဆေး
■ TMR 009371 (0118)

**DAWEI SPECIAL ECONOMIC ZONE MANAGEMENT COMMITTEE AND ITALIAN-THAI DEVELOPMENT (MYANMAR) CO., LTD.**

INVITATION FOR OPEN TENDER

Open Tender is invited for a Myanmar local company to enter into a partnership with Italian-Thai Development (Myanmar) Co., Ltd. for developing and operating the rock production of the Bawah Quarry for the Initial Phase Development of the Dawei Special Economic Zone Project. The tender documents can be obtained upon request by emailing to this address: tender@daweiindustrialestate.com. The proposal, complete in all respects, shall be submitted not later than 15:00 Hr. on Friday 22nd January 2016.

**DAWEI SPECIAL ECONOMIC ZONE MANAGEMENT COMMITTEE AND MYANDAWEI INDUSTRIAL ESTATE CO., LTD.**

INVITATION FOR OPEN TENDER

Open Tender is invited for **Resettlement and Compensation Independent Expert Service** for the Initial Phase Development of the Dawei Special Economic Zone Project. The detail information concerning the tender documents can be obtained upon request by emailing to this address: tender@daweiindustrialestate.com. The proposal, complete in all respects, shall be submitted not later than 17:00 Hr. on Friday 22nd January 2016.

## ရန်ကုန်မြို့တွင်းရှိ အထပ်မြင့် အဆောက်အဦးများအတွက်

M&Eလုပ်ငန်းများဆောင်ရွက်ရန် M&E Contractor များအား ကျွန်ုပ်တို့နှင့် အကျိုးတူလုပ်ငန်းပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ပါသည်။ မိမိတို့၏ကုမ္ပဏီ Profile များနှင့်အတူ အောက်ပါဖုန်းနံပါတ်အတိုင်း အမြန်ဆုံး ဆက်သွယ်ပါ။

ဆက်သွယ်ရန် → 09-421032953
09-795595181
chawsunandaraung.22@gmail.com

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ ၇ လမ်း၊ ယာ၊ တိုက်အမှတ် (၁၆)၊ ပထမထပ် ($B_1$)၊ ခြေရင်းခန်းနှင့်ပတ်သက်၍ ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ သိပ္ပံလမ်း၊ တိုက်အမှတ်(၂၈) လေးလွှာနေ ဒေါက်တာ မီမီဟန် ၁၂/စခန(နိုင်)၀၀၀၈၃၁ က ကြေညာသည်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းမှတ်တမ်းအရ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ၇ လမ်း၊ အမှတ် (၁၆)၊ မြေကွက်အမှတ် (၄၀) သည် မြေငှားစာချုပ် အမှတ် ၁၈၉/၉၇ ဖြင့် နှစ် ၆၀ မြေငှားဂရန်ကို ၁၂/တမန(နိုင်)၀၆၂၂၇၆ ကိုင်ဆောင်သူ ဒေါ်မြိုင်အား ချထားသောမြေကွက်ဖြစ်ပါသည်။အဆိုပါမြေကွက်ကို ဒေါ်မြိုင်သည် ၈–၁၁–၂၀၁၁ရက်တွင် ဒေါ်သန်းသန်းနု ၁၂/ဥကတ(နိုင်)၀၅၀၃၂၅၊ အမှတ် (၂၉၄)၊ ဗြဟ္မာစိုရ်လမ်း၊ ၆ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ နေသူအား ကတိစာချုပ်ဖြင့် အပြီးအပိုင် ရောင်းချခဲ့ပါသည်။ဒေါ်သန်းသန်းနုက ၈–၁–၂၀၁၄ ရက်တွင် ဒေါ်ရီရီထွေး ၁၂/မဂဒ(နိုင်) ၀၄၉၉၃၁ အမှတ် (၂၀)မာလာမြိုင် လမ်း၊ ၁၆ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့နေသူအား မြေနှင့်အဆောက်အအုံကို အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဆက်လက်ရောင်းချခဲ့ပါသည်။ ဒေါ်ရီရီထွေးသည် ဂရန်အမည်ပေါက် ဒေါ်မြိုင်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၂၀၁၄ ခုနှစ်အတွက် နံပါတ် ၈၃၅ ဖြင့်မှတ်ပုံတင်ကာ ရရှိခဲ့ပါသည်။ ၎င်းနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၏ ခွင့်ပြုချက်ဖြင့် ငါးထပ်တိုက်၊ နှစ်ခန်းတွဲ၊ ၁၀ခန်းကို ဆောက်လုပ်ခဲ့ရာ ၁၆–၉–၂၀၁၅ရက်စွဲဖြင့် အဆောက်အအုံပြီးစီးကြောင်း သက်သေခံလက်မှတ်ကို ထုတ်ပေး၍ ရရှိခဲ့ပြီးဖြစ်ပါသည်။ ဆောက်လုပ်ပြီးသော နှစ်ခန်းတွဲအဆောက်အအုံ ပထမထပ် ($B_1$) ခြေရင်းခန်း၊ အကျယ်အဝန်းအားဖြင့် ၁၉ ပေ× ၅၅ ပေကို ဒေါ်ရီရီထွေးထံမှ ကျွန်မ ဒေါက်တာ မီမီဟန်က လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကြေညာစာပါ အခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူသည် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်မထံသို့ဖြစ်စေ ဒေါ်ရီရီထွေးထံ သို့ဖြစ်စေ တရားဝင်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မည်သည့် ကန့်ကွက်ချက်ကိုမျှ လက်ခံစဉ်းစားမည်မဟုတ်ဘဲ ရောင်းဖိုးကျန်ငွေများ ဆက်လက်ပေးချေ၍ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူသွားမည်ဖြစ်ပါသည်။

**ဒေါက်တာမီမီဟန်**
**ဖုန်း–၀၉–၂၅၀၆၃၈၀၁၇**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၅လမ်း၊ အမှတ် ၇နေ ဦးမြင့်ဦး–ဒေါ်ရွှေရွှေဝင်းတို့၏ တတိယသား မောင်နိုင်ဝင်းအောင် M -၀၃၇၅၁၀သည် မိဘများ၏ ဆိုဆုံးမမှုကို နားမထောင်သည့်အပြင် ခွင့်မလွှတ်နိုင်သည့်ကိစ္စများကို ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်လိုက်ပြီးဖြစ်ပါကြောင်း၊ မောင်နိုင်ဝင်းအောင်နှင့်ပတ်သက်သည့်မည်သည့်ကိစ္စရပ်အဝဝကို လုံးဝ (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးမြင့်ဦး–ဒေါ်ရွှေရွှေဝင်း**

# ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို ခိုင်မာသည်ထက်ခိုင်မာအောင်တည်ဆောက်ပြီး အနာဂတ်မျိုးဆက်သစ်များအတွက် အမွေကောင်းတစ်ခုအဖြစ် ချန်ရစ်ထားနိုင်ရေးကြိုးပမ်း

**နေပြည်တော် ဇန်နဝါရီ ၁၆**

ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံဆွေးနွေးမှု စုစည်းချက်များ လွှဲပြောင်းအပ်နှံခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) ဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက် အမှာစကား ပြောကြားသည်။

ရှေးဦးစွာ သဘာပတိ ဦးအောင်မင်းက ယခုညီလာခံကြီးသည် မိမိတို့အားလုံး လက်တွဲလျှောက်လှမ်းရဦးမည့် ခရီးရှည်ကြီး၏ ပထမခြေလှမ်းဖြစ်ပါကြောင်း၊ အစကနဦးဖြစ်သည့်အတွက် ဆုံးဖြတ်ချက်များ၊ အဖြေများ၊ ရလဒ်များထက် မိမိတို့ အင်အားအသီးသီး၏ လိုလားချက်များ၊ ဆန္ဒများနှင့် သဘောထားများကို တစ်ဖက်နှင့်တစ်ဖက် သိရှိစေရန် စုစည်းဆွေးနွေးခြင်းဖြစ်ပါကြောင်း။

နောင်တာဝန်ယူမည့် အစိုးရအနေဖြင့်လည်း ယနေ့ မိမိတို့ အားလုံး အတူတကွ လက်တွဲတည်ဆောက်ခဲ့သည့် ငြိမ်းချမ်းရေးအခြေခံအုတ်မြစ်အပေါ် အခြေခံပြီး စာမျက်နှာ ၃ ကော်လံ ၁ ❖



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)



ဓာတ်ပုံ-ဖိုးသော်ဇင်

ရတနာပုံအသင်းမှ ဝီလျံနှင့် လှိုင်းဘိုဘိုတို့ ဂိုးသွင်းရန် ကြိုးပမ်းစဉ်။

## ရတနာပုံအသင်း မထင်မှတ်ဘဲ သရေကျ

**ရန်ကုန် ဇန်နဝါရီ ၁၆**

၂၀၁၆ N အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂) ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပရာ ရတနာပုံအသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့ သရေကျသွားပြီး အသင်းနိုင်ပွဲရခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ရတနာပုံအသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့ ဂိုးမရှိသရေကျသွားသည်။ ယနေ့ကျင်းပသော ပွဲစဉ်များတွင် နှစ်ပွဲစလုံးမထင်မှတ်သည့် ရလဒ်များထွက်ပေါ်ခဲ့ပြီး ပွဲစဉ်(၁)၌ အနိုင်ရထားသော ရတနာပုံနှင့် စာမျက်နှာ ၁၄ ကော်လံ ၁ ❂

## ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရာတွင် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များဟု သတ်မှတ်ထားသော်လည်း ရခိုင်ပြည်နယ်၌ ကောက်သင်းကောက်နည်းဗျူဟာအတိုင်း တိုက်ကျွေးမည်

ကိုကြီးစော

**စစ်တွေ ဇန်နဝါရီ ၁၆**

မြန်မာနိုင်ငံ၌ ပိုလီယိုရောဂါအမြစ်ပြတ် ကင်းဝေးစေရေးအတွက် နည်းဗျူဟာအမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ( D ) ဟု သတ်မှတ်ထားသော်လည်း ရခိုင်ပြည်နယ် ၁၇ မြို့နယ်နှင့် ယခင်က တိုက်ကျွေးပေးခဲ့သော မြို့နယ်ငါးခု၌ ယခင်လများက တိုက်ကျွေးပေးခဲ့သော အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းနည်းဗျူဟာအတိုင်း တိုက်ကျွေးပေးမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

အသွင်ပြောင်းပိုလီယိုရောဂါပိုးကို ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ၂၀၁၅ ခုနှစ်အတွင်းက နှစ်ကြိမ်တွေ့ရှိခဲ့ရာ ရခိုင်မြို့နယ် ၁၀ မြို့နယ်နှင့် အိမ်နီးချင်းတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်ငါးခု၌ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်အထိ ပထမအကြိမ်အဖြစ် လည်းကောင်း၊ ရခိုင်ပြည်နယ်တစ်ခုလုံး (၁၇ မြို့နယ်)နှင့် ယခင်တိုက်ကျွေးပေးခဲ့သော ဒေသများမှ ငါးမြို့နယ်၌ ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ဒုတိယအကြိမ်အဖြစ် လည်းကောင်း အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ စာမျက်နှာ ၁၁ ကော်လံ ၁ ❄


ယနေ့ မာတိကာ

ဘာကီနာဖာဆို မြို့တော်ကို အစွလာမ္မစ်စစ်သွေးကြွများ တိုက်ခိုက်၊ အနည်းဆုံး လူ ၂၀ သေဆုံးပြီး ၃၀ ပြန်ပေးဆွဲခံရ စာ ➤ ၄

...........

တူးပို့ စကားလုံးအား TUBORG ဘီယာ တံဆိပ်တွင် အသုံးပြုမှု မြို့မငြိမ်း မိသားစု သဘောမတူ စာ ➤ ၁၂


## စပါးတို့ အိမ်ကွင်း၌ ဂိုးပြတ်အနိုင်ရ

■ သီဟ-ရေးသည်

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၂၂)မှ အစောဆုံးပွဲစဉ်အဖြစ် စပါးနှင့် ဆန်းဒါးလန်းတို့သည် ဇန်နဝါရီ ၁၆ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်စပါးအသင်း လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

ယင်းပွဲတွင် နှစ်သင်းစလုံး ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ကြသည်။ အိမ်ရှင် စပါးအသင်းသည် အန်ဂျီးနှင့် ပရစ်ချတ်တို့ မပါဝင်ဘဲ အဓိကကစားသမားများ ပါဝင်လာခဲ့သည်။ စပါးပွဲထွက်စာရင်းတွင် ဟယ်ရီကိန်း၊ အဲရစ်ဒီယာ၊ အဲရစ်ဆန်၊ အလီ၊ လာမယ်လာ၊ ဒမ်ဘီလီ၊ ဒန်နီရို့စ်၊ ဗာတွန်ဂန်၊ အယ်ဒါဝိုင်ယာ၊ ထရစ်ပီယာနှင့် ဂိုး-ဟူဂိုအယ်လိုရစ်တို့ ပွဲထွက်ခဲ့သည်။ တန်းဆင်းဇုန်ထဲမှ ရုန်းကန်နေရသည့် ဧည့်သည် ဆန်းဒါးလန်းအသင်းသည် ဒီဖိုး၊ ကတ်တာမိုး၊ ရန်းအမ်ဗီလာ၊ ဂရာဟမ်၊ ဂျာရီမိန်းလန်းစ်၊ အဒမ်ဂျွန်ဆင်၊ ဘောလီဂျီးနက်စ်၊ ဗန်အန်ဟော့၊ ဘရောင်း၊ ဂျွန်အိုရှေးနှင့် ဂိုး-ဂျော်ဒန်ပစ်ဖို့ဒ်တို့ ပါဝင်ခဲ့သည်။ စာမျက်နှာ ၁၄ ကော်လံ ၃ ❍


